# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# (၂၁) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
## (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၃ ဦးရှိတဲ့အနက် ၃၈၄ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၀.၇၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၃-၁၁-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့သို့ တက်ရောက်မည့်ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၃ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၈၄ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၃၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၃၉ ဦးအနက် ၁၇ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၂ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၃ ရက်၊

(၂) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁ ရက်၊

(၃) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၄) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၅) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၆) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၇) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၈) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၉) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၁၀) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၁၁) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၁ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၃) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၄) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၅) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၂ ရက်၊

(၁၆) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၁၇) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ခွင့် ၁ ရက်၊

(၁၈) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၁၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၂ ရက်၊

(၂၀) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၁ ရက်၊

(၂၁) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၁ ရက်နှင့်

(၂၂) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊

ယနေ့ခွင့်ပြုထားသူ ၂၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**နေပြည်တော်ရှိ အားကစားကွင်း/ရုံ(Sport Complex) များအား မည်သို့ဆက်လက်အသုံးချသွားမည်နှင့်ကျောင်းသားအားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပသွားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအေးမြင့် (ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အားကစားဆိုင်ရာမေးခွန်းနှစ်ခုမေးမြန်းသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ မြန်မာ့အားကစားတိုးတက်မြင့်မားလာရေးအတွက် နေပြည်တော်မှာရှိတဲ့ အားကစားကွင်း၊ အားကစားရုံ (Sport Complex) များကို အကျိုးရှိရှိဘယ်လိုဆက်လက်အသုံးချသွားမည်နည်း။ ဒုတိယမေးခွန်းကတော့ အမျိုးသားအားကစားပြိုင်ပွဲများနှင့် ကျောင်းသားအားကစားပြိုင်ပွဲများကို နိုင်ငံတော်မှာဆက်လက်ကျင်းပသွားဖို့ အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းများပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံမှာ အားကစားကဏ္ဍဟာ သာမန်အားဖြင့်ကြည့်မယ်ဆိုရင် အသေးအဖွဲလို့ယူဆနိုင်သော်လည်းပဲ နိုင်ငံနှင့်ယှဉ်လာရင်တော့ နိုင်ငံရဲ့ဂုဏ်သိက္ခာနှင့် များစွာသက်ဆိုင်တဲ့အတွက်ကြောင့် အလွန်ပင်အရေးကြီးလာရတဲ့အချိန်ပင် ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအသီးသီးဟာလည်း ၎င်းတို့နိုင်ငံရဲ့ဂုဏ်သိက္ခာအတွက်လည်းကောင်း၊ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်အဖြစ်လည်းကောင်း၊ နိုင်ငံအတွင်းမှာရှိတဲ့ပြည်သူများရဲ့ ကျန်းမာကြံ့ခိုင်မှုနှင့်စည်းလုံးညီညွတ်မှုစွမ်းအားများ ဖော်ထုတ်ပြသမှုအဖြစ်လည်းကောင်း အားကစားကဏ္ဍကို အဖက်ဖက်မှမြှင့်တင်နေကြတာကို ကျွန်တော်တို့တွေ့မြင်နေကြရပါတယ်။ ဒီလိုအားကစားကဏ္ဍကိုမြှင့်တင်တဲ့နေရာမှာ ထူးချွန်တဲ့အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေး၊ အရည်အချင်းရှိတဲ့အားကစားနည်းပြများပေါ်ထွက်ရေး၊ အဆင့်မီကောင်းမွန်တဲ့ အားကစားကွင်း၊ အားကစားရုံများ ပြည့်စုံလုံလောက်အောင်တည်ဆောက်ပေးရေးနှင့် အားကစားအထောက်အကူပြုပစ္စည်းများနှင့် အားကစားပစ္စည်းများ ပြည့်စုံလုံလောက်စွာရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိနေကြပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ယခုအခါမှာမကြာမီကျင်းပတော့မယ့် အိမ်ရှင်အဖြစ်ကျင်းပမယ့် (၂၇) ကြိမ်မြောက်အားကစားပြိုင်ပွဲအတွက် လိုအပ်တဲ့အားကစားကွင်း၊ အားကစားရုံတွေကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ ငွေဆောင်ကမ်းခြေတွေမှာ အဆင့်အတန်းမြင့်မားစွာနဲ့ နိုင်ငံတကာ အဆင့်မီနိုင်ငံတော်မှတည်ဆောက်ထားပြီးဖြစ်တာကို ကျွန်တော်တို့တွေ့မြင်ကြရပါတယ်။ အဲ့ဒီ အားကစားကွင်း၊ အားကစားရုံများကို အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ပြီးဆုံးတဲ့အခါမှာ နိုင်ငံအတွက်အကျိုးရှိအောင် စနစ်တကျဆက်လက်အသုံးချသွားဖို့ အထူးပဲလိုအပ်လှပါတယ်။ ဒီနေရာမှာ ဥပမာအားဖြင့်တင်ပြရမယ်ဆိုရင် ၂၀၀၉ ခုနှစ် (၂၅) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပခဲ့တဲ့ လာအိုနိုင်ငံဟာ ပြိုင်ပွဲမတိုင်မီတည်ဆောက်တဲ့အားကစားကွင်း၊ အားကစားရုံများကိုပြိုင်ပွဲပြီးစီးတဲ့နောက်မှာ ပြန်လည်အသုံးချနိုင်မှု၊ ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းတဲ့အတွက်ကြောင့် ခြုံနွယ်ပိတ်ပေါင်းများနဲ့ ပျက်စီးယိုယွင်းတဲ့အခြေအနေများရှိကြောင်း လေ့လာသိရှိရပါတယ်။ ဒါ့ကြောင့်မြန်မာနိုင်ငံအနေနဲ့ ယခုတည်ဆောက်ပြီးစီးခဲ့တဲ့ နိုင်ငံတကာအဆင့်မီ အားကစားကွင်း၊ အားကစားရုံတွေကို ယခုကျင်းပမယ့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၎င်းနောက်တစ်ဆက်တည်းကျင်းပမည့် အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွေကို ကျင်းပပြီးစီးတဲ့နောက်မှာ မည်ကဲ့သို့အကျိုးရှိရှိ ဆက်လက်အသုံးချသွားမယ်ဆိုတဲ့ အစီအမံကိုသိရှိလိုပါကြောင်း ပထမမေးခွန်းအဖြစ်မေးမြန်းအပ်ပါတယ်။ ဒုတိယအနေနဲ့မြန်မာနိုင်ငံမှာ အမျိုးသားအားကစားပွဲတော်ကို (၃) ကြိမ်

ကျင်းပခဲ့တာရှိပါတယ်။ ၁၉၉၂ မှာတစ်ကြိမ်၊ ၁၉၉၄ ခုနှစ်မှာ တစ်ကြိမ်နဲ့ ၁၉၉၇ ခုနှစ်မှာတစ်ကြိမ် ကျင်းပခဲ့တယ်လို့သိရှိရပါတယ်။ အဲ့ဒီအမျိုးသားအားကစားပြိုင်ပွဲများမှာ ပထမအဆင့်ဝန်ကြီးဌာန အသင်းများ၊ ဒုတိယအဆင့်ပြည်နယ်/တိုင်းများ၊ တက္ကသိုလ်များ၊ တပ်မတော် (ရေ/လေ)နဲ့ တိုင်းစစ်ဌာန ချုပ်များဆိုပြီးတော့မှ အဆင့်နှစ်ဆင့်ခွဲပြီး ကျင်းပကြောင်းလည်းသိရှိရပါတယ်။ အဲ့ဒါအပြင် ကျောင်း သားအားကစားပွဲတော်များကိုလည်း (၈) ကြိမ်ကျင်းပခဲ့တာလေ့လာတွေ့ရှိ ခဲ့ရပါတယ်။ ၁၉၉၀ ပြည့် နှစ်က ပုသိမ်မှာတစ်ကြိမ်၊ ၁၉၉၁ ခုနှစ်ကရန်ကုန်မှာ၊ ၁၉၉၂ ခုနှစ်က တောင်ကြီးမှာ၊၁၉၉၃ ခုနှစ်က စစ်တွေမှာ၊ ၁၉၉၄ ခုနှစ်က မြစ်ကြီးနားမှာ၊ ၁၉၉၅ ခုနှစ်က လွိုင်ကော်မှာ၊ ၁၉၉၆ ခုနှစ်က ထားဝယ်မှာ၊ နောက်ဆုံးအဋ္ဌမအကြိမ်အဖြစ် ၁၉၉၈ ခုနှစ်မှာ ဟားခါးမြို့တော်မှာကျင်းပခဲ့တာတွေ့ရပါတယ်။ ဒီလို ကျင်းပတဲ့နေရာမှာတော့ ပြန်ကြားရေးဝန်ကြီးဌာနက ဦးစီးကျင်းပခဲ့ပြီးတော့မှ အစပိုင်းမှာ ကျန်းမာရေး ဝန်ကြီးဌာနနှင့် နောက်ပိုင်းမှာ အားကစားဝန်ကြီးဌာနတို့က ကူညီပံ့ပိုးပေးခဲ့ကြောင်း လေ့လာသိရှိ ရပါတယ်။ အဲ့ဒီလိုအမျိုးသားအားကစားပြိုင်ပွဲနဲ့ ကျောင်းသားအားကစားပြိုင်ပွဲတွေ စဉ်ဆက်မပြတ် ကျင်းပပေးခဲ့တဲ့အချိန်က အရည်အချင်းပြည့်ဝတဲ့အားကစားသမားများ ကျွန်တော်တို့နိုင်ငံမှာ စဉ်ဆက် မပြတ် ပေါ်ထွက်ခဲ့တဲ့အနေအထားမျိုး လေ့လာသိရှိရပါတယ်။ ယင်းပြိုင်ပွဲများရပ်ဆိုင်းပြီးသွားတဲ့ နောက်ပိုင်းမှာတော့ အားကစားသမားရှားပါးမှုပြဿနာကြောင့် မြန်မာ့အားကစားကျဆုံးခဲ့ရတယ်လို့ သုံးသပ်သူများကလည်းသုံးသပ်နေကြောင်း ကြားသိရပါတယ်။ နိုင်ငံတကာမှာလည်း အလားတူ အမျိုးသားအားကစားပြိုင်ပွဲများအဆင့်ကို ၄ နှစ်တစ်ကြိမ်၊ ကျောင်းသားအားကစားပွဲများအဆင့်ကို တော့ သင့်တော်တဲ့ကာလအလိုက် နှစ်စဉ်ပုံမှန်ကျင်းပနေကြတာကို လေ့လာတွေ့ရှိရပါတယ်။ အဲ့လို ကျင်းပတဲ့နေရာမှာလည်း ငွေကုန်ကြေးကျများမယ့် ပကာသနပြသမှုများကိုရှောင်ရှားပြီး အမှန် တကယ်အားကစားပြိုင်ပွဲစစ်စစ်များကိုသာ ကျင်းပခြင်းဖြင့် ထူးချွန်တဲ့အားကစားသမားများ စဉ်ဆက် မပြတ်ပေါ်ထွက်လာနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ အားကစားကွင်း များ၊ အားကစားရုံများရှိပြီး ဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ မြန်မာ့ အားကစားတိုးတက်မြင့်မားရေးအတွက် အမျိုးသားအားကစားပြိုင်ပွဲများနှင့် ကျောင်းသားအားကစား ပြိုင်ပွဲများ ဆက်လက်ကျင်းပပြုလုပ်ပေးသွားရန်အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ် ဆင့်လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ် ပါတယ်။

**ဖြေကြားချက်**

**ဦးတင့်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး နိုင်ငံတော်ကောင်းကျိုးတာဝန်များကို ဆတက်ထမ်းပိုးတိုးပြီး အောင်မြင်စွာထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်မှ မြန်မာ့အားကစားတိုးတက်မြင့်မားရေးအတွက် နေပြည်တော်ရှိ အားကစားကွင်း/ရုံ (Sport Complex) များအား အကျိုးကျိုးရှိရှိ မည်သို့ဆက်လက်အသုံးချသွားမည်နှင့် အမျိုးသားအားကစားပြိုင်ပွဲများနှင့် ကျောင်းသားအားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပသွားရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းတင်သွင်းလာခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ကျင်းပပြီးစီးသွားမည့် နောက်ပိုင်းကာလများတွင် တည်ဆောက်ထားရှိပြီးဖြစ်သည့် အားကစားကွင်း၊ အားကစားရုံများနှင့် အားကစားရွာတို့ကိုအသုံးပြုပြီး အားကစားတက္ကသိုလ်တစ်ခုဖွင့်လှစ်ရေးအတွက် စနစ်တကျစီမံချက်ရေးဆွဲကာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူ၍ လုပ်ငန်းအဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် လက်ရှိတည်ဆောက်ထားပြီးဖြစ်သော အားကစားကွင်း၊ အားကစားရုံနှင့် အားကစားရွာတို့အား အသုံးပြုပြီးအားကစားနည်းများအလိုက် အကယ်ဒမီကျောင်းများ၊ လေ့ကျင့်ရေးစခန်းများအဖြစ် ဆက်လက်ထားရှိအသုံးပြုသွားမည်ဖြစ်ပြီး အားကစားနည်းများအလိုက် ကာလတိုနှင့်ကာလရှည်သင်တန်းများကို ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၎င်းအပြင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ(Sport Complex) အတွင်း အားကစားဝါသနာရှင်များ၊ နေ့စဉ်အားကစားလှုပ်ရှားမှုများ လာရောက်ဆောင်ရွက်နိုင်ရေးအတွက် အားကစားဇုံနယ်မြေအဖြစ်ဆက်လက်ဖန်တီးပေးသွားမည့်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများ၊ ပြည်တွင်းအားကစားပြိုင်ပွဲများကိုပါ လက်ခံကျင်းပပေးခြင်း၊ အားကစားသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားများကို စခန်းသွင်းလေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ၌ တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးပါဝင်ဆင်နွှဲခဲ့သော အမျိုးသားအားကစားပွဲတော်အား ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်များမှာ နိုင်ငံတော်၏ဦးဆောင်မှုဖြင့် (၃)ကြိမ်တိုင်တိုင်ကျင်းပပြုလုပ်ခဲ့ပြီး ထူးချွန်ထက်မြက်သော အားကစားသမားများပေါ်ထွက်ခဲ့၍ မြန်မာ့အားကစား

အဆင့်အတန်း တိုးတက်မြင့်မားရေးကို အထောက်အကူပြုခဲ့ပါတယ်။ လက်ရှိအချိန်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးပါဝင်သော ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အားကစားကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်သော Champion Challenge Cup (CCC) ပြိုင်ပွဲများအား ကျင်းပပြုလုပ်၍ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီး နောင်လာမည့်နှစ်များတွင် ယခင်ကအစဉ်အလာကြီးမားခဲ့သော အမျိုးသားအားကစားပွဲတော်ကို ၄ နှစ်လျှင်တစ်ကြိမ် ကျင်းပပြုလုပ်နိုင်ရေး နိုင်ငံတော်၏ဦးဆောင်မှုကိုခံယူ၍ အခြားဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အားကစားကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အားကစားကွင်းများ၊ အားကစားရုံများ၊ အားကစားအထောက်အကူပြုပစ္စည်းများကို ဖြည့်တင်းပေးပြီး အရည်အချင်းရှိသော အားကစားနည်းပြများ ခန့်ထားလျက် ထူးချွန်သောအားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါတယ်။ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များ၌ နှစ်စဉ်အားကစားပြက္ခဒိန်များရေးဆွဲ၍ ကျောင်းတွင်းအားကစားပြိုင်ပွဲများ၊ ဇုန်အဆင့်ပြိုင်ပွဲများ၊ ဇုန်အလိုက်(ဦးစီးဌာနအဆင့်) ပြိုင်ပွဲများ ကျောင်းပေါင်းစုံဖိတ်ခေါ်ပြိုင်ပွဲများအားလည်းကောင်း အခြေခံပညာကဏ္ဍတွင် ၂၀၁၁ ခုနှစ်(ပထမအကြိမ်) အခြေခံပညာကျောင်းပေါင်းစုံကျောင်းသားအားကစားပြိုင်ပွဲများကို အားကစားနည်း ၁၃ မျိုးဖြင့်လည်းကောင်း၊ ၂၀၁၂ ခုနှစ် (ဒုတိယအကြိမ်) ကိုအားကစားနည်း ၁၉ မျိုးဖြင့်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါတယ်။ အားကစားအဆင့်အတန်း မြင့်မားလာစေရေးအတွက် အဆင့်မြင့်ပညာနှင့် အခြေခံပညာအဆင့်အလိုက် အားကစားပြိုင်ပွဲများကို ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီအဆင့်ဆင့်၏ အနီးကပ်လမ်းညွှန်မှုနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ပူးပေါင်းကူညီမှုကိုရယူလျက် ချမှတ်ထားသည့်ရည်မှန်းချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြည်ထောင်စုအစိုးရအဖွဲ့ဆပ်ကော်မတီ (Cabinet Sub Committee/ Delivery Unit) ၂၆ ခု၏ တာဝန်ဝတ္တရားများ၊ ကော်မတီအသီးသီးတွင် တာဝန်ယူမည့် ဥက္ကဋ္ဌများ၊ အဆိုပါဆပ်ကော်မတီနှင့် ဆက်သွယ်မည့်စနစ်များကို သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ငွေမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းဖို့ဖြစ်ပါတယ်။



မူကြမ်း

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းနဲ့ပတ်သက်ပြီး အထူးရှင်းပြစရာမလိုပါဘူးခင်ဗျား။ ဒါ့ကြောင့် ကျွန်တော် မေးခွန်းကိုပဲ ဖတ်ကြားပြပါ့မယ်။ ၂၇-၉-၂၀၁၃ ရက်နေ့ ပြုပြင်ပြောင်းလဲရေးဦးဆောင် ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီးမှ ပြည်ထောင်စုအစိုးရအဖွဲ့ဆပ်ကော်မတီ၊ Cabinet Sub Committee/ Delivery Unit) ၂၆ ခုဖွဲ့စည်းထားပြီး ဒုတိယဝန်ကြီး ၂၃ ဦးအား ဥက္ကဋ္ဌနေရာတွင် တာဝန်ပေးထားကြောင်း ပြောကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ မေးလိုသည့်ကြယ်ပွင့်ပြမေးခွန်းမှာ အဆိုပါ ကော်မတီ ၂၆ ခု၏ တာဝန်ဝတ္တရားများ၊ ကော်မတီအသီးသီးတွင် တာဝန်ယူမည့်ဥက္ကဋ္ဌများ၊ အဆိုပါ ဆပ်ကော်မတီများနှင့် ပြည်သူ့လွှတ်တော်ရေးရာကော်မတီများ ဆက်သွယ်မည့်စနစ်များကို သိရှိလိုပါ သဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ၏ မေးခွန်းကို ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ပဏာမတင်ပြ လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးက ကျန်တဲ့လ ၃၀ အတွင်း ဦးစားပေးဆောင်ရွက် ရမယ့် လုပ်ငန်းတွေနဲ့စပ်လျဉ်းပြီး ဩဂုတ်လ ၉ ရက်နေ့က ပြောကြားခဲ့တဲ့အထဲမှာ လုပ်ငန်းကဏ္ဍ အလိုက် လက်တွေ့အောင်မြင်ပြီးမြောက်သည်အထိ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမယ့် Delivery Unit များနှင့် မြေပြင်ကွင်းဆင်းအကောင်အထည်ဆောင်ရွက်သွားမယ်လို့ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယသမ္မတ၊ ဝန်ကြီးများဦးဆောင်တဲ့ Cabinet Committee များရဲ့အောက်မှာ Cabinet Sub Committee/ Delivery Unit ၂၇ ခုကို ဖွဲ့စည်းပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

Cabinet Sub Committee/Delivery Unit များကို နိုင်ငံတော်၏မူဝါဒလုပ်ငန်းစဉ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်၊ အစိုးရအဖွဲ့နဲ့ လွှတ်တော်ကြားကော်မတီချင်း ဆွေးနွေးညှိနှိုင်းရန်၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လူမှုအဖွဲ့ အစည်းများ၊ ပညာရှင်များ၊ ပြည်သူများနှင့် လုပ်ငန်းကဏ္ဍအလိုက် အမြင်သဘောထား ရယူဆွေးနွေး ညှိနှိုင်းရန်၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပပညာရှင်များနှင့် လုပ်ငန်းကဏ္ဍအလိုက်အမြင် ဖလှယ်ဆွေးနွေးညှိနှိုင်းရန်၊ မိမိတို့တာဝန်ယူရသော လုပ်ငန်းကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက်များသိရှိအကောင်အထည်ဖော်နိုင်ရန် လေ့လာဆွေးနွေးညှိနှိုင်း ဆောင်ရွက်ရန်စတဲ့ ရည်ရွယ်ချက်များနဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအဖွဲ့ဆပ်ကော်မတီများအနေနဲ့ အစိုးရအဖွဲ့တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်လ ၃၀ အတွင်း လုပ်ငန်းကဏ္ဍအလိုက် သိသာထင်ရှားသော တိုးတက်မှုအကျိုးရလဒ်ရ အောင် ဆောင်ရွက်ရာ၌ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များအကြား အပြန် အလှန်ပေါင်းစပ်ညှိနှိုင်းရန်လည်းကောင်း၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ နှင့်လည်းကောင်း၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့်လည်းကောင်း ပေါင်း စပ်ညှိနှိုင်းရေး Co-ordination တာဝန်သာမက တိုးတက်မှုအကျိုးရလဒ်ရအောင် ဆောင်ရွက်ရာ၌ အတားအဆီးအခက်အခဲဖြစ်နေသည့် ပြဿနာကိစ္စရပ်များ ဖြေရှင်းကျော်လွှားနိုင်ရေး ညှိနှိုင်းဖြေရှင်း သည့် Delivery Unit တာဝန်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အထက်ပါတာဝန်အရပ်ရပ်ကို မြေပြင်ဆင်း၍ အကောင်အထည်ဖော်နိုင်ရန် အစိုးရ အဖွဲ့ဆပ်ကော်မတီများအား ဖွဲ့စည်းလိုက်ခြင်းဖြစ်ပါတယ်။ အစိုးရအဖွဲ့ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် Delivery Unit အဖြစ်ပါ ပူးတွဲဆောင်ရွက်ရမည့်အပြင် လွှတ်တော်ကော်မတီ အသီးသီးနှင့် ဆွေးနွေးညှိနှိုင်းရမည့် ကိစ္စရပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများနှင့် ပေါင်းစပ် ညှိနှိုင်းရမည့် ကိစ္စရပ်များကို အဖွဲ့စနစ်ဖြင့် လျင်မြန်သွက်လက်ထိရောက်စွာ ဆောင်ရွက်သွားရန် တာဝန်ပေးထားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆပ်ကော်မတီအသီးသီးတွင် တာဝန်ယူမည့်ဥက္ကဋ္ဌများအနေဖြင့် အောက်ပါ အတိုင်း ဖြစ်ပါတယ်။

(က) နိုင်ငံခြားရေးရာမူဝါဒဆိုင်ရာဆပ်ကော်မတီ ဦးတင်ဦးလွင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)

(ခ) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဒေါက်တာတင်ရွှေ(ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)

(ဂ) ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)

(ဃ) လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

(င) မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာဆပ်ကော်မတီ ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)

(စ) ဘဏ္ဍာရေး၊ ငွေရေးကြေးရေး၊ စီးပွားရေးပူးပေါင်းညှိနှိုင်းရေးဆပ်ကော်မတီ ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)

(ဆ) အခွန်အကောက်ဆိုင်ရာဆပ်ကော်မတီ ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)

(ဇ) စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီ ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)

(ဈ) စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီ ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ)

(ည) ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

(ဋ) အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာဆပ်ကော်မတီ ဒေါက်တာဒေါ်ခင်စန်းရီ(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)

(ဌ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆပ်ကော်မတီ ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)

(ဍ) ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)

(ဎ) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးဆပ်ကော်မတီ ဒေါက်တာစန်းလွင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)

(ဏ) အလုပ်အကိုင်နှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)

(တ) အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာဆပ်ကော်မတီ ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)

(ထ) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆပ်ကော်မတီ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)

(ဒ) ဥပဒေကြမ်းဆိုင်ရာဆပ်ကော်မတီ ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

(ဓ) နိုင်ငံသားများ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူအခွင့်အရေးဆိုင်ရာဆပ်ကော်မတီ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)

(န) တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆပ်ကော်မတီ ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)

(ပ) ကာကွယ်ရေးဆိုင်ရာဆပ်ကော်မတီ ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)

(ဖ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီ ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)

(ဗ) တိုင်းရင်းသားရေးရာဆပ်ကော်မတီ ဗိုလ်ချုပ်မောင်မောင်အုန်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)

(ဘ) အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာဆပ်ကော်မတီ ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)

(မ) အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာဆပ်ကော်မတီ ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)

(ယ) မြေအသုံးချမှုဆိုင်ရာစီမံခန့်ခွဲမှုဆပ်ကော်မတီ ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန) တို့ဖြစ်ပါတယ်။ သီးခြားဖွဲ့စည်းမှုအနေနဲ့

(ရ) သီးခြားဖွဲ့စည်းမှုအနေနဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဒေါက်တာ ဒေါ်ခင်စန်းရီ (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန) တို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကော်မတီအသီးသီးက ဆိုင်ရာကဏ္ဍအလိုက် ဥပဒေပြုစုခြင်း၊ အစိုးရဌာနများ၏ လုပ်ငန်းကဏ္ဍများ ဆွေးနွေးညှိနှိုင်းခြင်းတို့ ပြုလုပ်ရာ၌ ဌာနကိုယ်စားလှယ် အချို့သာ သွားရောက်ဆွေးနွေးခဲ့ပြီး ပြန်လည်တင်ပြအကောင်အထည်ဖော်မှုအပိုင်းတွင် အားနည်းလျက်ရှိသောကြောင့် အစိုးရနှင့် လွှတ်တော်ဆက်ဆံဆောင်ရွက်မှု ပိုမိုအဆင်ပြေချောမွေ့စေရန် အစိုးရအဖွဲ့ ဆပ်ကော်မတီများက သွားရောက်တွေ့ဆုံဆွေးနွေးပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ကော်မတီသို့ ပြန်လည် တင်ပြဆွေးနွေးညှိနှိုင်း၍ နိုင်ငံတော်သမ္မတထံ တင်ပြခြင်း၊ အစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက် တင်ပြခြင်းများဆောင်ရွက်ရန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရေးရာကော်မတီများအနေဖြင့် အဆိုပါ ဆပ်ကော်မတီအသီးသီးသို့ Fax, e-mail, Phone ဖြင့် တိုက်ရိုက်ဆက်သွယ်ညှိနှိုင်းဆွေးနွေးနိုင်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ငွေဖြည့်ကတ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် ကုမ္ပဏီအရေအတွက်၊ ကုမ္ပဏီအမည်နှင့် ငွေဖြည့်ကတ်များ ဈေးကွက်တွင်ပြတ်လပ်မှုမရှိစေရန် မည်သို့စီမံထားသည်တို့ကို သိလိုသည်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်

တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖုန်းငွေဖြည့်ကတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုနှင့် သုံးစွဲသူပြည်သူများ အဆင်မပြေ ဖြစ်နေမှုတို့အပေါ် မေးမြန်းသွားမှာဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်မှ တန်ဖိုးနည်းဖုန်းများကို ကျေး လက်ဒေသများပါမကျန် နိုင်ငံတစ်ဝန်းငှားရမ်းချထားပေးနေမှုအပေါ် ပြည်သူများမှ ဝမ်းမြောက်ဝမ်း သာကျေးဇူးတင်လျက်ရှိကြပါတယ်။ ယခင် ငှားရမ်းပေးခဲ့တဲ့ ၁၅ သိန်းတန်ဖုန်းများ၊ ၅ သိန်းတန်ဖုန်း များအပြင် တန်ဖိုးနည်းဖုန်းများပါ ငှားရမ်းပေးမှုကြောင့် ဆင်းရဲချမ်းသာမရွေး လက်ကိုင်ဖုန်းအသုံးပြု နိုင်သော အနေအထားတစ်ခုသို့ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒါ့အပြင် ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေး စသည့်ကိစ္စရပ်များတွင် အဆင်ပြေလွယ်ကူမြန်ဆန်စွာချိတ်ဆက်နိုင်မှု၊ သတင်းအချက် အလက်များစုဆောင်းနိုင်မှု၊ အင်တာနက်မှဗဟုသုတလေ့လာနိုင်မှု စသည်တို့အပြင် လူမှုဘဝဖွံ့ဖြိုးတိုး တက်ရေးအတွက် လက်ကိုင်ဖုန်းအသုံးပြုမှု အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိကြပါတယ်။ သို့သော်လည်း လက်ကိုင်ဖုန်းများ သုံးစွဲရာတွင် မရှိမဖြစ်အသုံးပြုနေရသည့် ဖုန်းငွေဖြည့်ကတ်များ ဝယ်ယူရာမှာ အဆင်မပြေမှုများနဲ့ ကြုံတွေ့နေရပါတယ်။ စာစာပိုင်းလများက ဖုန်းငွေဖြည့်ကတ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီအချို့မှ ဈေးနှုန်းလျှော့၍ အပြိုင်အဆိုင်ရောင်းချနေသည် ဆိုသည့် သတင်းများကိုလည်း ကြားသိခဲ့ရ၍ ပြည်သူများမှ ဝမ်းမြောက်ဝမ်းသာကြိုဆိုလျက်ရှိကြပါ တယ်။ နိုင်ငံတကာမှ ငွေဖြည့်ကတ်ကုမ္ပဏီများကဲ့သို့ ဈေးနှုန်းလျှော့ရောင်းချခြင်း၊ မိနစ်အပိုထည့်ပေး ခြင်း၊ စသည်တို့ဖြင့် ဈေးကွက်ကိုထိုးဖောက်လွှမ်းမိုးနိုင်အောင် အပြိုင်အဆိုင်ပြုလုပ်လာကြလျှင် သုံးစွဲသူပြည်သူများအတွက် ပိုမိုအဆင်ပြေအကျိုးရှိမည်ဖြစ်ပါတယ်။ တချို့ကုမ္ပဏီများမှ နိုင်ငံတကာ ကဲ့သို့ ငွေဖြည့်ကတ်များ ဈေးနှုန်းလျှော့၍ရောင်းချရာတွင် ၅၀၀၀ ကျပ်တန် တစ်ကတ်လျှင် ၁၀၀ ကျပ် လျှော့၍ရောင်းခြင်း၊ ၁၀၀၀၀ ကျပ်တန် တစ်ကတ်လျှင် ၂၀၀၊ ၃၀၀ ကျပ်ဈေးလျှော့၍ ပြည်သူများဝယ် ယူသုံးစွဲရသည့် ဆောင်ရွက်မှုမျိုးလုပ်ပေးခဲ့ပါတယ်။ ထိုသို့ ဈေးနှုန်းလျှော့ရောင်းချမှုအပေါ် ကုမ္ပဏီ များအား ဈေးလျှော့မရောင်းရန် သတိပေးတားမြစ်ခဲ့သည်ဟူသော သတင်းများလည်း ကြားသိခဲ့ရပါ တယ်။ ဒါ့အပြင် ပြီးခဲ့သည့် ရက်သတ္တပတ်က ငွေဖြည့်ကတ်များပြတ်တောက်သွားသည့် အခြေအနေနှင့် ကြုံတွေ့ခဲ့ရပါတယ်။ ထိုသို့ပြတ်တောက်သွားသည့်အပြင် ထွက်ရှိလာတဲ့ငွေဖြည့်ကတ်များဟာ ပြည်သူ များမှ ဝယ်ယူသုံးစွဲရာမှာလည်း လိုင်းမပွင့်၊ သုံးစွဲမရဖြစ်သည့် အတွေ့အကြုံများလည်းရှိခဲ့ပါတယ်။ ယခုအခါ ငွေဖြည့်ကတ်များ မကြာခဏ ပြတ်တောက်မှုများကြုံတွေ့နေရပါတယ်။ ပြည်သူများအဆင်

ပြေချောမွေ့စေရန် အချိန်နှင့်တစ်ပြေးညီ သုံးစွဲသူများ၏လိုအပ်ချက်အရ အပြည့်အဝပြတ်တောက်မှု မရှိအောင် စီမံဆောင်ရွက်ပေးရမည်သာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် အထက်ဖော်ပြပါ အခက်အခဲ မျိုး ပြည်သူများမကြုံတွေ့စေရန်နှင့် ပြည်သူကိုဗဟိုပြု၍ ပြည်သူ့အကျိုးရှိမည့် ကိစ္စများကို ဖန်တီး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်မည်သာ ဖြစ်ပါတယ်။ ထိုကဲ့သို့မဟုတ်ဘဲ ဈေးနှုန်းလျှော့ရောင်းချမှုဟန့်တားခြင်း၊ ငွေဖြည့်ကတ်များထုတ်လုပ်မှုကိုဆိုင်းငံ့ခြင်း၊ ပြည်သူလူထု လက်ထဲသို့ လိုင်းမပွင့်သေးသောငွေဖြည့်ကတ်များ ရောက်ရှိလာခြင်းတို့သည် မဖြစ်သင့်သည့် ကိစ္စရပ်များသာဖြစ်ပါတယ်။ ငွေဖြည့်ကတ်များကို ဈေးနှုန်းအပြိုင်ဖြင့် ရောင်းချမှုကိုအားပေးပြီး ပြတ်လတ်မှုမရှိအောင် အချိန်မီထုတ်ပေးနိုင်ခြင်း၊ ငွေဖြည့်ကတ်ထုတ်လုပ်ဖြန့်ဖြူးသည့်ကုမ္ပဏီများ အပြိုင်အဆိုင် ပေါ်ပေါက်လာခြင်းတို့ကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် ပြည်သူများမှလည်း မျှော်လင့်တောင့်တ လျက်ရှိကြပါတယ်။ သို့ပါ၍ အောက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ ကိုယ်စားမေးမြန်းလိုသည်မှာ-

(၁) ယခုအခါ ငွေဖြည့်ကတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် ကုမ္ပဏီအရေအတွက်နှင့် ကုမ္ပဏီအမည်ကို သိရှိလိုပါတယ်။ (၂) ငွေဖြည့်ကတ် ဈေးနှုန်းလျှော့ရောင်းချမှုကို ဟန့်တားခြင်းရှိ/မရှိနှင့် အကယ်၍ရှိပါက မည်သည့်အတွက်ဟန့်တားသည်ကို သိရှိလိုပါတယ်။ (၃) ငွေဖြည့်ကတ်များ ဈေးကွက်တွင် ပြတ်လပ်မှုမရှိအောင်၊ အချိန်မီပြည်သူ့လက်ထဲရောက်ရှိအောင် မည်ကဲ့သို့စီမံထားရှိသည်ကို သိလို၍ ဖြေကြားပေးနိုင်ပါရန် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသောင်းတင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပေါက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ညိုရဲ့မေးခွန်းမှာ လက်ရှိတယ်လီ

ဖုန်းသုံးစွဲနေတဲ့ ကြုံတွေနေရတဲ့အခက်အခဲနဲ့ အဆင်မပြေမှုများကို ကိုယ်စားတင်ပြခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့လည်း လိုအပ်ချက်များကိုသိရှိရတဲ့အတွက် ပြင်ဆင်ခြင်း၊ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် အစီအမံများပြုလုပ်နိုင်မယ့်အခွင့်အရေးများ အချိန်မီရရှိတဲ့အတွက် ကျေးဇူးအများကြီးတင်ရှိပါတယ်ခင်ဗျား။ ကိုယ်စားလှယ်ကြီးရဲ့မေးတဲ့မေးခွန်း ၃ ခုမှာ ငွေဖြည့်ကတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေတဲ့ ကုမ္ပဏီအရေအတွက်နှင့် ကုမ္ပဏီအမည်ကိုသိရှိလိုခြင်း၊ နံပါတ်(၂) ငွေဖြည့်ကတ်ဈေးနှုန်းလျှော့ချရောင်းချခြင်းကို ဟန့်တားခြင်းရှိ/မရှိ၊ နံပါတ်(၃) မေးခွန်းကတော့ ငွေဖြည့်ကတ်များ ဈေးကွက်တွင်ပြတ်လပ်မှုမရှိဘဲ အချိန်မီရရှိရန် စီမံထားခြင်းတို့ကို သိလိုခြင်းဖြစ်ပါတယ်။

နံပါတ်(၁) မေးခွန်းဖြစ်တဲ့ ကုမ္ပဏီအရေအတွက်နဲ့ ကုမ္ပဏီအမည်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေ GSM၊ WCDMA၊ CDMA-800 MHz နှင့် CDMA-450 MHz မိုဘိုင်းတယ်လီဖုန်းများမှာ အသုံးပြုရန်အတွက် Prepaid Top Up ကတ် ကုမ္ပဏီ(၅)ခုကို ထုတ်လုပ်ဖြန့်ဖြူးဖို့ ကိုယ်စားလှယ်ပေးထားပါတယ်ခင်ဗျား။ ထိုကုမ္ပဏီများမှာတော့ Asia Mega Link Co., Ltd၊ Global Telephone Co., Ltd၊ Tamoehnye Chan Tha Tun Wai Tha Co., Ltd၊ Yatanapon Teleport Co., Ltd နှင့် Elite Tech IT Services Co., Ltd တို့ဖြစ်ပါတယ်ခင်ဗျာ။ ဒုတိယမေးခွန်းဖြစ်တဲ့ ငွေဖြည့်ကတ်ဈေးနှုန်းလျှော့ချရောင်းချခြင်းကို ဟန့်တားခြင်းရှိ/မရှိဆိုတဲ့မေးခွန်းကို ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ငွေဖြည့်ကတ်များကို အထက်ပါကုမ္ပဏီများသို့ ၆ ရာခိုင်နှုန်း ကော်မရှင်နဲ့ ဖြန့်ဖြူးရောင်းချပေးရန် ကျွန်တော်တို့ ကိုယ်စားလှယ်ခန့်အပ်ထားခြင်းဖြစ်ပါတယ်။ ရံဖန်ရံခါ ဈေးကွက်ရဲ့လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်မှုလွဲမှားပြီးတော့ တချို့ငွေဖြည့်ကတ်များ မလုံလောက်ခြင်းကြုံတွေ့ရပါတယ်ခင်ဗျား။ အထူးသဖြင့် ၅၀၀၀ ကျပ်တန်ငွေဖြည့်ကတ်တွေ တွေ့ရှိရပါတယ်။ တစ်ခါတရံမှာ ဈေးကွက်ကိုလက်ဝါးကြီးအုပ်လိုမှုနဲ့ ဝယ်ယူသိုလှောင်ထားတာမျိုးလည်းကြုံတွေ့ရပါတယ်။ ဖြန့်ဖြူးတဲ့စနစ်အားနည်းခြင်းကြောင့် ပြတ်လပ်သွားတာမျိုးလည်းကြုံတွေ့ရပါတယ်။ နည်းပညာအားနည်းချက်၊ ထုတ်လုပ်တဲ့ ကိုယ်စားလှယ်ကုမ္ပဏီရဲ့ နည်းပညာအားနည်းချက်ကြောင့် တစ်ခါတရံ သုံးစွဲလို့မရတဲ့ငွေဖြည့်ကတ်တွေလည်း ကြုံတွေ့ရပါတယ်။ ဒီကိစ္စများအားလုံးအတွက် မကြာခဏ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ သို့ရာတွင် လွတ်လပ်သော ဈေးကွက်ရဲ့ သဘောတရားကို ဟန့်တားတဲ့ကိစ္စရပ်များဖြစ်တဲ့ ဈေးနှုန်းကန့်သတ်ခြင်းမျိုး စတဲ့ကိစ္စတွေကို ညွှန်ကြား

ချက်၊ အမိန့် စသည်တို့ထုတ်ပြန်ပြီးတော့ တားမြစ်ခြင်း၊ ကန့်သတ်ခြင်းမျိုးပြုလုပ်ခြင်းမရှိခဲ့ပါဘူး ခင်ဗျား။

တတိယမေးခွန်းဖြစ်တဲ့ ငွေဖြည့်ကတ်များ ဈေးကွက်မှာ ပြတ်လပ်မှုမရှိဘဲ အချိန်မီရရှိရန် မည်ကဲ့သို့ စီမံထားသည်ဆိုသည့် မေးခွန်းကို ဆက်လက်ဖြေကြားပါ့မယ်ခင်ဗျား။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက ငွေဖြည့်ကတ်တွေကို ဈေးကွက်မှာပြတ်လပ်မှုမရှိစေရန်အတွက် ဈေးကွက်ရဲ့ သတင်း အချက်အလက်ကို အချိန်မီရယူပြီးတော့ ဆောင်ရွက်နေပါတယ်။ ယခုအခါ Prepaid Top Up သုံးစွဲမှု ပိုမိုများပြားလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ ကုမ္ပဏီ ၅ ခုနဲ့ဆောင်ရွက်တာ မလုံလောက်ကြောင်း တွေ့ရှိရပါတယ်။ အဲ့ဒါကြောင့် ဆောင်ရွက်လုပ်ကိုင်လိုတဲ့မည်သည့်ကုမ္ပဏီများမဆို ဆောင်ရွက် လုပ်ကိုင်နိုင်ဖို့အတွက် ၂၉-၉-၂၀၁၃ ခုနှစ်မှာ နိုင်ငံတော်ပိုင် သတင်းစာမှတစ်ဆင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူခဲ့ပါတယ်ခင်ဗျား။ တင်ဒါပိတ်သိမ်းတဲ့ ၁၄-၁၀-၂၀၁၃ အထိ တင်ဒါတင်သွင်းတဲ့ကုမ္ပဏီပေါင်း ၂၁ ခုရှိပါတယ်။ ယခုအပတ်အတွင်းမှာ ကုမ္ပဏီတစ်ခုချင်း အလိုက်စိစစ်ပြီးတော့ နည်းပညာအရ ကျွန်တော်တို့ ဆောင်ရွက်နိုင်စွမ်းရှိ/မရှိ၊ ငွေရေးကြေးရေးလုံလောက်မှုရှိ/မရှိကို စိစစ်လျက်ရှိပါတယ် ခင်ဗျား။ မကြာခင်မှာထပ်မံရွေးချယ်ပြီးတော့ ပိုမိုထုတ်လုပ်နိုင်မှာဖြစ်ပါတယ်ခင်ဗျား။ အဲ့ဒါအပြင် ကျွန်တော်တို့ ယခုလက်ရှိကတ်ကိုဝယ်ပြီးတော့ နံပါတ်ခဲခြစ်ပြီးတော့ သုံးစွဲတဲ့စနစ်အပြင် နိုင်ငံတကာ မှာကဲ့သို့ မိမိလိုသလောက်ငွေတန်ဖိုးအတိုင်း စတိုးဆိုင်မှာပြောဆိုပြီးတော့ ကွန်ပျူတာနဲ့ ဖြည့်သွင်းတဲ့ စနစ်ဖြစ်တဲ့ Prepaid Top Up စနစ်ကို တိုးချဲ့စီစဉ်ဆောင်ရွက်ရှိပါတယ်ခင်ဗျား။ ဒါ့အပြင် မကြာခင် မှာ ဗဟိုဘဏ်ကနေပြီးတော့ ထုတ်ပြန် ပြီးတော့ ဆောင်ရွက်ခွင့်ပေးမယ့် Mobile Finished Services ပေါ်ပေါက်လာပြီဆိုလို့ရှိရင်တော့ မိမိအိမ်ကနေပြီးတော့ ၂၄ နာရီကာလပတ်လုံး အိုးမကွာ၊ အိမ်မကွာဘဲ တယ်လီဖုန်းငွေဖြည့်ချင်တဲ့တန်ဖိုးကို ဖြည့်သွင်းနိုင်မှာဖြစ်ပါတယ်။ ထို့အပြင် Mobile Finished Services ရှိတဲ့အတွက်ကြောင့် ၂၄ နာရီ ကာလပတ်လုံး အိမ်ကနေပဲ ငွေကိုလွှဲပြောင်းပေး နိုင်မှာဖြစ်ပါတယ်ခင်ဗျား။ အဲ့ဒီတော့ အဲ့ဒီလို လက်ရှိဆောင်ရွက်နေတဲ့ Top Up အပြင် နိုင်ငံတကာ သုံးစွဲနေတဲ့စနစ်များအတိုင်း ပိုမိုအဆင်ပြေပြီးတော့ အဆင်ပြေတဲ့စနစ်များကို ကျွန်တော်တို့ တိုးချဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဘဏ်မှချေးယူသူ အခြေအနေများအား ချေးငွေပမာဏ (သန်းဂဏန်း) လူအချိုးအစား၊ ချေးငွေပမာဏ အချိုးအစားတို့အား သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ တက်ရောက်လာသောပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ငွေစုသူများရဲ့ ဘဏ်အပ်ငွေအခြေအနေများကို အပ်ငွေပမာဏ သိန်းဂဏန်း လူအချိုးအစား၊ အပ်ငွေပမာဏအချိုးအစားများကို ရှင်းလင်းဖြေကြားသွားတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ယခုဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဘဏ်မှချေးယူသူအခြေအနေများအား အထက်ပါအတိုင်း ချေးငွေပမာဏ သန်းဂဏန်း၊ လူအမျိုးအစား၊ ချေးငွေပမာဏအချိုးအစားတို့အား သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်ခင်စောဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်မကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး ဖြစ်ပါတယ်။ ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေရဲ့ ဘဏ်မှငွေချေးယူသူအခြေအနေများနဲ့ ပတ်သက်ပြီးတော့ ချေးငွေပမာဏသန်းဂဏန်း လူအချိုးအစား၊ ချေးငွေပမာဏအချိုးအစားတို့ကို မေးမြန်းလာခြင်းနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ ကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်မတို့ ကြိုတင်ရရှိတဲ့ အတွက်ကြောင့်မို့လို့ ပြည့်ပြည့်စုံစုံဝေဝေဆာဆာ ဖြေကြားပြီးတော့လည်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ထားပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့်

မို့လို့ ယခုပြည်သူ့လွှတ်တော်အစည်းအဝေးမှာတော့ အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်မဒီမေးခွန်းနဲ့ တိုက်ရိုက်ကျတဲ့ အဖြေတွေကိုပဲ ဒီမှာကျွန်မရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

ပထမဦးစွာ ဘဏ်လုပ်ငန်းကဏ္ဍမှာပါဝင်တဲ့ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များရဲ့ ဘဏ်ချေးငွေထုတ်ချေးထားမှု အခြေအနေကို ဦးစွာတင်ပြပါမယ်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းချေးငွေကျပ် ၁၁၁၅.၅၁ ဘီလီယံ၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းချေးငွေကျပ် ၂၀၈၀.၅၄ ဘီလီယံနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းချေးငွေကျပ် ၃၇၃၃.၄၅ ဘီလီယံနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းချေးငွေကျပ် ၅၃၃၅.၂၅ ဘီလီယံ ထုတ်ချေးခဲ့ပါတယ်။ ဒါ့ကြောင့်မို့လို့ လုပ်ငန်းကဏ္ဍများတိုးတက်ရေးအတွက် ငွေရေးကြေးရေးကဏ္ဍမှ နှစ်စဉ်ချေးငွေပမာဏကို တိုးမြှင့်ထုတ်ချေးခဲ့ပါကြောင်းလည်း တင်ပြအပ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ လုပ်ငန်းကဏ္ဍအလိုက် ချေးငွေအချိုးအစားကို ကျွန်မဆက်လက်တင်ပြပါမယ်။ ၂၀၁၃ ခုနှစ် ဇွန်လကုန်မှာရှိတဲ့ ဘဏ်များရဲ့စုစုပေါင်းလက်ကျန်ချေးငွေစာရင်းအရ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို ကျပ် ၄၄၂.၈၅ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၇.၈၉ ရာခိုင်နှုန်း၊ စက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်းများကို ကျပ် ၉၀၃.၁၈ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁၆.၀၉ ရာခိုင်နှုန်း၊ ကုန်သွယ်မှုလုပ်ငန်းကို ကျပ် ၁၉၃၂.၇၂ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၃၄.၄၃ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကျပ် ၉၃.၉ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁.၆၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုလုပ်ငန်းကို ကျပ် ၆၄၄.၇ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁၁.၄၈ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်းကို ကျပ် ၇၂၈.၇ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁၂.၉၆ ရာခိုင်နှုန်း၊ အထွေထွေလုပ်ငန်းကို ကျပ် ၆၈၂.၄ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁၅.၄၄ ရာခိုင်နှုန်း အသီးသီးထုတ်ချေးထားပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်မတို့ ကုန်သွယ်မှုလုပ်ငန်းကို အများဆုံးထုတ်ချေးထားပြီးတော့ ဒုတိယအများဆုံးအနေနဲ့ စက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်းတွေကို ထုတ်ချေးထားပါကြောင်းကို ကျွန်မအနေနဲ့ တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ တတိယအချက်နှင့်ပတ်သက်ပြီးတော့ ဆက်လက်ပြီး ဖြေကြားပါမယ်။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှာရှိတဲ့ ဘဏ်ချေးငွေလက်ကျန်စာရင်းဇယားများအရ နိုင်ငံပိုင်ဘဏ်များအနေနဲ့ ငွေချေးသူ ၂၃၅၄၉၇ ဦးကို ချေးငွေကျပ် ၉၉၈.၄၃ ဘီလီယံ၊ ပုဂ္ဂလိကဘဏ်များအနေနဲ့ ငွေချေးသူ ၄၇၂၂၁ ဦးကို ချေးငွေကျပ် ၄၄၃၀ ဘီလီယံ ထုတ်ချေးထားတဲ့အတွက်ကြောင့်မို့လို့ စုစုပေါင်းငွေချေးသူ ၂၈၂၇၁၈ ဦးကို ချေးငွေကျပ် ၅၄၂၈.၄ ဘီလီယံ ထုတ်ချေးထား

လျက်ရှိပါတယ်။ ဒါ့ကြောင့် ဘဏ်များမှပျမ်းမျှအနေနဲ့ ငွေချေးသူ တစ်ဦးကို ကျပ် ၁၉.၂၃ သန်းထုတ်ချေးထားပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အရပ်ဘက်အဖွဲ့အစည်းများပါဝင်သောအဖွဲ့ဖွဲ့ပြီး မြန်မာ့သစ်များကို ဥပဒေနှင့်အညီတင်ပို့/မပို့ကို စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်မဲမဲဆန္ဒနယ်မှ ဦးဆောင်ဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဆောင်ဆီ(ကျောက်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က တော့ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်ဆီ ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် သစ်များသယ်ယူသွားတာကို ပြည်သူများက မြင်တွေ့နေရပြီး ဥပဒေမဲ့သယ်ယူရင် တိုင်းပြည်အတွက်များစွာနစ်နာမှာကို စိုးရိမ်နေတဲ့အတွက် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမှာ ဖြစ်ပါတယ်။

စိုးရိမ်ရတဲ့အကြောင်းအရင်းများကတော့ သစ်မှောင်ခိုသယ်ဆောင်တာနဲ့ ပတ်သက်ရင် ပါမစ် တစ်စောင်တောလုံးပြောင်ဆိုသလိုပဲ သယ်ပို့နေတဲ့သစ်ကားတွေက အကျင့်ပျက်ဝန်ထမ်းတချို့နဲ့ပေါင်းပြီး ဥပဒေမဲ့သယ်နေကြပါတယ်။ ပါမစ်ရှိတာရှိချင်ရှိမယ်။ ပါမစ်မပါတာတွေများပါတယ်လို့ ပြည်သူလူထုကပြောကြပါတယ်။ သစ်သယ်ယူတာကို တာဝန်ခံတဲ့ မှောင်ခိုသမားတွေက အကျင့်ပျက်ဝန်ထမ်းအချို့နဲ့ လူမြင်မကောင်းလောက်အောင် လာဘ်ငွေများ ဘေးပတ်ဝန်းကျင်တောင် ဂရုမစိုက်ဘဲ ပေါ်ပေါ်ထင်ထင် ငွေအပေးအယူလုပ်နေတာကိုတွေ့ရတဲ့အတွက်ကြောင့် ပြည်သူများကလာရောက်တိုင်ကြားပါတယ်။ ဥပမာ ၉-၉-၂၀၁၃ ရက်နေ့က ကျောက်မဲတိုးဂိတ်မှာ သစ်များကို အကျင့်ပျက်ဝန်ထမ်းအချို့နဲ့ ညှိနှိုင်းသယ်ဆောင်တယ်။ သီပေါတိုးဂိတ်ကိုလည်း ညှိနှိုင်းပြီးဖြတ်တယ်။ ပြီးရင် တိုးဂိတ်နှစ်ဂိတ်စာ လာဘ်ထိုးငွေများကို သီပေါတိုးဂိတ်အလွန်မှာ ပြောင်ပြောင်တင်းတင်းအပေးအယူလုပ်ကြတယ်လို့ ပြည်သူလူထုက တိုင်ကြားလာပါတယ်။ အဲ့ဒီနေ့က သစ်ကား ၁၁ စီးသယ်ဆောင်တယ်လို့ ပြောပါတယ်။

အခုဆိုလို့ရှိရင် ပွင့်လင်းရာသီအစဖြစ်လို့ ဥပဒေမဲ့သယ်ဆောင်ခြင်းကို အရှိန်အဟုန်နဲ့ လုပ်ကြပါတော့မယ်။ လစဉ်အစီး ၁၀၀ နဲ့ ၂၀၀ ကြားမှာသယ်ကြတယ်လို့ ပြည်သူလူထုမှ တိုင်ကြားလာပါ

တယ်။ ဒီလိုဥပဒေမဲ့ သယ်ယူနိုင်တာကလည်း နောင်ချိုမြို့နယ်ကစပြီး လားရှိုးမြို့နယ်၊ တန့်ယန်းလမ်းခွဲ အထိ မှောင်ခိုသမားများက သတင်းဆက်သွယ်ရေးကောင်းမွန်တဲ့ အခွင့်အရေးကိုအသုံးချပြီး ဘယ် အချိန် ဘယ်ဂိတ်ကို ဖြတ်သန်းလို့ကောင်းမယ်ဆိုတာ အကျင့်ပျက်ဝန်ထမ်းအချို့နှင့် ညှိနှိုင်းဖို့လွယ်ကူ သွားစေပါတယ်။ မုဆိုးကသားကောင်ကို ချောင်းသလိုမျိုးအခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချသွား နိုင်ကြပါတယ်။ ဒါကြောင့် အချိန်ပြည့်ကြပ်မတ်နိုင်ဖို့အတွက် အောက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

မြန်မာ့သစ်များသည် ရှမ်းပြည်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီးတွင် နေ့စဉ်ဖြတ်သန်း၍ သယ်ယူပို့ဆောင်နေသည်ကို ပြည်သူလူထုမှ ဥပဒေနှင့်အညီ မရှိမှာကိုစိုးရိမ်နေကြပါသည်။ ဒါကြောင့် ပြည်သူလူထုအတွက် ပွင့်လင်းမြင်သာမှုရှိစေရေးနဲ့ ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရေးရည်ရွယ်၍ အရပ်ဘက်အဖွဲ့အစည်းများပါဝင်သော အဖွဲ့ဖွဲ့ပြီး ဥပဒေနှင့်အညီ တင်ပို့ မပို့ကို စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်ဆိုတဲ့မေးခွန်း ဖြစ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအားလုံး၊ ကြွရောက်လာကြတဲ့ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာ ခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင် (ခ) ဦးဆောင်ဆီရဲ့ မြန်မာ့သစ်များသည် ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီးများတွင် နေ့စဉ်ဖြတ်သန်းသယ်ယူပို့ဆောင်နေသည်ကို ပြည်သူလူထုမှ ဥပဒေနှင့်အညီမရှိမှာကို စိုးရိမ်နေကြပါ ကြောင်းဖော်ပြလျက် ပြည်သူလူထုအတွက် ပွင့်လင်းမြင်သာမှုရှိရေးနှင့် ကောင်းမွန်သော အစိုးရ၊ သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရေးရည်ရွယ်၍ ဥပဒေနှင့်အညီ တင်ပို့/မပို့ကို စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်တဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်သူများမြင်တွေ့နေရတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီးအပေါ်မှာ သစ်များသယ်ယူပို့ဆောင်ခြင်းနဲ့ပတ်သက်ပြီးတော့ ဖြစ်နိုင်တဲ့အကြောင်းအခြင်းအရာ ၅ ခု ရှိနိုင်ပါတယ်။ ဖမ်းဆီးရမိတဲ့သစ်များအနက် အရည်အသွေးကောင်းမွန်သောသစ်များကို လပ်ပုံထိုင်ပြီး နိုင်ငံခြားငွေဖြင့် Open Tender ရောင်းချနိုင်ရန်အတွက် ရန်ကုန်သို့ သယ်ယူခြင်းနှင့် ပြည်တွင်း သုံးအဆင့်အတန်းသစ်များကို လပ်ပုံထိုင်ပြီး ပြည်တွင်းငွေဖြင့် ရောင်းချပြီး လိုအပ်သည့်နေရာသို့ သယ်ယူခြင်းများ ဖြစ်နိုင်တဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ထို့အပြင် တင်ဒါအောင်မြင်ပြီးသစ်များကို နယ်စပ်မှတရားဝင်တင်ပို့ခွင့်ရရှိတဲ့ ကုမ္ပဏီ၊ လုပ်ငန်းရှင်များက သစ်များကို နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်တာလည်း တစ်နည်းဖြစ်နိုင်ပါတယ်။ ထို့အပြင် ရှမ်းပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များအတွက် တရားဝင်ရောင်းချပေးထားသော သစ်ခွဲသားများကို သယ်ယူခြင်းနှင့် သစ်လုံးများကို သစ်ဆိပ်အသီးသီးမှ သစ်စက်များသို့ခွဲစိတ်ရန် သယ်ယူပို့ဆောင်ခြင်းများလည်း ဖြစ်နိုင်ပါတယ်။

ဒါ့အပြင် တရားမဝင်သစ်များလည်း သယ်ဆောင်လာတဲ့ကားများလည်း ဖြစ်နိုင်ပါတယ်။ တရား မဝင်သစ်များကို သယ်ဆောင်ရာမှာတော့ ပထဝီအင်္ဂါ၊ လူအင်္ဂါ လျှို့ဝှက်စွာဆောင်ရွက်ရခြင်း ဖြစ်လို့ ထင်သာမြင်သာသွားလာသယ်ဆောင်ခြင်းမဟုတ်တဲ့အတွက် အလွယ်တကူသိရှိရန် ခက်ခဲပါ ကြောင်းနှင့် ခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို အကျင့်ပျက်ဝန်ထမ်းများလည်း ရှိနိုင်ပါတယ်။ သို့သော်လည်းပဲ ဒီကိစ္စများကို ဥပဒေနှင့်အညီ ထိန်းသိမ်းကြပ်မတ်ပြီးတော့ အကျင့် ပျက်ဝန်ထမ်းများကို ကျွန်တော်တို့ ဖော်ထုတ်တွေ့ရှိရရင်လည်းပဲ ထိရောက်စွာအရေးယူဆောင်ရွက် သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ အဲဒီလို တရားဝင်သစ်လုံး၊ သစ်ခွဲသားများသယ်ယူတာနဲ့ ပတ်သက်လို့ စနစ်တကျရှိစေဖို့အတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံး လုပ်နည်းများလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ဖမ်းဆီးရမိသည့်သစ်များကို လက်ပုံထိုင်၍ Open Tender ဖြင့် ရောင်းချမည့်သစ်များကို သယ်ယူရန်အတွက် သစ်တောဥပဒေ ပုဒ်မ ၂၃ နဲ့ သစ်တော နည်းဥပဒေပုဒ်မ ၅၈ တို့အရ သစ်တောဦးစီးဌာနမှ မျှောစာများထုတ်ပေးပြီးတော့ ပြည်နယ်/တိုင်းကျော် သယ်ယူခွင့်အမိန့်များကို ထုတ်ပြန်ပေးရပါတယ်။

တရားဝင်ကုန်ပစ္စည်းများတင်ပို့ရန် အဓိကဆိပ်ကမ်းကြီးဖြစ်တဲ့ ရန်ကုန်ဆိပ်ကမ်းမှ တင်ပို့ခြင်း မှအပ နယ်စပ်ဖြတ်ကျော်ပြီးတော့ ပြည်ပသို့တရားဝင်သစ်များတင်ပို့ရန်ကိစ္စများတွင် မိမိတို့ဝန်ကြီး ဌာနအနေဖြင့် နိုင်ငံတော်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ကိုရရှိရန် လိုအပ်ပါတယ်။ ခွင့်ပြုချက်ရရှိပြီးပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ နယ်စပ်ဖြတ်ကျော်တင်ပို့ခွင့် ပို့ကုန်လိုင်စင်ကို

ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ကို ပူးတွဲပြီးတော့ လျှောက်ထားရပါတယ်။ ပြည်ပတင်ပို့ ခွင့်လိုင်စင်ရရှိပါက သစ်များတင်ပို့မှုကို စိစစ်ကြပ်မတ်ရန်အတွက် ရှမ်းပြည်နယ်အစိုးရမှ သစ်တော ဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံ တင်ရေးဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ကိုယ်စား လှယ်များပါဝင်တဲ့ စစ်ဆေးရေးအဖွဲ့ကို တရားဝင်ဖွဲ့စည်းရပါတယ်။ ထိုစစ်ဆေးရေးအဖွဲ့၏ စိစစ် အတည်ပြုချက်ဖြင့် သယ်ယူပို့ဆောင်ခွင့်ပြုခြင်း ဖြစ်ပါတယ်။ ထိုကဲ့သို့စစ်ဆေးအတည်ပြုရာမှာ ပို့ကုန် လိုင်စင်ပါအချက်အလက်များနှင့် ညီညွတ်မှုရှိ/မရှိကို စိစစ်ပြီးမှ ခွင့်ပြုခြင်းဖြစ်ပြီး ကိုက်ညီမှုမရှိပါက သစ်များကိုသယ်ယူရွှေ့ပြောင်းခွင့်မရှိပါကြောင်းနှင့် ထိုကဲ့သို့အမြဲတစေ စိစစ်တိုက်ဆိုင်စစ်ဆေးလျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရောင်းချပေးထားတဲ့သစ်ခွဲသားများကို သယ်ယူရန် အတွက် သစ်တောဥပဒေပုဒ်မ ၂၃ နဲ့ နည်းဥပဒေ ၅၈ တို့အရ သစ်တောဦးစီးဌာနမှစစ်ဆေး၍ မျှောစာ ထုတ်ပေးပြီး ပြည်နယ်အတွင်းမှာ ကျွန်တော်တို့ သယ်ယူခွင့်ပြုပါတယ်။ ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးရေး အတွက် လိုအပ်သောသစ်ခွဲသားများရရှိရန် သစ်လုံးများကို သစ်ဆိပ်အသီးသီးမှ သစ်စက်များသို့ပို့၍ တိုက်ခွဲရပါတယ်။ ထိုကဲ့သို့ပို့ရာတွင် မြန်မာ့သစ်လုပ်ငန်း ကားတိုက်ဖြတ်ပိုင်း/ပြေစာ (Trucking Note၊ Transfer Invoice) များဖြင့် ကျွန်တော်တို့သယ်ယူခွင့်ပြုပါတယ်။

နယ်စပ်ဖြတ်ကျော်သစ်တင်ပို့မှုတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှလည်း ဆက်စပ်ပါဝင်ဆောင်ရွက်ရတာဖြစ်လို့ ထိုဝန်ကြီးဌာနရဲ့ အခန်းကဏ္ဍကိုလည်း တင်ပြလိုပါတယ်။ နယ်စပ်ဖြတ်ကျော်ပြီး သစ်တင်ပို့မှုနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် မြန်မာ့သစ်လုပ်ငန်းမှ သစ်လုံး၊ သစ်ခွဲသားများ ပို့ကုန်လိုင်စင်လျှောက်ထားမှုကို တင်ပြလာ တဲ့အခါမှာ Invoice မှာပါတဲ့ အမျိုးအစား၊ အရေအတွက်၊ ဈေးနှုန်းများအရ စိစစ်၍လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများမှ သစ်ခွဲသားများပို့ကုန်လိုင်စင်လျှောက်ထားမှုကိုတော့ဖြင့် သစ်တော ဦးစီးဌာနရဲ့ တရားဝင်သစ်တောထွက်ပစ္စည်းမှန်ကန်ကြောင်း ထောက်ခံချက် မြန်မာနိုင်ငံသစ်လုပ်ငန်း ရှင်များအသင်းရဲ့ ဈေးနှုန်းစိစစ်ထောက်ခံချက်များဖြင့် စိစစ်ပြီးတော့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပို့ကုန်လိုင်စင်များကိုထုတ်ပေးပြီး ခွင့်ပြုပေးလျက်ရှိပါတယ်။ ထို့အပြင် သီးခြားအချက်တစ်ချက်အနေ ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးတော့

ထို့ဗဟိုကော်မတီအနေနဲ့ နယ်စပ်ထွက်ပေါက်လမ်းများတွင် Mobile Team များကိုဖွဲ့စည်း၍ တရားမဝင်ကုန်သွယ်မှုများကို တားဆီးနှိမ်နင်းလျက်ရှိပါတယ်။ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော Mobile Team များတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသအုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI မှကိုယ်စားလှယ်များနှင့် သတင်းမီဒီယာများမှ ကိုယ်စားလှယ်များစတဲ့ ပြည်သူလူထုကိုကိုယ်စားပြုနိုင်တဲ့ ပုဂ္ဂိုလ်များ ပါဝင်တဲ့အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ယခုအခါမှာ Mobile Team များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးကြပ်ကွပ်ကဲပြီးတော့ တရားမဝင်ကုန်သွယ်မှုများကို စိစစ်ရှာဖွေတားဆီးခြင်းများ ဆက်လက်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီးများကို အသုံးပြု၍ သစ်လုံးသစ်ခွဲသားများကို သယ်ယူပို့ဆောင်ရာတွင် ဥပဒေနှင့်အညီစိစစ်ပြီး တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများမဖြစ်ပေါ်စေရန် ဆက်စပ်ဌာနများ ပြည်သူလူထုကိုယ်စားပြုအဖွဲ့များ ပါဝင်သောအဖွဲ့များဖြင့် စနစ်တကျစစ်ဆေးလျက် ပွင့်လင်းမြင်သာစွာဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ကြီးများအား ရေကြောင်းပြုပြင်ထိန်းသိမ်းရန် မည်သို့စီမံချက်ရေးဆွဲလုပ်ဆောင်နေသည်ကို သိလိုသည့်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဌေးအောင်(ရေစကြိုမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံးကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့လျက် ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့နိုင်ငံထဲမှာစီးဆင်းနေတဲ့ ဧရာဝတီ၊ ချင်းတွင်းစတဲ့မြစ်ကြောင်းများစီးဆင်းမှုနဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဧရာဝတီ၊ ချင်းတွင်းစတဲ့မြစ်ကြီးတွေဟာ နှစ်ပေါင်းများစွာ ကျွန်တော်တို့ ပြည်သူတွေကိုများစွာ အကျိုးပြုခဲ့ပါတယ်။ သို့သော်လည်းပဲ မြစ်ရဲ့သက်တမ်း၊ နောက်ပြီးတော့ မြေရဲ့အနေအထား၊ ရာသီဥတုပြောင်းလဲမှုနှင့် စီးဆင်းရေရဲ့သဘာဝပြောင်းလဲမှုတွေကြောင့် မြစ်ဘေးမှာရှိတဲ့မြေများကို ရေကြောင်းများတိုက်စားမှုကြောင့် ပျိုကျပျက်စီးနေ

တာတွေတွေ့ရပါတယ်။ ဒီပျိုကျပျက်စီးမှုတွေဟာ စိုက်ပျိုးမြေများသာမက၊ ကျေးရွာမြေများ၊ မြို့ပြမြေများထိပါ ထိပါးလာပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီးဆိုးရွားလာတာကိုတွေ့ရှိရပါတယ်။ ဒီမြစ်ကြောင်းများ တိုက်စားမှုဟာ ဒေသန္တရမှာကြုံတွေ့ရတဲ့ ဘေးအန္တရာယ်လို့ တစ်နိုင်ငံလုံးနဲ့စာလို့ရှိရင်အန္တရာယ်ပေးတယ် ဆိုတဲ့အနေအထားနဲ့ ရှုမြင်သုံးသပ်ဖို့မသင့်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကျေးရွာမြေများသာမက၊ လူနေအိမ်များပါ ပျက်စီးတယ်။ ပျက်စီးတဲ့အပြင် နိုင်ငံတော်ရဲ့ဘဏ္ဍာ၊ နိုင်ငံတော်ရဲ့မြေယာ၊ နောက်တစ်ခါ နိုင်ငံတော်ကိုအလုပ်အကျွေးပြုနေတဲ့ ပြည်သူတို့ရဲ့လုပ်အားတွေ၊ နိုင်ငံတော်ကိုထုတ်လုပ်ပေးနေတဲ့ ပြည်သူတို့ရဲ့ သီးနှံတွေများစွာ ထိခိုက်ပျက်စီးနေတဲ့အနေအထားမှာဖြစ်လို့အလေးထားသုံးသပ်ပြီး ဆောင်ရွက်ရတော့မယ့်ကိစ္စတစ်ခုလို့ကျွန်တော် သုံးသပ်ထင်မြင်မိပါတယ်။ ကျွန်တော့်နယ်မြေမှာပဲ ချင်းတွင်းမြစ်တိုက်စားမှုကြောင့် မြေပျက်မှုအများအပြားရှိပါတယ်။ အဲ့ဒီထဲမှာ အဆိုးဆုံးက အခုလတ်တလော ငမြောကြီးကျေးရွာနှင့်အရှေ့အိမ်တန်းကျေးရွာတို့မှာ ရွာမြေများပါ ပြိုကျပျက်စီးသွားတဲ့အတွက် ဒုက္ခများစွာရောက်နေကြပါတယ်။ ဒီကြားထဲမှာ ကျွန်တော်တို့ ယမန်နေ့က ၁၂-၁၁-၂၀၁၃ က ငမြောကျေးရွာကို မကွေးတိုင်းဒေသကြီး၊ ဝန်ကြီးချုပ်ကြီးကိုယ်တိုင် သွားရောက်ပြီးဒုက္ခသည်များကိုကူညီစောင့်ရှောက်နေတယ်ဆိုတာ ကြားသိရတဲ့အတွက် ဒေသခံတွေရဲ့ကိုယ်စားများစွာမှပင်ကျေးဇူးတင်ကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။ အဲ့ဒီနေရာမှာ ပြိုကျပျက်စီးမှုများကို သက်ဆိုင်ရာအနီးအနားပတ်ဝန်းကျင်မှလည်းကောင်း၊ နောက်လူမှုအဖွဲ့အစည်းများမှလည်းကောင်း ကူညီစောင့်ရှောက်တာတွေရှိပါတယ်။ သို့သော် ဒီကူညီစောင့်ရှောက်မှုများဟာ ဒုက္ခသည်တွေရဲ့ လတ်တလောစားဝတ်နေရေး ပြေလည်မှုကိုတောင်မှ အဆင်ပြေဆုံးဖြစ်အောင် ကူညီနိုင်မယ့်အနေအထားမရောက်ပါဘူး။ ဒါ့ကြောင့် ဒီပြိုကျပျက်စီးမှုတွေကို ဖြစ်ပျက်ပြီးမှ ကူညီစောင့်ရှောက်တာထက် မဖြစ်ခင်က ကြိုတင်ကာကွယ်တဲ့နည်းတွေကို ကျင့်သုံးဖို့လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်တင်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမြစ်ကြောင်းတိုက်စားမှုကြောင့် ပြိုတာတွေ သဘာဝဘေးအန္တရာယ်တွေထဲမှာ ပြုပြင်ကိုင်တွယ်လို့အလွယ်ကူဆုံး ကိစ္စတစ်ခုလို့ မြင်ပါတယ်။ ဒီသဘာဝဘေးအန္တရာယ်ဖြစ်တဲ့ အကြောင်းအရင်းကိုလည်းသိတယ်။ နောက်သဘာဝဘေးအန္တရာယ်ဖြစ်မယ့်နေရာကိုလည်း အတိအကျသိတယ်။ ကာလကိုလည်းပဲခန့်မှန်းတွက်ဆလို့ရပါတယ်။ ဥပမာအားဖြင့် ဒီမြစ်ကြောင်းကလွဲလို့ အခြားနေရာမှာ မဖြစ်ယုံတွင်သာမက မြစ်ကြီးများရေလျှံတဲ့ကာလနဲ့ ရေကျသွားတဲ့ကာလတွေမှာ ဖြစ်တာများတဲ့အတွက် သဘာဝဘေးအန္တရာယ်ကူညီမှုဆောင်ရွက်တဲ့နေရာမှာ အခြားကူညီမှုများထက် ပိုမိုလွယ်ကူမယ်လို့ ထင်မြင်မိပါတယ်။ ကျွန်တော်လေ့

လာမိသလောက်ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ ဖဆပလ အစိုးရလက်ထက်က လည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီလက်ထက်ကလည်းကောင်း၊ ဘောချသင်္ဘော၊ နုန်းနုတ်သင်္ဘော၊ သောင်တူးသင်္ဘောများကိုမှာယူပြီးတော့ မြစ်ကြီးများထဲမှာချပြီးတော့ ရေကြောင်း အနက်ကို ၉ ပေအမြဲရှိနေအောင် ထိန်းသိမ်းခဲ့တာကို ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။ ဒီနေ့ခေတ် ဒီအချိန်အခါ မှာဆိုလို့ရှိရင်များစွာတိုးတက်နေတဲ့နည်းပညာတွေ၊ စက်ယန္တရားတွေကာလမှာ ဒီမြစ်ကြောင်း ထိန်းသိမ်းမှုစီမံချက်ကြီးကို ရေးဆွဲဆောင်ရွက်မယ်ဆိုရင် ပိုမိုလွယ်ကူအောင်မြင်ဖွယ်ရာ ရှိတယ်လို့ အကြံပြုတင်ပြလိုပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ တတိယအပတ်ထဲမှာ တရုတ်နိုင်ငံကနေ မှာထားတဲ့ သောင်တူးသင်္ဘော ၁၉ စင်းအနက် ၁၄ စင်းနိုင်ငံထဲကိုရောက်ရှိပြီလို့ သတင်းများမှာ ဖတ်ရှုလိုက်ရပါတယ်။ ဒါ့ကြောင့် အောက်ပါမေးခွန်း ၂ ခုကို မေးမြန်းလိုပါတယ်။ နံပါတ်(၁) မှာယူခဲ့သော သင်္ဘောများသည် မြစ်ကြီးများအား မြစ်ကြောင်းထိန်းသိမ်းရေးကိုဆောင်ရွက်ရန် ဖြစ်ပါသလား။ နံပါတ်(၂) သို့ဖြစ်ပါက မည်သည့်အချိန်တွင် မည်သို့ဆောင်ရွက်စီမံရန် လုပ်ကိုင်နေပါသနည်း စသည်တို့အားသိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ရေစကြိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဌေးအောင်က ပြည်သူ့လွှတ်တော်သို့ တင်ပြထားတဲ့မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီမြစ်ကြောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ဖြစ်မြောက်နိုင်မှု အခြေအနေ လေ့လာရေးစီမံကိန်းကို ၁၉၈၆ ခုနှစ်ထဲကစတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲ့ဒီအချိန်က UNDP နှင့် World Bank တို့ရဲ့ ထောက်ပံ့ကူညီမှုနဲ့ နယ်သာလန်နိုင်ငံ Royal Haskoning Consultants ကနေပြီးတော့ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲ့ဒီ ဖြစ်မြောက်နိုင်မှု လေ့လာရေးလုပ်ငန်းတွေ့ရှိချက် အစီရင်ခံစာအရ ဧရာဝတီမြစ်အတွင်းမှာ ရေကြောင်းကြပ်တည်းတဲ့ နေရာများမှာ မြစ်ကြမ်းပြင် ထိန်းသိမ်းပြုပြင်တဲ့ နည်းစနစ်(Bed Regulation Method)နဲ့ ထိန်းသိမ်းဖို့

ဆိုပြီးတော့အကြံပြုခဲ့ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့ ၂၀၁၁ ခုနှစ်မှာ လက်ရှိရေလမ်းကြောင်း အခြေအနေအပေါ်မူတည်ပြီးတော့ ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်ဖို့စီမံချက်ကို ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ လေ့လာတွေ့ရှိချက်အရတော့ ဗန်းမော်ကနေ ရန်ကုန်အထိ ဧရာဝတီမြစ်အတွင်းမှာ ရေကြောင်းကြပ်တည်းတဲ့ကျဉ်းမြောင်းတဲ့နေရာ ၄၆ နေရာရှိပြီးတော့ ချင်းတွင်းမြစ်အတွင်းမှာတော့ ၃၇ နေရာရှိကြောင်းတွေ့ရှိရပါတယ်။ အဲ့ဒီတော့ ဒီဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်အတွင်းမှာရှိတဲ့ ရေကြောင်းကြပ်တည်းတဲ့ နေရာတွေကိုရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို တိုင်းပြည်ရဲ့ ဘဏ္ဍာငွေ၊ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲ့လိုဆောင်ရွက်တဲ့အခါမှာ ဧရာဝတီမြစ်အတွင်းမှာ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိကို စုစုပေါင်းဘဏ္ဍာငွေကျပ် သန်းပေါင်း ၂၇၁၇.၅၂၄ သန်း အသုံးပြုပြီးတော့ ကျွန်တော်တို့ မြေထိန်းနံရံ ၃၀၅၅ မီတာ၊ မျောတိုင်းတန်းရေကာ ၁၂၇၇၀ မီတာ၊ မျောတိုင်တန်းကျောက်ဖြည့်ရေကာ ၁၅၄၀ မီတာ၊ ကျောက်စီရေကာ ၁၄၉၃၀ မီတာ၊ မျောကရစ်တန်း ၅၆၂ စတုရန်းကီလိုမီတာ၊ သဲမွေ့ယာ ၇၃၄ စတုရန်းကီလိုမီတာ၊ သောင်ထိန်း ၂၅၇၈ မီတာနဲ့ သောင်တူးခြင်းလုပ်ငန်းကိုတော့ ကုဗမီတာ ၇၁၀၀၀၀ ခန့်ဆောင်ရွက်ခဲ့ပါတယ်။ ချင်းတွင်းမြစ်အတွင်းမှာတော့ အဲ့ဒီကာလအတွင်းမှာပဲ ဘဏ္ဍာ ငွေသန်းပေါင်း ၁၆၃၃.၆၀၀ သန်း အသုံးပြုပြီးတော့ မြေထိန်းနံရံ ၁၂၆၈ မီတာ၊ မျောတိုင်းတန်းရေကာ ၃၈၁၇ မီတာ၊ မျောတိုင်တန်းကျောက်ဖြည့်ရေကာ ၄၆၆၃ မီတာ၊ ကျောက်စီရေကာ ၅၆၈၂ မီတာ၊ သဲအိတ်စီရေကာ ၁၂၇၅ မီတာ၊ သဲစုပ်သောင်တူးခြင်း ကုဗမီတာ ၆၂၀၀၀ ခန့် ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်တို့ ဖွံ့ဖြိုးပြီးကမ္ဘာ့နိုင်ငံများမှာ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မြစ်ကြမ်းပြင် ပြုပြင်ထိန်းသိမ်းတဲ့ နည်းစနစ်အပြင် မြစ်ရေမျက်နှာပြင် ထိန်းချုပ်တဲ့နည်းစနစ် (Water Level Regulation Method)ဖြင့်လည်း ဆောင်ရွက်ကြကြောင်းလေ့လာသိရှိရပါတယ်။ သာဓကအနေနဲ့တော့ ကျွန်တော်တို့ အမေရိကန်နိုင်ငံ မစ္စစပီမြစ်(Mississippi River )နှင့် ဥရောပတိုက် ဒင်းညူမြစ်(Danube River )တွေမှာ မြစ်ရေမျက်နှာပြင်ထိန်းချုပ်တဲ့ နည်းစနစ်တွေကို အသုံးပြုပြီးတော့ Weir တွေ Navigation Lock တွေနဲ့ တွဲဖက်တည်ဆောက်ပြီးတော့ ရေကြောင်းသွားလာရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေးရေရရှိရေးအစရှိတဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွေကို

ဆောင်ရွက်လျက်ရှိကြောင်းတွေ့ရှိရပါတယ်။ ဒီသာဓကတွေကို နမူနာယူပြီးတော့ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်များမှာလည်း ဒီလိုစီမံဆောင်ရွက်ဖို့အတွက်ဆိုပြီးတော့ ဖြစ်နိုင်ခြေလေ့လာဆောင်ရွက် လျက်ရှိပါတယ်။

ဧရာဝတီမြစ်ရေလမ်းကြောင်း တိုးတက်ကောင်းမွန်ရေးနှင့် ရေအရင်းအမြစ်များဖော်ထုတ်ရေး လုပ်ငန်းနှင့်စပ်လျဉ်းပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပညာရှင်အဖွဲ့က ရေကြောင်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများဖြစ်တဲ့ Lock and Weir များနှင့် Flood Protection Project တွေကို လေ့လာဖို့အတွက် ပြီးခဲ့တဲ့နှစ် ၆-၁၀-၂၀၁၂ ရက်နေ့ထိ ၁၆-၁၀-၂၀၁၂ ရက်နေ့အထိ ဘယ်လ်ဂျီယံနိုင်ငံကို သွားရောက်ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဧရာဝတီမြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အကြိုဖြစ်မြောက် နိုင်စွမ်းလေ့လာခြင်းဆောင်ရွက်မယ့် အစီအစဉ်များကိုလည်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးကအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်သက်ဆိုင်ရာဌာန အကြီးအကဲများကို ကျွန်တော်တို့ ဘယ်လ်ဂျီယံနိုင်ငံ၊ SBE nv Engineering Co.,Ltd နှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ၁၉-၁၂-၂၀၁၂ ရက်နေ့မှာ ရှင်းလင်းတင်ပြခဲ့ပါတယ်။

ဧရာဝတီမြစ်မှာ ဘက်စုံရေစီမံခန့်ခွဲမှုဆောင်ရွက်နိုင်ရေးဖြစ်နိုင်ချေလေ့လာမှုအတွက် ပို့ဆောင် ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေဦးစီးဌာနနှင့် ဘယ်လ်ဂျီယံနိုင်ငံ SBE nv Engineering Co.,Ltd တို့အကြားမှာ နည်းလည်မှု စာချွန်လွှာကို ၁၁-၂-၂၀၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဧရာဝတီမြစ်ပေါ်မှာ မြစ်ဆုံကနေ ဟသ်ာတအထိ ရေတားတမံနှင့် (Low Head Dam) ၁၆ ခုတည်ဆောက်နိုင်တဲ့အနက် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသဖြစ်တဲ့ ရန္တပို(ဆီမီးခုံ)၊ လမ်းရွာ၊ မင်းလှနှင့်အောင်လံတို့မှာ စတင်ဆောင်ရွက်နိုင်ရန်အတွက် ဘယ်လ်ဂျီယံနိုင်ငံ SBE nv Engineering Co.,Ltd ကနေ ပထမအဆင့် ကနဦးဖြစ်မြောက်နိုင်စွမ်းလေ့လာနိုင်မှု Phase One ကို ဒီနှစ် ကျွန်တော်တို့ ၁-၃-၂၀၁၃ ရက်နေ့ကနေ စတင်ဆောင်ရွက်ခဲ့ရာ ဒီ ၄ နေရာစလုံးမှာ ဖြစ်မြောက်နိုင် စွမ်းရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီနေရာ ၄ နေရာအနက်ကတော့ အောင်လံ(ရိုးဆပ်)မှာ စတင်ပြီးတော့ ဆောင်ရွက်မယ်ဆိုရင်တော့ နည်းပညာအရ အားသာမှုအရှိဆုံးဖြစ်သော်လည်းပဲ မြန်မာ နိုင်ငံ မိုးနည်းရေရှားဒေသအတွင်း စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြေပြီး ရာသီဥတုကောင်းမွန်လာစေရေးနှင့် မြေအောက်ရေဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက်ကို ရည်ရွယ် ပြီးတော့ ရန္တပိုမှာဆောင်ရွက်နိုင်ရေးအတွက် ဒုတိယအကြိမ် ဖြစ်မြောက်နိုင်စွမ်း Phase Two လေ့လာ

ဖို့စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယအဆင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပြီးတော့ ဒီ Phase Two မှာတော့ ကျွန်တော်တို့ EIA, SIA နှင့် HIA ဆန်းစစ်ချက်တွေကိုပါပါဝင်မှာဖြစ်ပြီးတော့ ဆောင်ရွက်ရန်ကာလအချိန် ၁ နှစ်ခန့် အချိန်ယူဆောင်ရွက်ရမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ဧရာဝတီနှင့်ချင်းတွင်းမြစ်အတွင်းမှာ ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းတွေကိုတော့ လက်ရှိဘဏ္ဍာငွေရရှိတဲ့ အပေါ်မှာမူတည်ပြီးတော့ နှစ်အလိုက်ဦးစားပေး အစီအစဉ်တွေရေးဆွဲဆောင်ရွက်လျက်ရှိကြောင်းလည်း ကျွန်တော်စောစောကတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ခုနကပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြခဲ့သလိုပဲ တရုတ်နိုင်ငံကနေပြီးတော့ သောင်တူးရေယာဉ်များဝယ်ယူခဲ့တာ ဩဂုတ်လက ရောက်ရှိပြီးတော့ စမ်းသပ်လွှဲပြောင်းလက်ခံဖို့ ကျွန်တော်တို့ဆီမှာစမ်းသပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီသောင်တူးရေယာဉ်တွေကို အခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ခုနက ချင်းတွင်းမြစ်ကြောင်းနှင့် ဧရာဝတီမြစ်ကြောင်း သောင်တူးဖော်ရန်လိုအပ်တဲ့နေရာတွေမှာ ဆောင်ရွက်သွားဖို့လည်းအသုံးပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်၍ ရေစကြိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဌေးအောင် မေးမြန်းတဲ့ ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်ကြီးများ ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီးတော့ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် သန်းပေါင်း ၁၂၂၄.၇၀ နဲ့ ဧရာဝတီမြစ်ရေလမ်းကြောင်းလုပ်ငန်းတွေကို ကျွန်တော်တို့ ရေကြောင်းပျက်တဲ့နေမှာ အသေးစိတ်ပြန်လည်တိုင်းတာပြီးတော့ ဦးစားပေးလုပ်ငန်းတွေကိုချမှတ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့အတူပဲ ချင်းတွင်းမြစ်အတွင်းမှာလည်း ကျွန်တော်တို့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ၃၂၂.၂၀ သန်းနဲ့ ကျွန်တော်တို့ ဦးစားပေးဆောင်ရွက်သင့်သည့်နေရာတွေကို ထပ်မံပြီး ကွင်းဆင်းတိုင်းတာပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အာလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

အချိန်၊ ၁၁း၄၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ယခင်အစိုးရ အဆက်ဆက်ထုတ်ဝေခဲ့သော ငွေစက္ကူများ၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၏ရုပ်ပုံအားအလေးထားဖော်ပြဂုဏ်ပြုထုတ်ဝေခဲ့ပါသည်။ ယခုထုတ်ဝေလျက်ငွေစက္ကူများတွင် တစ်ထောင်ကျပ်တန်အထိမှာ ခြင်္သေ့ပုံများဖော်ပြထားသည်ဖြစ်ရာအဆိုပါခြင်္သေ့ပုံသည် နိုင်ငံရေး ပါတီတစ်ခု၏ တံဆိပ်အမှတ်အသားဖြစ်နေကြောင်း တွေ့ရှိနေရပါသည်။ သို့အတွက် နိုင်ငံရေး ပါတီတစ်ခု၏ တံဆိပ်အမှတ်အသားအား နိုင်ငံတော်အဆင့်အမှတ်အသားနှင့်မတူသင့်ဟု ယူဆ ပါသည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံးက ကြည်ညိုလေးစားပြီး ကမ္ဘာကပါလေးစားခံရသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံများဖြင့် ငွေစက္ကူများ၏ တန်ဖိုး အသီးသီးတွင်ယခင်ခေတ်အဆက်ဆက်ကအတိုင်း ပြန်လည်အစားထိုးထုတ်ဝေပေးရန် ဤလွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒါကြောင့် ဦးသိန်းညွန့် အားအဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော် နောက်ကြောင်း ဖြစ်စဉ်လေးတချို့ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြလိုပါတယ်။ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှာကိုက ကျွန်တော် ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ နိုင်ငံတော်အစိုးရမှ နောင်ဆက်လက် ရိုက်နှိပ်မည့် နိုင်ငံတော်၏ငွေစက္ကူများတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏

ရုပ်ပုံများကို ငွေစက္ကူတွင်ထည့်သွင်းဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်ကဲ့သို့ ဆောင်ရွက်ပေးပါမည်နည်းဆိုတဲ့မေးခွန်းကို ကျွန်တော်မေးခဲ့ပါတယ်။ ဒါပေမယ့် ပြန်ဖြေတဲ့အခါ ကျတော့ ကြယ်ပွင့်မပြမေးခွန်းမျိုးအပြင် ထိပ်တန်းလျှို့ဝှက်ဆိုပြီးပါလာတဲ့အတွက် အဲဒီအချိန်တုန်းက ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဖြေဆိုချက်ကို အများပြည်သူသိရှိအောင် ကျွန်တော်မဖော်ပြနိုင်ခဲ့ပါဘူး။ နောက် ဒီအဆိုနှင့်ပတ်သက်ရင်လည်း ၁၂-၉-၂၀၁၃ နေ့ ရန်ကုန်တိုင်းဒေသကြီးမှာ သယ်န်းကျွန်း မဲဆန္ဒနယ်အမှတ်(၁) ဦးကျော်ကတင်သွင်းခဲ့တဲ့အခါမှာ ဒါဟာ ပြည်ထောင်စုအဆင့်မှသာ ဆွေးနွေး သင့်ပါတယ်လို့ အကြံပြုတဲ့အတွက် အဲဒီအချိန်တုန်းက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ တင်သွင်းတဲ့အဆိုအတိုင်းပါပဲ။ ပြည်ထောင်စုလွှတ်တော်ကို ကျွန်တော် ဆက်လက်တင်ပြခြင်းဖြစ်ပါ တယ်။ အဆိုကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ယခင်အစိုးရ အဆက်ဆက်ထုတ်ဝေ ခဲ့သော ငွေစက္ကူများ၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံအား အလေးထား ဖော်ပြဂုဏ်ပြုထုတ်ဝေခဲ့ပါသည်။ ယခုထုတ်ဝေလျက်ငွေစက္ကူများတွင် တစ်ထောင်ကျပ်တန်အထိမှာ ခြင်္သေ့ပုံများဖော်ပြထားသည်ဖြစ်ရာ အဆိုပါခြင်္သေ့ပုံသည် နိုင်ငံရေးပါတီတစ်ခု၏ တံဆိပ်အမှတ် အသားဖြစ်နေကြောင်း တွေ့ရှိနေရပါသည်။ သို့အတွက် နိုင်ငံရေးပါတီတစ်ခု၏ တံဆိပ်အမှတ်အသား အား နိုင်ငံတော်အဆင့်အမှတ်အသားနှင့် မတူသင့်ဟု ယူဆပါသည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံးက ကြည်ညိုလေးစားပြီး ကမ္ဘာကပါ လေးစားခံရသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၏ရုပ်ပုံများဖြင့်ငွေစက္ကူများ၏ တန်ဖိုးအသီးသီးတွင် ယခင်ခေတ်အဆက်ဆက်ကအတိုင်း ပြန်လည် အစားထိုးထုတ်ဝေပေးရန် ဤလွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းဆိုတဲ့ အဆိုဖြစ်ပါတယ်။ ဒီအဆိုနှင့် ပတ်သက်ပြီးတော့ အခုလို လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ဦးဆောင်မှုနဲ့ ကျွန်တော်တို့လွှတ်တော်ရဲ့ နိုင်ငံရေး ရင့်ကျက်လာတဲ့အချိန်မှာ တင်သွင်းခွင့်ရတဲ့အတွက် ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးတင်ပါကြောင်း ဦးစွာကျွန်တော်ပြောကြားလိုပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ကျွန်တော်တင်သွင်းတဲ့နေရာမှာ ကျွန်တော် အကြောင်းပြချက်အနေနဲ့ကတော့ နိုင်ငံတကာအစဉ်အလာနှင့် ပြည်တွင်းအစဉ်အလာများကို ကျွန်တော်တင်ပြပါမယ်။ နိုင်ငံတကာအစဉ်အလာကိုပြောတဲ့အခါမှာ ကျွန်တော်တို့ အာဆီယံနိုင်ငံ တွေထဲမှာ ဦးဆောင်တည်ထောင်ခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ ငွေကြေးပေါ့။ ရူပီဟာဆိုရင်လည်း ယနေ့ အချိန်အထိ အမျိုးသားခေါင်းဆောင်ကြီးများပုံနဲ့ ထုတ်ဝေလျက်ရှိပါတယ်။ ဒီလိုပါပဲ။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံ ထိုင်းနိုင်ငံမှာလည်း ဘတ်ငွေကို ဘုရင်ဘုမိဘောပုံနဲ့ပဲထုတ်ဝေပါတယ်။ နောက်

ကျွန်တော်တို့ အိမ်နီးချင်းဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ ယွမ်ငွေမှာလည်း ခေါင်းဆောင်ကြီး မော်စီတုံးရဲ့ပုံနဲ့ပဲ ငွေကြေးတံဆိပ်တွေကို ထုတ်ဝေကြပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ ဖော်ပြချင်တဲ့တစ်ချက်ကတော့ အမေရိကန်နိုင်ငံမှာ အမေရိကန်နိုင်ငံရဲ့ ဒေါ်လာတွေကိုကြည့်ရင် သူတို့နိုင်ငံရဲ့လွတ်လပ်ရေးတိုက်ပွဲကိုဦးဆောင်ပြီးတော့ နိုင်ငံကိုပထမဦးဆုံး သမ္မတကြီးဖြစ်တဲ့ ဂျော့ဝါရှင်တန်ပုံနဲ့ထုတ်ဝေပါတယ်။ အဲဒီအပြင် ကျွန်စနစ်ကိုပျောက်အောင် သမိုင်းမှာစွမ်းဆောင်ပေးခဲ့တဲ့ သမ္မတကြီးလင်ကွန်းပုံနဲ့ထုတ်ပါတယ်။ အခုနောက်ဆုံးထုတ်တဲ့ ဒေါ်လာငွေစက္ကူ တစ်ရာတန်ထင်ပါတယ်။ ဒီအမေရိကန်အခြေခံဥပဒေကြီးရေးဆွဲစဉ်ကပါခဲ့တဲ့ ဒိန်ဂျာမင်ဖရင်ကလင်လိုပုဂ္ဂိုလ်မျိုးရဲ့ ပုံရိပ်ပုံများနှင့် ငွေစက္ကူများကိုထုတ်ဝေခဲ့ပါတယ်။ အဲဒီတော့ ဒီနေ့ အမေရိကန်နိုင်ငံနဲ့ပတ်သက်ပြီးရင်တော့ မှတ်မှတ်ရရပြောရရင် ဒီနေ့ပဲ ဖိလစ်ပိုင်နိုင်ငံမှာ အခုကြုံကြိုက်နေတဲ့ ဆူပါတိုက်ဖွန်းနဲ့ပတ်သက်ပြီး အသေအကျေပျက်စီးအမြောက်အမြားဖြစ်တဲ့အခါမှာ လာရောက်ကူညီတဲ့ ရေယာဉ်တင်သင်္ဘောကြီးဆိုရင်လည်း ဂျော့ဝါရှင်တန်နာမည်ပေးထားပါတယ်။ ဒီလို စစ်ရေယာဉ်တွေကအစပေါ့။ အခုနောက်ဆုံး လေယာဉ်တင်သင်္ဘောကြီးဆိုရင် သမ္မတဟောင်း ဂျော့ရက်ဖိုဒ့်စ် နာမည်နဲ့ပေးထားပါတယ်။ အဲဒီတော့ နိုင်ငံရဲ့အဓိကရဖြစ်တဲ့ စစ်သင်္ဘောကြီးများ၊ ငွေကြေးများကို အမည်ပေးတိုင်းပေးတိုင်း သူတို့နိုင်ငံရဲ့သမိုင်းမှာ အဓိကရနိုင်ငံကိုအကျိုးပြုခဲ့တဲ့ သမ္မတများ၊ နိုင်ငံ့ခေါင်းဆောင်များနဲ့ပတ်သက်တဲ့ပုံတွေနဲ့ သူတို့ထုတ်ဝေခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ကျွန်တော်တို့ပြန်ကြည့်လိုက်ရင် လွတ်လပ်ရေးရပြီး ငွေကြေးအုပ်ချုပ်မှုအဖွဲ့ကနေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်ကိုလွှဲပြောင်းပြီး နောက်ဆုံး ဗဟိုဘဏ်အဆင့်ဆင့်ထိပေါ့လေ။ ၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်အထိ ထုတ်ဝေခဲ့တဲ့ငွေစက္ကူတွေမှာ တစ်ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်၊ ဆယ်ငါးကျပ်တန်၊ နှစ်ဆယ်တန်၊ ငါးဆယ်တန်၊ ခုနှစ်ဆယ့်ငါးကျပ်တန်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံနဲ့ကျွန်တော်တို့ ရိုက်နှိပ်ဖြန့်ဝေခဲ့ပါတယ်။ အဲဒီလိုပဲ ၁၉၅၉ ခုနှစ်တို့ ၁၉၆၆ ခုနှစ်တို့မှာ ထုတ်ဝေခဲ့တဲ့ ငွေကြေးအကြွေစေ့တွေကိုလည်း အမျိုးသားခေါင်းဆောင်ကြီးရဲ့ပုံနဲ့ထုတ်ဝေခဲ့ပါတယ်။ အဲဒီမှာမှတ်မှတ်ရရပြောရရင်တော့ ၁၉၆၅ ခုနှစ်လောက်က ထုတ်ဝေခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံ စစ်ဝတ်စစ်စားနဲ့ရိုက်ထားတဲ့ပုံဆိုရင် အဲဒီခေတ်လူငယ်တွေအတွက် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နဲ့ ကိုယ့်သမိုင်းမှာ စွန့်လွှတ်ပေးဆပ်သူရဲ့ အခန်းကဏ္ဍကို အစဉ်အသိအမှတ်ပြုလောက်အောင်ပင်လျှင် အဲဒီငွေစက္ကူတွေဟာ စွဲဆောင်နိုင်ခဲ့ပါတယ်။ အခုဆိုရင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပုံတင်မကပါဘူး။ ကျွန်တော်တို့ နိုင်ငံ့ရဲ့သမိုင်းမှာ ကျွန်တော်တို့ လွတ်လပ်ရေးရဖို့အတွက် ရရာလက်နက်နဲ့ နယ်ချဲ့အင်္ဂလိပ်ကို စွဲကိုင်တိုက်ပွဲဝင်ခဲ့တဲ့ တောင်သူ

လယ်သမားခေါင်းဆောင်ကြီး ဆရာစံ၊ အဲဒီအပြင် အလုပ်သမားခေါင်းဆောင်ကြီး သခင်ဖိုးလှကြီးတို့ပုံနဲ့လည်း ကျွန်တော်တို့ ငွေစက္ကူတွေထုတ်ဝေခဲ့ပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်မှတ်မှတ်ရရပြောရရင် ဟိုတစ်နေ့ တုန်းက ကျွန်တော်တို့လွှတ်တော်မှာ အရေးကြီးအဆိုအဖြစ် ချောက်မဲဆန္ဒနယ်က ဦးသိန်းလွင်ကနေ ၁၃၀၀ ပြည့်နှစ် စိန်ရတုသဘင်ကျင်းပဖို့ အဆိုတင်သွင်းတဲ့အခါမှာ ကျွန်တော်အင်မတန်မှ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ တစ်ကြိမ်တည်းမှာ ကျွန်တော်တို့ကျောင်းသားဘဝတုန်းက ၁၃၀၀ ပြည့် သီချင်းနဲ့ပတ်သက်ပြီး အင်မတန်မှ နိုင်ငံရေးအရလှုံ့ဆော်ပေးခဲ့တဲ့ စန္ဒယားချစ်ဆွေရဲ့ ရေနံမြေသပိတ်တပ်ကြီးချီတက်လာချိန်တွင် ရန်သူနယ်ချဲ့အလံကို လဲဖို့ကြံစည်သည်ဆိုတဲ့ တေးသီချင်းသံများကို ပြန်လည်ကြားယောင်ပြီးတော့ ကျွန်တော်အတိတ်ခံစားမှုများသည်ပင် ဖြစ်ပေါ်ခဲ့ရပါတယ်။ ဒီအတွက် ဒီအဆိုကိုတင်သွင်းသူ ဦးသိန်းလွင်ရော၊ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ဦးဆောင်မှုပေးခဲ့တဲ့ ဥက္ကဋ္ဌကြီးရဲ့အခန်းကဏ္ဍကို ကျွန်တော် လေးလေးစားစားဂုဏ်ပြုမှတ်တမ်းတင်ပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပြင် သခင်ဖိုးလှကြီး၊ ဆရာစံတို့ပုံတွေနဲ့ထုတ်ဝေခဲ့သလို ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လွတ်လပ်ရေးတိုက်ပွဲဝင်ရင်းကျဆုံးခဲ့တဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ အဲဒီမှာ တိုင်းရင်းသားခေါင်းဆောင်တွေလည်း ပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခုလို အမျိုးသားပြန်လည်သင့်မြတ်ရေးတို့၊ အမျိုးသားစည်းလုံးညီညွတ်တို့လုပ်နေတဲ့အချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ကျွန်တော်တို့ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ ပုံနဲ့ငွေစက္ကူများပြန်လည်ထုတ်ဝေမယ်ဆိုရင် အခုကျွန်တော်တို့ သွားနေတဲ့ပြုပြင်ပြောင်းလဲမှုကာလမှာ နိုင်ငံရေးအရ အများကြီး အဆင့်မြှင့်ပေးနိုင်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ရဲ့အခန်းကဏ္ဍကလည်း ပြောင်းလဲလာတဲ့နိုင်ငံရေးအခြေအနေနှင့်အညီ ကျွန်တော်တို့ဆောင်ရွက်နိုင်တယ်ဆိုတာ ပြည်သူတွေကို၊ တိုင်းပြည်ကို ကျွန်တော်တို့ပြသနိုင်မှာပါ။ အထူးသဖြင့် နောင်မျိုးဆက်လူငယ်တွေအတွက် ဗိုလ်ချုပ်အောင်ဆန်းပုံကို ငွေစက္ကူမှာရိုက်နှိပ်ထားခြင်းအားဖြင့် သမိုင်းအဆက်မပြတ်တော့ပါဘူး။ နောက်တစ်ခါ သာမန်ပြည်သူတွေပြောတဲ့ စကားတစ်ခုကိုပဲ ပြောရရင် ဗိုလ်ချုပ်ပုံနဲ့ကိုင်တဲ့ငွေစက္ကူဖြစ်တဲ့အခါကျတော့ ဘာပြောပြောလေးလေးစားစား တန်ဖိုးထားပြီးကိုင်တွယ်ကြတယ်ဆိုတဲ့ဟာကိုလည်း ကျွန်တော်တို့ကြားခဲ့၊ သိခဲ့၊ မြင်ခဲ့ရပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့အပြင် ကျွန်တော်မေးခွန်းကိုဖြေတဲ့အချိန်တုန်းက အဲဒီမှာ အချက်တစ်ချက်ပါပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ ဒီဟာကိုလည်း ကျွန်တော်ရှင်းလင်း

ချင်တဲ့သဘောပါပါတယ်။ အဲဒါကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နောက်ထပ်ငွေစက္ကူများ ရိုက်နှိပ်ရန်ရှိသည့်အခါ အခြေအနေအချိန်အခါနဲ့ ဆီလျော်မယ့်အကြောင်းအရာများကို ထည့်သွင်းရိုက်နှိပ်သွားမှာဖြစ်ကြောင်းဆိုပြီးတော့ ဖြေကြားခဲ့ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အခုလို အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ထူထောင်နေတဲ့အခါမှာ အခု ဗဟိုဘဏ်ကလည်းလွတ်လပ်တဲ့ဗဟိုဘဏ်ဖြစ်တဲ့အတွက် နောက်ထပ်ငွေစက္ကူအသစ်များ ရိုက်နှိပ်တဲ့အခါမှာ ငွေစက္ကူအဟောင်းများကို ပြန်လည်ပြီးတော့ အသစ်နဲ့လဲလှယ်ပေးတဲ့အခါမှာ ကျွန်တော်တို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ကျွန်တော်တို့ တိုင်းရင်းသားခေါင်းဆောင်များ၊ အာဇာနည်များပါဝင်တဲ့ ရုပ်ပုံလွှာများကို ငွေစက္ကူမှာ ရိုက်နှိပ်ပေးမယ်ဆိုရင် ကျွန်တော်တို့က ကျွန်တော်တို့သမိုင်းအပေါ်မှာ အင်မတန်မှ အလေးအနက်ထားတဲ့လူမျိုး နောင်မျိုးနွယ်ဆက်များအတွက်လည်း တိုင်းချစ်ပြည်ချစ်စိတ်များပေါ်ထွန်းလာဖို့အတွက် ကျွန်တော်တို့ ငွေစက္ကူကကမ္ဘာကပင်လျှင် တာဝန်ကျေပွန်စွာဆောင်ရွက်ခဲ့ကြောင်းပြသနိုင်ဖို့အတွက် ဒီအဆိုကို ကျွန်တော်တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒီအတွက် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အားလုံး ဒီအဆိုနှင့်ပတ်သက်ပြီးတော့ လေးလေးနက်နက်စဉ်းစားပေးပါရန် မေတ္တာရပ်ခံရင်းနဲ့ ကျွန်တော်နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်း(ရွှာငံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းသည့် ငွေစက္ကူများပေါ်တွင် မြန်မာတစ်နိုင်ငံလုံးက ကြည်ညိုလေးစားပြီး ကမ္ဘာကပါလေးစားခံရသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံလွှာဖြင့် ခေတ်အဆက်ဆက်ကအတိုင်း ပြန်လည်အစားထိုးထုတ်ဝေရန် ဤလွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်တွင် လက်ခံဆွေးနွေးရန်အတွက် ရှမ်းပြည်နယ်၊ ရွှာငံမဲဆန္ဒနယ်မှ ကျွန်တော် ဦးအောင်သိန်းကထောက်ခံပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံဗဟိုဘဏ်က ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးအနေနဲ့ ကျွန်မတို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ကမ္ဘာပေါ်မှာ၊ တိုင်းပြည်အသီးသီးမှာ ဘယ်လို ငွေစက္ကူတွေထုတ်ဝေတယ်ဆိုတဲ့အကြောင်း ကျွန်မ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ တိုင်းပြည်အသီးသီးမှာ သူတို့ ဗဟိုဘဏ်တွေ တည်ထောင်ကြပြီးတော့ ငွေဒင်္ဂါးနှင့် ငွေစက္ကူတွေ ထုတ်ဝေကြပါတယ်။ ငွေစက္ကူရိုက်နှိပ်ထုတ်ဝေတဲ့အခါမှာ နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံရဲ့ အခြေအနေနဲ့ အချိန်အခါကိုလိုက်ပြီးတော့ မိမိတို့နိုင်ငံရဲ့ ထင်ရှားတဲ့ခေါင်းဆောင်များ၊ ထင်ရှားတဲ့အဆောက်အဦများ၊ ရှုခင်းများ၊ အထိမ်းအမှတ်ပုံများဖြင့် ထုတ်ဝေလေ့ရှိကြောင်းတွေ့ရှိရပါတယ်။ ဥရောပနိုင်ငံများ၊ အာဆီယံနှင့်မိတ်ဖက်နိုင်ငံများမှာလည်း ၎င်းတို့နိုင်ငံရဲ့ ငွေစက္ကူများမှာ နိုင်ငံရဲ့ထင်ရှားတဲ့ ခေါင်းဆောင်များ၊ ထင်ရှားတဲ့အဆောက်အဦများ၊ ရှုခင်းများ၊ အထိမ်းအမှတ်များ စသည်တို့ဖြင့် ထုတ်ဝေတာကိုတွေ့ရှိရပါတယ်။ ဥပမာအားဖြင့်တင်ပြရလျှင် ဖိလစ်ပိုင်နိုင်ငံသုံး ပီဆိုငွေစက္ကူ တစ်ပီဆို၊ နှစ်ပီဆို၊ ဆယ်ပီဆို၊ နှစ်ဆယ်ပီဆိုတန်များကို သဘာဝရှုခင်းပုံ၊ သိမ်းငှက်ပုံတို့ဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့ကြောင်းတွေ့ရှိရပါတယ်။ အလားတူပဲ ယူဂန်နမ်နိုင်ငံသုံးရှိ ငါးရှီလင်၊ တစ်ဆယ်ရှီလင်၊ ငါးရာတန် ငွေစက္ကူနဲ့ တန်ဆန်နီးယားနိုင်ငံသုံး ရှီလင် တစ်သောင်းတန် ငွေစက္ကူများမှာလည်း ဖျိုင်း၊ သမင်၊ ဒေါင်း၊ ဆင်၊ ကြံ့၊ ခြင်္သေ့စသည့် တိရစ္ဆာန်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့သည်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးတဲ့နောက် ငွေကြေးအုပ်ချုပ်မှု အဖွဲ့က ၁၉၅၂ ခုနှစ်မှာ ပထမဦးဆုံး တစ်ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်နှင့် တစ်ရာတန် ငွေစက္ကူ ၄ မျိုး ထုတ်ဝေခဲ့ပြီးတော့ ငွေစက္ကူတွေမှာ ကဒေါင်းပုံ၊ ခြင်္သေ့ပုံ၊ ရွက်လွှင့်ပုံ၊ဗိုင်းငင်ပုံ၊ သစ်ဆင်ဆွဲနေတဲ့ပုံနဲ့ လယ်ထွန်နေတဲ့ပုံများ ရိုက်နှိပ်ထုတ်ဝေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်က လွှဲပြောင်းတာဝန်ယူခဲ့ပြီးတဲ့နောက်မှာ ၁-၇-၁၉၅၂ ခုနှစ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ် စာတမ်းနှင့် ဦးစံလင်းလက်မှတ်ပါတဲ့ တစ်ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်နှင့် တစ်ရာတန်ငွေစက္ကူများကို လည်းကောင်း၊ ၁၂-၂-၁၉၅၈ ခုနှစ်မှာ တစ်ကျပ်တန်၊ ငါးကျပ်တန်နှင့် တစ်ရာတန်ငွေစက္ကူများကို လည်းကောင်း၊ ၂၁-၈-၁၉၅၈ ခုနှစ်မှာ နှစ်ဆယ်တန်နှင့် ငါးဆယ်ကျပ်တန် ငွေစက္ကူများကို လည်းကောင်း နိုင်ငံ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံဖြင့် ထုတ်ဝေခဲ့ပါတယ်။ ၃-၄-၁၉၆၅

ခုနှစ်မှာထုတ်ဝေတဲ့ တစ်ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်နှင့် နှစ်ဆယ်တန်ငွေစက္ကူများမှာလည်း ဗိုလ်ချုပ်အောင်ဆန်းပုံကိုမျက်နှာစာမှာ ဖော်ပြပြီးတော့ ကျောဘက် မှာရေလုပ်သား ငါးဖမ်းနေတဲ့ပုံ၊ လယ်သမားတစ်ဦးနှင့် နွားယှဉ်ပြီးရပ်နေတဲ့ပုံ၊ မြန်မာအမျိုးသမီး ဝါခူးနေတဲ့ပုံနဲ့ လယ်ထွန်စက်နဲ့ လယ်ထွန်နေတဲ့ပုံတွေကို ထည့်သွင်းရိုက်နှိပ်ထားတာတွေ့ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံ ဘဏ်အဖြစ် ပြောင်းလဲဖွဲ့စည်းပြီးတဲ့နောက်မှာ တစ်ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်၊ ဆယ်ငါး ကျပ်တန်၊ နှစ်ဆယ့်ငါးကျပ်တန်၊ သုံးဆယ့်ငါးကျပ်တန်၊ လေးဆယ့်ငါးကျပ်တန်၊ ခုနှစ်ဆယ့်ငါးကျပ်တန်၊ ကိုးဆယ်တန်နှင့် တစ်ရာကျပ်တန် ငွေစက္ကူများထုတ်ဝေခဲ့ပြီးတော့ မျက်နှာစာမှာ ဗိုလ်ချုပ်အောင်ဆန်း ရဲ့ပုံ၊ ကျောဘက်မှာရေလုပ်သားငါးဖမ်းနေတဲ့ပုံ၊ ဆွမ်းအုပ်ပုံ၊ မင်းသားပုံ၊ လယ်ထွန်စက်နှင့် ထွန်ယက် နေတဲ့ပုံ၊ တိုးနယားပုံ၊ သခင်ဖိုးလှကြီးပုံ၊ ဆရာစံရဲ့ပုံ၊ စောင်းကောက်ပုံတို့ဖြင့်ရိုက်နှိပ်ဖော်ပြခဲ့ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဖြစ် ပြောင်းလဲဖွဲ့စည်းပြီးတဲ့နောက်ပိုင်းမှာ ၁-၃-၁၉၉၀ ပြည့်နှစ်မှာ တစ်ကျပ်တန်ငွေစက္ကူ စတင်ထုတ်ဝေခဲ့ပြီးတော့ အဲဒီငွေစက္ကူမှာ ဗမာ့ကာကွယ်ရေးတပ်မတော် ဝတ်စုံဖြင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံကို ရိုက်နှိပ်ဖော်ပြခဲ့ပါတယ်။ ၂၇-၃-၁၉၉၀ ပြည့်နှစ်မှာထုတ်ဝေတဲ့ နှစ်ရာကျပ်တန်ငွေစက္ကူရဲ့ မျက်နှာစာမှာ မြန်မာ့အနုပညာလက်ရာမြောက် ကေသရာဇာခြင်္သေ့မင်းပုံနဲ့ ကျောဘက်မှာလုပ်ငန်းဝင်သစ်ဆွဲနေတဲ့ဆင်ပုံတို့ကို ရိုက်နှိပ်ဖော်ပြထားပါတယ်။ ဆက်လက်ပြီးတော့ ၂၇-၃-၁၉၉၄ ရက်နေ့မှာထုတ်ဝေခဲ့တဲ့ နှစ်ဆယ်ကျပ်တန်၊ ငါးဆယ်ကျပ်တန်၊ တစ်ရာတန်နှင့် ငါးရာ ကျပ်တန်ငွေစက္ကူများရဲ့ မျက်နှာစာမှာ မြန်မာ့အနုပညာလက်ရာမြောက် ကေသရာဇာခြင်္သေ့မင်းပုံ၊ ကျောဘက်မှာ ပြည်သူ့ရင်ပြင်ရှိဆင်ရုပ်ခံရေပန်းပုံ၊ မြန်မာ့ရိုးရာယွန်းထည်လုပ်ငန်းပုံ၊ မြန်မာရိုးရာ ပန်းတော့လုပ်ငန်းပုံ၊ မဟာဗန္ဓုလကြေးသွန်းရုပ်ပုံများကို ရိုက်နှိပ်ထားပါတယ်။ အဲဒီနောက်ပိုင်း ၁-၅-၁၉၉၅ ခုနှစ် မှာ ငါးကျပ်တန်နှင့် တစ်ဆယ်ကျပ်တန် ငွေစက္ကူများကိုလည်းကောင်း၊ ၃၀-၁၀-၁၉၉၆ ခုနှစ်မှာ တစ်ကျပ်တန်ငွေစက္ကူများကိုလည်းကောင်း ထုတ်ဝေတဲ့အခါမှာ မျက်နှာစာမှာ ကေသရာဇာခြင်္သေ့မင်းပုံ၊ ကျောဘက်မှာခြင်းခတ်ပုံ၊ ကရဝိတ်ဖောင်ပုံ၊ လှေပြိုင်ပွဲပုံစသည်တို့ကို ရိုက်နှိပ်ထားပါတယ်။ ၂၅-၁၁-၁၉၉၈ ရက်နေ့မှာ တစ်ထောင်တန်ငွေစက္ကူကို ထုတ်ဝေခဲ့ပြီးတော့ ငွေစက္ကူရဲ့မျက်နှာစာမှာ ကေသရာဇာခြင်္သေ့မင်းပုံနဲ့ ကျောဘက်မှာမြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံပုံတို့ကို ရိုက်နှိပ်ထုတ်ဝေခဲ့ပါတယ်။ ၁၁-၁၀-၂၀၀၄ ရက်နေ့မှာ နှစ်ရာကျပ်တန်၊ ငါးရာ ကျပ်တန်၊ တစ်ထောင်ကျပ်တန်အရွယ်အစားသစ် ငွေစက္ကူများထပ်မံထုတ်ဝေခဲ့ပြီးတော့ အဲဒီ ငွေစက္ကူတွေရဲ့ မျက်နှာစာမှာမြန်မာ့အနုပညာလက်ရာမြောက် ကေသရာဇာခြင်္သေ့မင်းပုံ၊ ကျောဘက်

မှာ ဆင်ဖြင့်သစ်ဆွဲနေပုံ၊ မဟာဗန္ဓုလကြေးသွန်းရုပ်ထုထုတ်လုပ်နေပုံနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံပုံတို့ကိုရိုပ်နှိပ်ထုတ်ဝေခဲ့ပါတယ်။ ၁-၁၀-၂၀၀၉ ရက်နေ့မှာ ထုတ်ဝေခဲ့တဲ့ ငါးထောင် တန်ငွေစက္ကူမှာလည်း မြန်မာ့အနုပညာလက်ရာမြောက် ဆင်ဖြူတော်ပုံကို မျက်နှာစာမှာဖော်ပြပြီး ကျောဘက်မှာ ပြည်ထောင်စုလွှတ်တော်အဆောက်အအုံပုံကို ရိုက်နှိပ်ထားတာကိုတွေ့ရှိရမှာဖြစ်ပါ တယ်။ မြန်မာနိုင်ငံမှာ ၁၅-၆-၂၀၁၂ ရက်နေ့က စတင်ထုတ်ဝေခဲ့တဲ့ တစ်သောင်းကျပ်တန်ငွေစက္ကူ မျက်နှာစာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မြေပုံ သပြေနှစ်ခက်၊ ဆင်ဖြူတော်နှစ်စီးက မျက်နှာချင်းဆိုင်တည်ရှိပြီးတော့ ထိပ်မှာကြာဖြူတစ်ပွင့်ရိုက်နှိပ်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျောဘက်မှာတော့ ရတနာပုံမန္တလေးနန်းတော်ကြီး မြို့ရိုးနှင့် ကျုံးပုံရိုက်နှိပ်ထားပါတယ်။ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ကေသရာဇာခြင်္သေ့မင်းပုံပါငွေစက္ကူများကို ၁၉၅၂ ခုနှစ်ကတည်းက ထုတ်ဝေခဲ့ခြင်းဖြစ်ပြီးတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ၂၀၁၀ ပြည့်နှစ် မေလမှာ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ပါတီအဖွဲ့အစည်း တစ်ခုရဲ့ တံဆိပ်အမှတ်အသားကို ငွေစက္ကူရိုက်နှိပ်ထုတ်ဝေခြင်းမဟုတ်ပါကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေအခန်း(၉) ပုဒ်မ ၆၅ မှာ ဗဟိုဘဏ်သည် ငွေစက္ကူများနှင့် ဒင်္ဂါး၏တန်ဖိုးအဆင်အပြင် ဖွဲ့စည်းပါဝင်သည့် ဝတ္ထုပစ္စည်းနှင့် အခြားခွဲခြားနိုင်သည့် လက္ခဏာများကို အစိုးရအဖွဲ့၏သဘော တူညီချက်ဖြင့် သတ်မှတ်ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းပါရှိပါတယ်။ အဲဒီအတိုင်းပဲ မြန်မာနိုင်ငံတော်ဗဟို ဘဏ်အနေနဲ့ နောက်ထပ်ငွေစက္ကူများထပ်မံထုတ်ဝေရန်ရှိတဲ့အခါမှာ ထင်ရှားသောနိုင်ငံ့ခေါင်းဆောင် များ၊ နိုင်ငံ့၏ ထင်ရှားသော အဆောက်အအုံများ၊ ရှုခင်းများ၊ အထိမ်းအမှတ်ပုံများစသည်တို့ကို အခြေအနေအချိန်အခါနဲ့လိုက်လျောညီထွေရှိမယ့်ပုံများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထည့်သွင်းရိုက်နှိပ် ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုတင်သွင်းသူ ဦးသိန်းညွန့် ဆွေးနွေးလိုကပြန်ဆွေးနွေးနိုင်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌရဲ့ ဖြေကြားချက်ထဲမှာ နောင်ဆက်လက်ရိုက်နှိပ်တဲ့အခါမှာ ထင်ရှား သောခေါင်းဆောင်များဆိုတဲ့အပိုဒ်ပါလာတဲ့အတွက် ကျွန်တော့် ဒီအဆိုကို လွှတ်တော်မှ မှတ်တမ်းတင် ပေးထားဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့်တင်သွင်းသွားတဲ့အဆိုကို သက်ဆိုင်ရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌမှ ဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ် တစ်ပါတည်းရယူသွားမှာဖြစ်ပါတယ်။ အဆိုရှင် ဦးသိန်းညွန့်ကလည်း ပြန်လည်ရှင်းလင်း တင်ပြတဲ့ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ထဲမှာပါရှိသွားတဲ့ အကြောင်းအရာပေါ်မူတည် ပြီးတော့ လွှတ်တော်က မှတ်တမ်းတင်ထားရှိဖို့ ပြန်လည်အဆိုပြုတင်ပြသွားပါတယ်။ ဒါကြောင့် ဦးသိန်းညွန့်တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်မှာမှတ်တမ်းတင်ထားရှိရန် လွှတ်တော်ကသဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးသိန်းညွန့်တင်သွင်းတဲ့အဆို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိဆောင်ရွက်သွားမှာဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်း စီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာစတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော အဆိပ်များအက်ဥပဒေ ကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၃-၁၀-၂၀၁၃ ရက်နေ့တွင်လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဆွေးနွေးလိုသူများကိုလည်း ၂၈-၁၀-၂၀၁၃ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန် တောင်းခံထားခဲ့ပြီးဖြစ်ပါတယ်။ အခု ပြင်ဆင်ချက်အဆိုကို သက်ဆိုင်ရာအပိုဒ်အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ လိုအပ် လျှင်ပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော် မှပြင်ဆင်ခြင်းမပြုသည့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို အတည်ပြုခြင်းများဆောင်ရွက် သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသော ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့်က ပြင်ဆင်ချက် ၂ ချက်ကို တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါက်တာကျော်မြင့်(ချမ်းအေးသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့အဆိပ်များအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိပ်များအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေမှာပါရှိသည့်ပုဒ်မ ၆ ပုဒ်မခွဲ (ဂ) မူလအဆိုမှာ ပုဒ်မခွဲငယ် ၁ ၌ပါရှိသော On a first conviction, with imprisonment for at term which may extend to three months, or with fine which may extend to five hundred rupees, or with both ဆိုသည့်အစား On a first conviction, with imprisonment for at term which may extend to three months, or with fine which may extend three hundred thousand kyat, or with both ဟုပြင်ဆင်ရန်နှင့် ပုဒ်မခွဲငယ် ၂ ၌ပါရှိသော on a second or subsequent conviction, with imprisonment for a term which may extend to six months, or with fine which may extend to one thousand rupees, or with both, ဆိုသည့်အစား on a second or subsequent conviction, with imprisonment for a term which may extend to six months, or with fine which may extend to five hundred thousand kyat, or with both, ဟုဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိပ်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေအား ကျွန်တော်တို့ Poison Act ဆိုပြီးတော့ ၁၉၁၉ ခုနှစ်က ထုတ်သွားတဲ့ဥပဒေဖြစ်ပြီးတော့ ဒဏ်ကြေးငွေက ခေတ်နှင့်လိုက်လျောညီမှုမရှိတဲ့အတွက် အခုလိုပြင်ဆင်ရခြင်းဖြစ်ပါတယ်။ သို့ပါသဖြင့် အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင်ပါရှိသော ပုဒ်မ ၆ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် ၁ နှင့် ပုဒ်မခွဲငယ် ၂ တို့၌ပါရှိသောဒဏ်ကြေးငွေကို ခေတ်နှင့်လိုက်လျောညီထွေရှိအောင် ပြင်ဆင်နိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်လန့်ဖြတ်ဇယား ၂ ကိုကြည့်ပါ။ ဒေါက်တာကျော်မြင့်က အမှတ်စဉ် (၁) ပုဒ်မ ၃ ကို တင်ပြသွားခဲ့တဲ့အတိုင်း အဆိုပြုထားပါတယ်။ ဒီအဆိုပြုချက်ကို ကျန်းမာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်မြင့်ရဲ့ပြင်ဆင်အဆိုပြုချက်ကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ သဘောတူကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာကျော်မြင့်ရဲ့ပြင်ဆင်အဆိုပြုချက်ကို ကျန်းမာရေးဝန်ကြီးဌာနက သဘောတူကြောင်း ထောက်ခံတင်ပြသွားပါတယ်။ လွှတ်တော်ကဒီပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာကျော်မြင့် ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် (၂) အပိုဒ်ခွဲ ခ ကို ဒေါက်တာကျော်မြင့်၊ ချမ်းအေးသာစံမဲဆန္ဒနယ်က ပြီးခဲ့တဲ့ကာလမှာ အဆိုပြုပြင်ဆင်တင်ပြထားတာရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ အဆိပ်များအက်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲငယ် ၂ မှာပါတဲ့အဆိုပြုချက်ကိုပြင်ဆင်တဲ့ ချမ်းအေးသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်မြင့်ရဲ့ပြင်ဆင်ချက်ကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ သဘောတူကြောင်းတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနကလည်း ဒေါက်တာကျော်မြင့် ပြင်ဆင်အဆိုပြုချက်ကို သဘောတူကြောင်း တင်ပြသွားပါတယ်။ ပြည်သူ့လွှတ်တော်က ဒေါက်တာကျော်မြင့်ရဲ့ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာကျော်မြင့်ရဲ့ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိပ်များအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား

လွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကိုမူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့်အဆိပ်များအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာစတင် တင်သွင်းပြီးပြင်ဆင်ချက်မရှိအတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပုဒ်ခွဲအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့သော တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်း စီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာစတင် တင်သွင်းပြီးပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို၂၃-၁၀-၂၀၁၃ ရက်နေ့တွင်လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဆွေးနွေးလိုသူများကိုလည်း ၅-၁၁-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍အမည်စာရင်းပေးရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယခုပြင်ဆင်ချက်အဆိုကို သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်၌ပြင်ဆင်ခြင်းမပြုသည့် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးဝါးဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားသော ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့်က ပြင်ဆင်ချက်တစ်ချက်အား ဆွေးနွေးမှာဖြစ်ပါတယ်။ စတင်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာကျော်မြင့်(ချမ်းအေးသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီး

များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းဆေးဝါးဥပဒေ အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ (က) မူလအဆိုမှာ တိုင်းရင်းဆေးဝါးဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ ကျန်းမာရေးတိုးတက်စေရန် သို့မဟုတ် အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန်၊ တိုင်းရင်းဆေးပညာကို အခြေခံ၍ ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုရန် ပြည်တွင်းဖြစ်ဖော်စပ်ထားသည့် ပစ္စည်းကိုဆိုသည်ဟု အဓိပ္ပာယ်ဖော်ပြထားပါတယ်။ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်မှာ တိုင်းရင်းဆေးဝါးဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ ကျန်းမာရေးတိုးတက်စေရန် သို့မဟုတ် အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန် တိုင်းရင်းဆေးပညာကိုအခြေခံ၍ ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုရန် အနောက်တိုင်းဆေးဝါးများပါဝင်ခြင်းမရှိဘဲ ပြည်တွင်းတွင်ဖော်စပ်သည့်ပစ္စည်းများ ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်လိုပါသည်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အကျိုးအကြောင်းနှင့်ရှင်းလင်းပြမယ်ဆိုရင် ဈေးကွက်အတွင်း အများပြည်သူမှီဝဲသုံးစွဲနေသောတိုင်းရင်းဆေးအချို့တွင် အနောက်တိုင်းဆေးဝါးများ ပါဝင်ရောစပ်ထားကြောင်း တွေ့ရှိနေရပါတယ်။ ဤကဲ့သို့ရောစပ်ခြင်းကြောင့် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများပေါ်ပေါက်နိုင်ပါတယ်။ သို့ပါသောကြောင့် တိုင်းရင်းဆေးဆိုသည်မှာ အနောက်တိုင်းရင်းဆေးဝါးများပါဝင်ခြင်းမရှိဘဲ တိုင်းရင်းဆေးပညာကိုအခြေခံ၍ ပြည်တွင်းဖော်စပ်သည့်ပစ္စည်းဆိုသည့် စကားရပ်ဖြင့်ဖြည့်စွက်ပြင်ဆင်လိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာကျော်မြင့် ပြင်ဆင်အဆိုပြုချက်အား သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ သဘောထားပြောပါ။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်မြင့်ရဲ့ ပြင်ဆင်ချက်မှာ ကြည့်မယ်ဆိုရင် နှစ်ချက်ပေါ့လေ။ အဓိကကတော့ အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန်ဆိုတဲ့

အပိုဒ်လေးကို ဖြုတ်ထားတာတစ်ချက်ရယ်၊ အနောက်တိုင်းဆေးဝါးများမပါဝင်စေဘဲဆိုတဲ့အချက် နှစ်ချက်တွေ့ရမှာဖြစ်ပါတယ်။ ပထမတစ်ချက်အနေနဲ့ အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန်ရှေ့မှာ ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ကုသရန်၊ ကျန်းမာရေးတိုးတက်စေရန် သို့မဟုတ် အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်စေရန်ဆိုတာ အဲ့ဒီအချိန်တုန်းကတော့ ကျွန်တော့်အနေနဲ့နားလည်ထားတာကတော့ ဒီ ရောဂါကိုရှာတာလည်းမဟုတ်ဘူး။ ကာကွယ်တာလည်းမဟုတ်ဘူး။ ကုတာလည်းမဟုတ်ဘူး။ ကျန်းမာ ရေးကို Health promotion တိုးတက်စေတာလည်းမဟုတ်ဘဲနဲ့ တစ်ခုခု effect ရှိတယ်ပေါ့။ ဥပမာ ပေါ့။ ခေါင်းကိုက်တယ်ဆိုလို့ရှိရင် ရောဂါကိုမရှာဘဲနဲ့ သွေးတိုးလို့ခေါင်းကိုက်တာလား။ မျက်မှန်ပါဝါ မကိုက်လို့ ခေါင်းကိုက်တာလား။ ဦးနှောက်နှင့်အာရုံကြောရောဂါကြောင့် ခေါင်းကိုက်တာလား အဲဒါကို မရှာဘဲနဲ့ အကိုက်အခဲပျောက်ဆေးသောက်လိုက်တာသည် ရောဂါကိုကုတာလည်းမဟုတ်ဘူး။ ရှာတာ လည်းမဟုတ်ဘူး။ ဒါပေမယ့် သက်သာအောင် အကျိုးသက်ရောက်မှုတစ်ခုခုရှိအောင်လုပ်တာလို့ အဓိပ္ပာယ်ရလို့ အဲဒီလိုလုပ်ခဲ့တာလို့ ကျွန်တော်ယူဆပါတယ်။ ဒါပေမယ့် ပြန်ပြီးတော့ကြည့်လိုက် လို့ရှိရင် ကုသရန်ဆိုတဲ့အချက်မှာ ကုသတယ်ဆိုတာ ပျောက်ကင်းဖို့နဲ့ သက်သာဖို့ နှစ်ချက်ရှိပါတယ်။ ပျောက်ကင်းဖို့ဆိုနဲ့ ရည်ရွယ်ချက်နဲ့ပေးတာပဲဖြစ်ဖြစ်၊ သက်သာအောင်ပေးတာပဲဖြစ်ဖြစ် ကုသခြင်း ဆိုတဲ့အထဲမှာပါတဲ့အတွက် ခုနက အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန်ဆိုတဲ့အပိုင်းမှာ ပိုနေ တယ်။ Addendum ဖြစ်နေတာဖြစ်တဲ့အတွက် ဒါကို မပါဘဲနဲ့ ဆရာကြီး ဦးကျော်မြင့်တင်ထားတာကို ကျွန်တော့်အနေနဲ့ လက်ခံပါ တယ်။ နောက်တစ်ခုကလည်း အနောက်တိုင်းဆေးဝါးများမပါဝင်ဘဲဆိုတာ FDA အနေနဲ့ တိုင်းရင်းဆေးအနေနဲ့ရော အခု မှတ်ပုံတင်လာတာတွေကို အဓိကထားပြီးတော့ စစ်နေရတာ အနောက်တိုင်းဆေးတွေ ထည့်သွင်းဖော်စပ်နေကြတာ အနောက်တိုင်းဆေးကို အမှုန့် ကြိတ်ပြီးတော့ လျက်ဆားတို့၊ သွေးဆေးတို့ထဲမှာ ပုံဖျက်၊ ပုန်းကွယ်ပြီးတော့ လာတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ အန္တရာယ်တော်တော်ကြီးပါတယ်။ ဥပမာ ငါးမိနစ်အဖျားကျဆေး၊ ဘာအဖျား ကျဆေး အခု ကိုယ်ပူကျဆေးတွေ၊ အဖျားဖြတ်ဆေးတွေကိုကြည့်လိုက်ရင် ကျွန်တော်တို့ငယ်ငယ်တုန်း ကတော့ ဒီမြန်မာဆေးတွေ၊ ငန်းဆေး၊ အဖျားဆေးသုံးနေတယ်။ အခုနောက်ပိုင်း လက်ပေါ်တင်ပြီးနံရံ မှာထောင်ကြည့်ရင် တော်တော်များများမှာ လက်လက် လက်လက်ကလေးတွေတွေ့တယ်။ အဲဒါလေး တွေကတော့ တကယ်တော့ Saliva late ပါနေတာ။ အဲဒီ Saliva late ရဲ့သဘောက ချက်ချင်း အဖျားကျသော်လည်း အစာအိမ်သွေးယိုတတ်တာ နောက်ပြီးတော့ သွေးကိုမခဲစေဘူး။ သွေးမခဲစေတဲ့ ဓာတ်ပါပါတယ်။ အဲဒီတော့ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံလို ကလေးတွေမှာ လူကြီးတွေမှာရော

ဖြစ်လာတယ်။ သွေးလွန်တုပ်ကွေးလို့ရောဂါမျိုးဟာ နဂိုကမှ ရောဂါရဲ့အနေအထားကြောင့် သွေးယို တတ်တဲ့အခါမှာ ငါးမိနစ်အဖျားကျဆေး၊ အမြန်အဖျားကျအောင် ဒီတိုင်းရင်းဆေးဆိုပြီးတော့ သောက် လိုက်တဲ့အခါမှာ အဲဒီထဲမှာ သွေးမတိတ်စေတတ်တဲ့ဟာ ပါနေတာ အန္တရာယ်ဖြစ်တာ ကျွန်တော်တို့ မထိန်းနိုင်လောက်အောင် သွေးထွက်တာတွေလည်း အများကြီးပါပါတယ်။ ဒီလိုပဲ ဆံပင်ပေါက်ဆေးဆို တဲ့အခါမှာ တချို့သော သွေးတိုးကျဆေးများက သူတို့ရဲ့ Side affect အနေနဲ့ အမွေးတွေထွက် လာတယ်။ အဲဒီဟာကို ဆံပင်ပေါက်တဲ့ဆေးထဲ ထည့်လိုက်တော့ ဆံပင်တော့ပေါက်ချင်ပေါက်မယ်။ သွေးတွေတစ်အားထိုးကျလာတာတွေဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဆရာကြီး ဒီအနောက်တိုင်းဆေး တွေဟာ တိုင်းရင်းဆေးဝါးတွေထဲမှာ ပုံဖျက်ပုန်းကွယ်ပြီး ဝင်ရောက်လာတာကို ကျွန်တော်တို့ တိုင်းရင်းဆေးတွေမှတ်ပုံတင်တဲ့အခါမှာရော၊ ဈေးကွက်မှာရော အထူးသတိထားပြီးစစ်နေရတဲ့အတွက် ဒီဥပဒေမှာ အနောက်တိုင်းဆေးဝါးများ မပါဝင်ဘဲဆိုတဲ့အချက်ကို ထည့်သွင်းဖော်ပြတာသည် ပြင်ဆင် တာသည် အလွန်ပဲသင့်လျော်တဲ့အချက်ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့သဘောတူကြောင်း တင်ပြ လိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာကျော်မြင့်ရဲ့ပြင်ဆင်အဆိုပြုချက်ကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးအနေနဲ့လည်း ထောက်ခံသွားပါတယ်။ ဒီပြင်ဆင်ချက်ကို လွှတ်တော်ကကန့်ကွက်ရန်ရှိပါ သလား။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။ ဒီအပိုဒ်ကို လေ့လာတဲ့နေရာမှာ တိုင်းရင်းဆေးဝါးဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပါတယ်။ အဲဒီတော့ အောက် အပိုဒ်မှာဖော်ပြထားတဲ့ အနောက်တိုင်းဆေးဝါးများမပါစေဘဲဆိုတာ အနောက်တိုင်းဆေးဝါးဆိုတာ အနောက်တိုင်းကတင်သွင်းလာတဲ့ဆေးဝါးများလား။ ဒါမှမဟုတ်ရင် ကျွန်တော်တို့နိုင်ငံအတွင်းမှာ ထုတ်လုပ်တဲ့ဆေးဝါးတွေလားဆိုတာ မကွဲပြားပါဘူး။ ကျွန်တော်တို့ အနောက်တိုင်းဆေးဝါးတွေလည်း ကျွန်တော်တို့နိုင်ငံထဲမှာ ထုတ်လုပ်တာလည်းဖြစ်နိုင်ပါတယ်။ အဲဒါတွေကို စဉ်းစားဖို့တစ်ချက်ရယ်။ ကျွန်တော့်အနေနဲ့ ပိုပြီးတော့ သင့်တော်မယ်လို့ထင်တဲ့ စကားရပ်တစ်ခုကတော့ အနောက်တိုင်းဆေးဝါး ဆိုတာထက် ဓာတုဆေးဝါးများမပါစေဘဲဆိုရင် ပိုပြီးသင့်တော်မလားဆိုတာ အကြံပြုလိုပါတယ်။ ကျေးဇူးတင်ပါတယ်ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနကရော အဆိုပြုတင်ပြသွားတဲ့ ဒေါက်တာကျော်မြင့်ကရော ဒီအပိုင်းနဲ့ပတ်သက်လို့ လွှတ်တော်ကိုရှင်းလင်းတင်ပြပေးစေလိုပါတယ်။ ဆရာကြီးဒေါက်တာကျော်မြင့်ဦးစွာရှင်းလင်းတင်ပြပေးပါ။

**ဒေါက်တာကျော်မြင့်(ချမ်းအေးသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အနောက်တိုင်းဆေးဆိုတာက အနောက်တိုင်းကလာတဲ့ဆေးရယ်လို့မဟုတ်ပါဘူး။ မြန်မာနိုင်ငံအတွင်းမှာပဲ အနောက်တိုင်းကလာတဲ့ ဆေးကုန်ကြမ်းများနဲ့ဖော်စပ်ထားတဲ့ ဆေးဆိုလည်း အနောက်တိုင်းဆေးဟုတ်ပါတယ်။ ကျွန်တော်တို့ ဒါဟာ အနောက်တိုင်းဆေးဆိုတာ ရိုးရိုးသားသား ပြောရရင်တော့ ဘာသာပြန်တဲ့စကားလုံးပါ။ ကျွန်တော်တို့ အင်္ဂလိပ်လို့ယူမယ်ဆိုလို့ရှိရင် တိုင်းရင်းဆေးဝါးကို Traditional Medicine လို့ပဲခေါ်ပါတယ်။ နောက်အတိုင်းဆေးဝါးကို Western Medicine လို့ခေါ်ပါတယ်။ အဲဒီလို Western Medicine ခေါ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အနောက် တိုင်းဆေးဝါးလို့ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကတော့ ဒီအနောက်တိုင်းဆေးဝါးတိုင်းဟာ ဓာတုဆေးဝါး မဟုတ်ပါဘူး။ တစ်ခါတလေလည်း သစ်မြစ်သစ်ဖုတွေပါတာတွေလည်းရှိတယ်။ တစ်ခါတလေလည်း အခြား ပဋိဇီဝဆေးတွေပါတာရှိပါတယ်။ အဲဒီတော့ ဓာတုဗေဒချည်းပဲမဟုတ်ဘဲနဲ့ ဖြစ်တဲ့အတွက် အနောက်တိုင်းဆေးအနေနဲ့သုံးတဲ့အတွက် ဓာတုဇီဝသုံးတဲ့အတွက် Scope ကကျဉ်းတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီလို အနောက်တိုင်းဆေးဝါးထည့်ထားခြင်း ဖြစ်ရပါတယ်လို့ တင်ပြရခြင်းဖြစ်ပါတယ်။ လေးစားပါတယ်။ (ဩဘာသံများ)

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ အနောက်တိုင်းဆေးဝါးဆိုတာကတော့ အနောက်တိုင်းမှာပဲထုတ်ထုတ်၊ အရှေ့တိုင်းမှာပဲထုတ်ထုတ် အနောက်တိုင်းဆေးကျမ်းတွေမှာပါဝင်တဲ့ ကျွန်တော်တို့ ပညာရပ်ဆိုင်ရာပြောရင်တော့ British Pharmaco poeia ပေါ့။ အင်္ဂလိပ်ရဲ့ Pharmaco poeia ဆိုတဲ့ ကျမ်းမှာပါတဲ့ဆေးတွေပဲဖြစ်ဖြစ်၊ USP လို့ခေါ်တဲ့ United State Pharmaco poeia မှာပါတဲ့ ဆေးတွေပဲဖြစ်ဖြစ်၊ ကမ္ဘာရဲ့ဘယ်အရပ်မှာပဲထုတ်ထုတ် အနောက်တိုင်းဆေးဝါးစာရင်းထဲမှာဝင်နေတဲ့ ဆေးမှန်သမျှ အနောက်တိုင်းဆေးဝါးလို့ ခေါ်တာဖြစ်ပါတယ်။ ဓာတုဆေးဝါးလို့ ပြောလို့ရှိရင် တိုင်းရင်းဆေးမှာလည်း ဓာတုတွေပါပါတယ်ခင်ဗျား။ ကန့်ဆိုရင် တိုင်းရင်းဆေးထဲမှာပါတယ်။ ကန့်ဆိုတာ ဆာလဖာပဲ။ ဓာတုပဲ။ ကန့်မပါရဘူး။ ပြဒါးမပါရဘူး။ အဲဒီလိုတွေဖြစ်ကုန်တယ်။ ထုံးပါလို့မရဘူး။ ဘယ်လိုခေါ်မလဲ။ ဆားတွေပါလို့မရတော့ဘူးခင်ဗျ။ ဆားက ပိုတက်ဆီယမ်ဆားပဲ ဖြစ်ဖြစ်၊ ဆိုဒီယမ်ဆားပဲဖြစ်ဖြစ် ဒါကဓါတုပဲ။ အဲလိုဖြစ်နေမှာဖြစ်တဲ့

အတွက် ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတဲ့ တင်ပြတဲ့ ဒီဓာတုဆေးဝါး ထက်စာရင် ခုနကပြောတဲ့ အနောက်တိုင်းဆေးဝါးများမပါဝင်ဘဲက ပိုပြီးတော့အဓိပ္ပာယ်ရှင်းလိမ့်မယ် လို့ယူဆပါတယ်။ ဓာတုမပါရဘူးဆိုလို့ရှိရင် ဓာတုဆိုတာဓာတ်ပဲပေါ့။ ဓာတ်မပါရင်တော့ မြန်မာဆေး မှာလည်း ဓာတ်မပါ ရင်လုပ်လို့မရဘူးဆိုတော့ အဲဒီသဘောဖြစ်ပါတယ်။ အဲဒီတော့ ဓာတုဆေးဝါးများ မပါဝင်ဘဲဆိုတာအစား အနောက်တိုင်း ဆေးဝါးများမပါဝင်ဘဲ အနောက်တိုင်းဆေးဝါးသည် ဘယ်နေရာမှာ ထုတ်ထုတ် အနောက်တိုင်းဆေးဝါးပါပဲ။ ဘယ်ဆေးဝါးမဆို အနောက်တိုင်းဆေးဝါး စာရင်းထဲမှာ မပါတဲ့ဟာပဲ ဒါကိုပဲ ကျွန်တော်တို့ လက်ခံသင့်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါ တယ်ခင်ဗျား။ ကျေးဇူးအများကြီးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးသွားတဲ့ ဦးစိုင်းသီဟကျော် အခုရှင်းလင်းတင်ပြတာနဲ့ပတ်သက်လို့ ဆွေးနွေးရန်ရှိပါသလား။ ဒါကြောင့် ဒေါက်တာကျော်မြင့်ရဲ့ ပြင်ဆင်အဆိုပြုချက်လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာကျော်မြင့်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေး ဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်းအတည်ပြုသွား မှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်သည့်အပိုဒ်၊ အပိုဒ်ခွဲ အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေး ကော်မတီက ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေး၊ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ တင်သွင်းတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာတန်း စီလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေး ရန်အဆိုတင်သွင်းဖို့ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများ စိစစ် ဆောင်ရွက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ဥက္ကဋ္ဌ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာ များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ပြုပါ တယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမယ့် ပြင်ဆင်ချက်ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့မှ ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ စက်တင်ဘာလဆန်းအတွင်းမှာ ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်ရုံးခွဲမှာ ဥက္ကဋ္ဌကြီး နှင့် တရားစီရင်ရေး၊ ဥပဒေရေးရာနယ်ပယ်မှ တာဝန်ရှိတဲ့ပညာရှင်များ၊ နောက် ပြည်သူ့လွှတ်တော် ကော်မတီမှတာဝန်ရှိ ပုဂ္ဂိုလ်များ၊ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်ပြီးတော့မှ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ ခုနက ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ ဆန္ဒ ထုတ်ဖော်ခွင့် ဥပဒေနှင့်ပတ်သက်ပြီးတော့မှ ပြည်သူများရဲ့ တောင်းဆိုချက်အရ ပုဒ်မ ၁၈ ကို ပယ်ဖျက် တဲ့ဥပဒေကြမ်း တင်သွင်းလိုကြောင်း ဥက္ကဋ္ဌကြီးသို့ တင်ပြခဲ့ပါတယ်။ အဲ့ဒီအခါမှာ ဥက္ကဋ္ဌကြီးက ပုဒ်မ ၁၈ ကို ပယ်ဖျက်တဲ့ ဥပဒေကြမ်းအစား ပြင်ဆင်တဲ့ ဥပဒေကြမ်းအဖြစ်နဲ့ တင်သွင်းသင့်တယ်လို့ အကြံပြုလမ်းညွှန်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ကောင်းမွန်မှုတတဲ့ အကြံပေးလမ်းညွှန်ချက်ကြောင့်မို့လို့ ကနေ့ဒီဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို တင်သွင်းနိုင်ခြင်းဖြစ်လို့ ပြည်သူများကိုယ်စား အထူး ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့မြန်မာနိုင်ငံတစ်ဝှမ်းမှာ ဆန္ဒထုတ်ဖော်မှုတွေ ပြုလုပ်နေကြပါတယ်။ အဲ့လိုဆန္ဒထုတ်ဖော်မှုများဟာ အလုပ်အကိုင်မရှိ၊ အချိန်တွေပိုနေသောကြောင့် မဟုတ်ပါဘူး။ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေက သွေးထိုးလှုံ့ဆော်မှုကြောင့်လည်း မဟုတ်ပါဘူး။ နေ့ထွက်၊ အခကြေးငွေနဲ့ ထမင်းထုပ်ရိက္ခာရသောကြောင့်လည်း မဟုတ်ပါဘူး။ ယနေ့ မြန်မာလူမှုဘဝနယ်ပယ်များမှာ လယ်ယာမြေမတရားသိမ်းဆည်းမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ဘက်ပေါင်းစုံဖိနှိပ်မှုများစတဲ့ တရားဥပဒေစိုးမိုးမှုအားနည်းချက်များဟာ ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူတွေက ဆန္ဒထုတ်ဖော်နေခြင်းသာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ မှာ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ဥပဒေများနှင့် ဆန့်ကျင်မှုမရှိလျှင် ခုနက ပုဒ်မခွဲ(က)မှာ ပြည်သူများအနေနဲ့ မိမိတို့ရဲ့ယုံကြည်ချက် ထင်မြင်ယူဆချက်များကို လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဖြန့်ဝေခွင့်ရှိတယ်လို့ ခွင့်ပြုထားပါတယ်။ ပုဒ်မခွဲ(ခ)မှာလည်းပဲ လက်နက်မပါပဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ပြုထားပါတယ်။

ဒါ့ကြောင့်မို့လို့ အဲ့ဒီအခြေခံဥပဒေပုဒ်မ ၃၅၄ ကို လက်တွေ့ဆောင်ရွက်ရမယ့် နောက်ဆက်တွဲဥပဒေကို ငြိမ်းချမ်းစွာစုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းဥပဒေကို ပြည်ထောင်စုအစိုးရကနေပြီးမှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှာ ပြဋ္ဌာန်းအတည်ပြုပေးခဲ့ပါတယ်။ အဲ့ဒီပြဋ္ဌာန်းတဲ့ ဥပဒေပုဒ်မ ၁၈ မှာပြည်သူများအနေနဲ့ ဆန္ဒထုတ်ဖော်လိုလျှင် အနည်းဆုံး ၅ ရက်ကြိုတင်ပြီးမှ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူး၊ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံမှာ ခွင့်တောင်းရမယ်လို့ ဖော်ပြထားပါတယ်။ ခုနက မြို့နယ်ရဲမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေကလည်း ခိုင်လုံသောအကြောင်းပြချက်မရှိဘဲနဲ့ အဲဒီ့တင်ပြမှုကို ကန့်ကွက်ပယ်ချနိုင်ခွင့် ပြုထားပါတယ်။ အကယ်၍ ခွင့်ပြုချက်မရှိဘဲနဲ့ ဆန္ဒပြမယ်ဆိုလို့ရှိရင် အများဆုံးထောင်ဒဏ် ၁ နှစ်ထိဖြစ်စေ၊ ဒဏ်ငွေကျပ် ၃ သောင်းထိဖြစ်စေ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမယ်လို့ပြဋ္ဌာန်းထားပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ပုဒ်မ ၁၈ ဟာ အခြေခံဥပဒေကနေပြီးမှ ပေးထားတဲ့နိုင်ငံသားအခွင့်အရေးကို ပြန်လည်ထိန်းချုပ်ထားကြောင်း တွေ့ရပါတယ်။ အုပ်ချုပ်ရေးမှူး၊ ရဲမှူးတို့ကလည်းပဲ ဥပဒေရဲ့အထက်ကို ရောက်နေတဲ့သဘောဖြစ်နေပါတယ်။ ဒါ့ကြောင့် ပြည်သူတွေက နေ့စဉ်နှင့်အမျှပုဒ်မ ၁၈ ကိုဖျက်သိမ်းပေးဖို့ ဆန္ဒထုတ်ဖော်နေခြင်းဖြစ်ပါတယ်။ နေ့စဉ်နှင့်အမျှလည်းပဲ ဖမ်းဆီးချုပ်နှောင်မှုတွေ ခံနေရပါတယ်။

သို့ဖြစ်၍ ပုဒ်မ ၁၈ ကိုခွင့်ပြုမိန့်တောင်းခံခြင်းအစား အသိပေးအကြောင်းကြားတင်ပြခြင်း ဆိုတဲ့စကားရပ်နဲ့လည်းကောင်း၊ ပြစ်ဒဏ်သတ်မှတ်ချက်တွေကို ပယ်ဖျက်ခြင်းဖြင့်လည်းကောင်း၊ ဥပဒေကြမ်းမှာ ရေးသားတင်သွင်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့လိုခွင့်ပြုခြင်းအားဖြင့်၊ ပြင်ဆင်ခြင်းအားဖြင့် ဆန္ဒထုတ်ဖော်မှုတွေ ပိုများလာမယ်လို့ တချို့ကထင်ကြပါတယ်။ ဒါဟာမှားပါတယ်။ ဒီနေ့ပြည်သူလူထုက ဆန္ဒထုတ်ဖော်မှုတွေပြုလုပ်နေခြင်းဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးသုံးရပ်က စီမံဆောင်ရွက်ချက်များဟာ ပြည်သူလူထုအကျိုးစီးပွားနှင့် ဆန့်ကျင်နေမယ်ဆိုရင်၊ အထောက်အကူမပြုဘူးဆိုရင် ဆန္ဒထုတ်ဖော်ကန့်ကွက်နေကြမှာပဲ ဖြစ်ပါတယ်။ ဒါဟာ တစ်နည်းအားဖြင့်တော့ မဏ္ဍိုင်ကြီး သုံးရပ်ကို ပဥ္စမမဏ္ဍိုင်ဖြစ်တဲ့ ပြည်သူလူထုက စောင့်ကြည့်ထိန်းညှိပေးခြင်းလည်း ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုအားကောင်းခိုင်မာလာတာနဲ့အမျှ ဆန္ဒထုတ်ဖော်မှုများကလည်းလျော့ နည်းပပျောက်သွားမည်ဖြစ်ကြောင်း ကျွန်တော်ရဲရဲဝံ့ဝံ့တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့နိုင်ငံသား/တိုင်းရင်းသားအများစုကြီး ဆင်းရဲတွင်းထဲရောက်ရှိနေခြင်းသည် ကျွန်တော်တို့ လွှတ်တော်ကြီးမှာ တာဝန်ရှိတယ်လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ခံယူထားကြပါတယ်။ ပြည်သူတွေဆင်းရဲဒုက္ခလျော့ပါးကင်းဝေးစေမယ့် ပြည်သူတွေကို ကာကွယ်ပေးမယ့် ဥပဒေများပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းများကိုလည်း ဒီနေ့ဥက္ကဋ္ဌ ကြီးဦးဆောင်ပြီးမှ လုပ်ကိုင်ပေးနေတာဖြစ်ပါတယ်။ ဒါ့ကြောင့် ကော်မတီကတင်သွင်းထားတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကြီးက လက်ခံအတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်ပတ်သက်ပြီး ထောက်ခံမယ့် ပုသိမ်မဲဆန္ဒနယ်က ဦးဝင်းမြင့်အား ဖိတ်ခေါ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဒီကိစ္စကို လွှတ်တော်ကို ရှင်းလင်းတင်ပြဖို့ ရှိပါတယ်။ မိမိတို့လွှတ်တော်ကော်မတီများ အစည်းအဝေးပြုလုပ်တဲ့နေရာမှာ ဦးဝင်းမြင့်က ဒီ ဦးအောင်ကို ပြင်ဆင်မယ့် ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ဦးဝင်းမြင့်အနေနဲ့ ပြီးခဲ့တဲ့အချိန်ကာလ ဘယ်ရက်ဘယ်ရက်တုန်းက တင်ပြထားခဲ့ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီတင်ပြချက်ကို လွှတ်တော်အနေနဲ့ အဆိုတင်သွင်းခွင့်မရခဲ့ပါဘူး။ သို့ရာတွင် ဦးအောင်ကိုက ဒီဥပဒေကြမ်းကို ဥပဒေကိုပြင်ဆင်ဖို့ ဥပဒေကြမ်းအဖြစ်တင်သွင်းတဲ့နေရာမှာ ကျွန်တော့်ကိုလည်း သီးခြားအခွင့်အရေးအနေနဲ့ အဆိုတင်သွင်းဖို့ ခွင့်ပေးပါလို့

ကျွန်တော့်ကို တိုက်ရိုက်တင်ပြပါတယ်။ ကျွန်တော့်အနေနဲ့ ပြန်လည်သုံးသပ်တာက သီးခြားအဆိုတစ်ခု တင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ လွှတ်တော်ရဲ့အချိန်တွေလည်း များစွာကုန်ဆုံးထိခိုက်မှာဖြစ်တဲ့ အတွက် မိမိရဲ့အခွင့်အရေးလည်း မဆုံးရှုံးရအောင် ဦးအောင်ကို တင်သွင်းတဲ့ ဥပဒေကြမ်းပေါ်မူ တည်ပြီးတော့ နာမည်တပ်ပြီးတော့ထောက်ခံခိုင်းခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဦးဝင်းမြင့်အနေနဲ့ ဒီအဆိုကို ထောက်ခံကြောင်းနဲ့ ဘယ့်အတွက်ထောက်ခံကြောင်း တစ်ပါတည်း ဆွေးနွေးတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီအဆိုကို ကျွန်တော်ဖေဖော်ဝါရီလ ၂၇ ရက်နေ့ကတည်းက တင်သွင်း ခဲ့ပါတယ်။ ဘာဖြစ်လို့တင်သွင်းခဲ့လည်းဆိုလို့ရှိရင် ဒီဥပဒေဟာကြည့်လိုက်တဲ့အခါမှာ ခုနက ဥပဒေ ကြမ်းအဆိုတင်သွင်းတဲ့ သူရဦးအောင်ကိုလည်းတော်တော်ပြည့်ပြည့်စုံစုံရှင်းပြပြီးပါပြီ။ ဖွဲ့စည်းပုံအခြေ ခံဥပဒေမှာ နိုင်ငံသားအခွင့်အရေးပေးထားပါတယ်။ နောက်တစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာ ဘယ်ပေါ်မှာမူတည်ပြီးရေးရလဲဆိုတော့ အခြေခံဥပဒေတစ်ခုရေးတဲ့အခါမှာ အဲ့ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ အခြေခံမူတွေပေါ်မှာ အဓိကထားရေးရပါတယ်။ အဲ့ဒီအခြေခံဥပဒေမူတွေပေါ်မှာမှ ကျန်တဲ့ အခန်းကဏ္ဍတွေရေးရပါတယ်။ ပြီးတဲ့အခါကျတော့ အဲ့ဒီဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကြီးဟာ အဲ့ဒီ အခြေခံမူပေါ်မှာရေးပြီးတော့ ပေါ်ပေါက်လာပြီးလို့ရှိရင် ကျန်တဲ့ဥပဒေတွေရေးတဲ့အခါမှာ အဲ့ဒီဖွဲ့စည်း ပုံ အခြေခံဥပဒေကို ဆန့်ကျင်လို့မရဘူး။ အဲ့ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ပြီးရေးလို့ရှိရင် အဲ့ဒီ ကျန်တဲ့ဥပဒေတွေ၊ နည်းဥပဒေတွေဟာအလိုလိုအကျိုးအာနိသင်မရှိပါဘူး။ ပျက်ပြယ်သွားပါတယ်။ ဒါ့ကြောင့်မို့လို့ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဥပဒေကို ကြည့်လိုက်တဲ့အခါမှာ ခုနက အခြေခံမူမှာ ပေးရတဲ့ အခွင့်အရေး၊ နိုင်ငံသားတစ်ယောက်က မွေးလာကတည်းကရရမယ်ဆိုတဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်စီတန်းစုဝေးခွင့်၊ စည်းဝေးခွင့်ဆိုတဲ့အခွင့်အရေး အဲ့ဒီဟာကြီးကို ပြန်ပိတ်ထားတာဖြစ် တယ်။ ပြန်ပိတ်ထားတာဖြစ်တဲ့အခါကျတော့ ဒီနိုင်ငံသားအခွင့်အရေးဟာ ပေးကပေး၏ မရဖြစ်တယ်။ ပေးကပေး၏ မရဖြစ်တဲ့အခါကျတော့ ကျွန်တော်တို့က ဒီအဆိုနဲ့ပတ်သက်လို့ ပြင်ဆင်ဖို့ဆိုပြီးတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၂၇ ရက်နေ့က အဆိုတင်သွင်းထားတာပါ။ ဒါ့ကြောင့်မို့လို့ ဒီအဆိုနဲ့ပတ်သက် ပြီး ကျွန်တော်တင်သွင်းခဲ့သလို ဒီဟာကို ပြင်ဆင်တဲ့ဥပဒေကြမ်းအနေနဲ့ တရားစီရင်ရေးနှင့် ဥပဒေ ရေးရာ၊ တိုင်ကြားစာများနှင့် အသနားခံစာများကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ဥပဒေကြမ်း

ဖြစ်မြောက်အောင် ထပ်လောင်းပြီးတော့ အဆိုတင်တဲ့အတွက် ဒီအဆိုနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ လေးလေးနက်နက်ထောက်ခံပါကြောင်း အားလုံးကိုကျေးဇူးတင်ကြောင်း ပြောကြားအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို နေ့လယ်စာသုံးဆောင်ရန်အတွက် မိနစ် ၅၀ ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၂း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လယ် ၁ နာရီခွဲတိတိမှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[နေ့လယ်စာသုံးဆောင်ရန်အတွက် မိနစ် ၅၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၃း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီတင်သွင်းသွားတဲ့ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီး ဌာနမှပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည် ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ နဲ့

ပြဋ္ဌာန်းခဲ့ပါတယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာနည်းဥပဒေကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်၊ (၃၆၄/၂၀၁၂) နဲ့ ပြဋ္ဌာန်းခဲ့ပြီးတဲ့နောက် ဒီဥပဒေ၊ နည်းဥပဒေများကို စတင်ကျင့်သုံးခဲ့ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ နှင့်အညီ ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ မှာ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကိုလွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့် ရှိသည်ဟုဖော်ပြထားပြီးတော့မှ မိမိရဲ့ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာစေမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးတဲ့စကား၊ စာပေ၊ ယဥ်ကျေးမှု၊ ကိုးကွယ်တဲ့ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဆိုပြီးဖော်ပြထားပါတယ်။ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ရဲ့အဓိကကျတဲ့ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်မဆန့်ကျင်လျှင် ဆိုသည့် အချက်ကအဓိကဖြစ်ကြောင်းတွေ့ရှိရပါတယ်။

ဥပဒေတစ်ခုကိုတားမြစ်ချက်၊ တိုက်တွန်းချက်၊ အရေးယူဆောင်ရွက်ချက်များ ပြည့်စုံမှသာလျှင် ဒီဥပဒေအပေါ်လေးစားလိုက်နာကြမည်ဖြစ်သော်လည်းပဲ အရေးယူဆောင်ရွက်မှု တိတိကျကျ ဖော်ပြမထားတဲ့ဥပဒေတစ်ရပ်ကို လေးစားလိုက်နာမှု အားနည်းသွားနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဥပဒေပုဒ်မ ၁၇ မှာခွင့်ပြုမိန့်နှင့်အညီ စုဝေးစီတန်းလှည့်လည်ခြင်းပြုသူအား နှောင့်ယှက်သူ၊ ဟန့်တားသူ၊ အနိုင်အထက်ပြုသူကို ၂ နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်တယ်လို့ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၁၈ မှာတော့ ခွင့်ပြုမိန့်မရဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းပြုလျှင် တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၁၉ မှာတော့ ပုဒ်မ ၈ ပုဒ်မခွဲ(ဂ)မှာ ပြဋ္ဌာန်းထားတဲ့ ဒေသဆိုင်ရာလိုအပ်ချက်အရ သတ်မှတ်ထားတဲ့စည်းမျဉ်းစည်းကမ်း

တွေ့ဖောက်ဖျက်မယ်ဆိုလို့ရှိရင်တော့ ၆ လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းအထိ ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းမှာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်မယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ပုဒ်မ ၁၈ က ခွင့်ပြုမိန့်မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးသူ သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်သူကိုအရေးယူတဲ့ပုဒ်မဖြစ်ပါတယ်။ ခွင့်ပြုမိန့်မရရှိတဲ့ ကိစ္စရပ်မှာ ခွင့်ပြုမိန့်တောင်းခံရယူခြင်းမပြုတဲ့ကိစ္စနှင့် ခွင့်ပြုမိန့်ငြင်းပယ်ခြင်းခံရတဲ့ကိစ္စဆိုပြီးတော့ ၂ မျိုးရှိနိုင်ပါ တယ်။ ဒီဥပဒေကို ပြဋ္ဌာန်းပြီးတဲ့နောက်မှာ ဒီအခွင့်အရေးကို သုံးစွဲလိုသူအနေနဲ့ ပုဒ်မ ၄ နဲ့အညီ ခွင့်ပြုမိန့်လျှောက်ထားဖို့နဲ့ တာဝန်ရှိတဲ့အပြင် ခွင့်ပြုမိန့်မရရှိဘဲ သုံးစွဲမယ်ဆိုလို့ရှိရင်လည်း ဒီပုဒ်မ ၁၈ အရအရေးယူခြင်းခံရမှာဖြစ်ပါတယ်။ ပုဒ်မ ၄ နှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားသော်လည်းပဲ ငြင်းပယ်ခြင်းခံရတဲ့ ကိစ္စရပ်များနှင့် စပ်လျဉ်းလို့ စဉ်းစားသုံးသပ်ဖို့အတွက်အောက်ပါအတိုင်း တွေ့ရှိရပါတယ်။ ပုဒ်မ ၅ အရ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးတွေ ခွင့်ပြုမိန့်ထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန် အခွင့်အာဏာရှိသော်လည်း ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းမပြုရသည့်အချက်များကို ပုဒ်မ ၅ မှာ ကန့်သတ်ပေးထားပါတယ်။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်မဆန့်ကျင်လျှင် ခွင့်ပြုမိန့်ထုတ်ပေးခြင်းကို ငြင်းပယ်ခြင်းမပြုရဆိုတဲ့ ပြဋ္ဌာန်းချက်ကလည်း ဒီဥပဒေရဲ့အနှစ်သာရဖြစ်ပါတယ်။ ဒီအချက်များနှင့်ဆန့်ကျင်လို့ရှိရင်တော့ ခွင့်ပြုမိန့်ထုတ်ပေးဖို့အတွက် ငြင်းပယ်နိုင်မှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(ခ) မှာပါတဲ့ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ကို နိုင်ငံသားများမူလအခွင့်အရေးဖြင့်ပြဋ္ဌာန်းထားသော်လည်း နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်မဆန့်ကျင်လျှင်ဆိုတဲ့အချက်နဲ့ ကန့်သတ်ထားကြောင်းတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေး အထူးအစီရင်ခံစာတင်သွင်းသူ ကင်တားနားရဲ့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ အစီရင်ခံစာမှာဖော်ပြချက်အရ ပုဒ်မ ၁၈ နှင့် အရေးယူအပြစ်ပေးမှုတွေမှာ ထောင်ဒဏ်တစ်နှစ်ချမှတ်မှုများ တွေ့ရှိရကြောင်းဖော်ပြထားတဲ့အတွက် ပုဒ်မ ၁၈ ရဲ့ပြစ်ဒဏ်သတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ပြင်ဆင်လျှော့ပေါ့သင့်က လျှော့ပေါ့သင့်ရန်အကြံပြုထားကြောင်း တွေ့ရှိရပါ

တယ်။ ဒါ့အပြင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပါ အဓိကကျတဲ့ ပြဋ္ဌာန်းချက်တွေကို လေ့လာတာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(ခ)ပါ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ကို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်မဆန့်ကျင်လျှင် လွတ်လပ်စွာ သုံးစွဲဆောင်ရွက်နိုင်ခွင့်အရ နိုင်ငံသားတိုင်းဟာ ဒီအခွင့်အရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဖြစ်တဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို စနစ်တကျသုံးစွဲဆောင်ရွက်စေဖို့အတွက် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်ဆိုပြီးတော့ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာလည်း ဖော်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေအရ နိုင်ငံသားတိုင်းဟာ မိမိသဘောထားဆန္ဒကိုဖော်ပြရန် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်လိုပါက ပုဒ်မ ၄ အရလျှောက်ထားပြီးတော့ ပုဒ်မ ၅ အရ ခွင့်ပြုချက်ရမှသာ စုဝေးစီတန်းလှည့်လည်ခွင့်ရှိမှာဖြစ်ပါတယ်။ ခွင့်ပြုချက်မရရှိဘဲနဲ့ စုဝေးမယ်ဆိုလို့ရှိရင်တော့ ပုဒ်မ ၁၈ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရမှာဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေပုဒ်မ ၃၁၊ ၃၂၊ ၃၃ မှာပြဋ္ဌာန်းချက်များနဲ့ ၁၈၉၉ ခုနှစ် ရန်ကုန်ရဲအက်ဥပဒေပုဒ်မ ၃၇၊ ၃၈၊ ၃၉ ပါပြဋ္ဌာန်းချက်အရ ဂီတတီးမှုတ်ခြင်း၊ လူစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းတို့ပြုပါက ခွင့်ပြုချက်ရယူရန်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပြီးတော့ ဒီပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်လို့ရှိရင် ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေပုဒ်မ ၄၆ ဒါမှမဟုတ် ၁၈၉၉ ခုနှစ် ရန်ကုန်ရဲအက်ဥပဒေအမှတ် ၄၀ အရ ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ဒဏ်ငွေကျပ်နှစ်ရာအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့ ယခင်ကတည်းက လူစုလူဝေးနဲ့ စီတန်းလှည့်လည်ခြင်းပြုမယ်ဆိုလို့ရှိရင် ခွင့်ပြုချက်ရယူဖို့လိုအပ်တဲ့မူသဘောကို တွေ့ရှိရမှာဖြစ်ပါတယ်။

အထက်ပါတွေ့ရှိချက်တွေအရ ပုဒ်မ ၁၈ ပါပြဋ္ဌာန်းချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီမှုရှိတဲ့အပြင် တည်ဆဲဥပဒေများဖြစ်တဲ့ ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေနှင့် ၁၈၉၉ ခုနှစ် ရန်ကုန်ရဲအက်ဥပဒေတို့ပါပြဋ္ဌာန်းချက်များနဲ့လည်း ဆန့်ကျင့်မှုမရှိကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံအချို့မှာကျင့်သုံးနေတဲ့ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေတွေကို လေ့လာတဲ့နေရာမှာ ဖိလစ်ပိုင်နိုင်ငံမှာကျင့်သုံးနေတဲ့ လှည့်လည်ခြင်းဆိုင်ရာဥပဒေကို ခွင့်ပြုချက်ခိုင်ခိုင်လုံလုံမပြနိုင်ဘူးဆိုလို့ရှိရင်

ထောင်ဒဏ်တစ်လအထိဖြစ်စေ၊ တစ်ရက်မှ ၆ လအထိဖြစ်စေ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်းနှင့် ထိုင်းနိုင်ငံရဲ့ ကျင့်သုံးနေတဲ့ ဥပဒေမှာလည်း လူ ၁၀ နှင့်အထက် စုဝေးပြီးတော့ အကြမ်းဖက်မှုများ ပြုလုပ်ရန်ခြိမ်းခြောက်မှုများ၊ ငြိမ်းချမ်းရေးပျက်ပြားအောင် ဆောင်ရွက်လျှင် တစ်ဦးစီကို ဘတ်ငွေ တစ်သောင်းထက်မပိုသောဒဏ်ငွေ ၆ လထက်မပိုသောထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ် နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ ကန့်ကွက်ဆန္ဒပြခြင်းဆိုင်ရာ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂ မှာ ကြိုတင်စာနှင့် ရဲတပ်ဖွဲ့သို့ပေးပို့ရမည်ဖြစ်ကြောင်း၊ အပိုဒ် ၂ (ဃ) မှာ ဒေသခံရဲတပ်ဖွဲ့မှ ထောက်ခံခြင်းမပြုမီ အနည်းဆုံး ၇၂ နာရီအတွင်း အဖွဲ့ခေါင်းဆောင်မှ အင်ဒိုနီးရှား ရဲဌာနချုပ်သို့ လိပ်မူပေးပို့ရမည်ဟုလည်းကောင်း၊ ပြဋ္ဌာန်းထားပါတယ်။ ပျက်ကွက်ပါက အရေးယူရမယ့် ပုဒ်မကိုတော့ ၁၉၉၈ ခုနှစ် ဥပဒေပုဒ်မ ၉ ပုဒ်မ ၆ မှာ သီးခြားပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါတယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေတင်ပြမှု၊ ခွင့်ပြုမှုနှင့် အရေးယူမှုတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ငြိမ်းချမ်း စွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေမှာ ဖော်ပြထားတဲ့အတိုင်း သတ်မှတ် ပုံစံနှင့် သတ်မှတ်ရက်အတွင်း သတ်မှတ်နေရာဖော်ပြပြီးတော့ ကြိုတင်တင်ပြလို့ရှိရင် မြို့နယ်ရဲတပ်ဖွဲ့ မှူးရဲ့ သဘောထားမှတ်ချက်နဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးထံ ဆက်လက်ပေးပို့ပြီး ခွင့်ပြုရန်သင့်/မသင့် ညှိနှိုင်းကာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် အများ ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားကိုထိခိုက်မှုမရှိဘူးဆိုလို့ရှိရင် သတ်မှတ်စည်ကမ်းနှင့်ညီလျှင် မြို့နယ် အုပ်ချုပ်ရေးမှူးရဲ့အတည်ပြုချက်နှင့် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ကြောင်းတွေ့ရှိရပါတယ်။

လက်တွေ့အခြေအနေမှာ ခွင့်ပြုချက်တောင်းခံထားသော်လည်းပဲ ငြင်းပယ်ခြင်းခံရ သောကြောင့် ဆန္ဒပြတဲ့ဖြစ်စဉ်များရှိသလိုပဲ ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲနဲ့ ဆန္ဒပြတဲ့ဖြစ်စဉ် များလည်းပေါ်ပေါက်တာကိုတွေ့ရှိရပါတယ်။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးက ဒီဥပဒေပုဒ်မ ၅ ပါ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး ပြည်သူတို့ရဲ့ ကိုယ်ကျင့် တရား ပြဋ္ဌာန်းထားတဲ့ဥပဒေများနှင့်မဆန့်ကျင်လျှင် ခွင့်ပြုမိန့်ထုတ်ပေးခြင်းကို ငြင်းပယ်ခြင်းမပြုရဆို တဲ့ပြဋ္ဌာန်းချက်က အနှစ်သာရနှင့်အညီ ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် မလိုလားအပ်တဲ့ ပြဿနာတွေ ပယ်ပျောက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေပုဒ်မ ၁၈ အရ ခွင့်ပြုမိန့်မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခံရပါက တစ်နှစ်ထက်မပိုသောထောင်ဒဏ်၊

ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်မည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရာ ဒီပြစ်မှုကျူးလွန်တဲ့သူတွေကို သက်ဆိုင်ရာတရားသူကြီးရဲ့ ဆင်ခြင်တုံတရားနဲ့ တစ်နှစ်အောက်လျှော့တဲ့ မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်တဲ့ အခွင့်ရှိတာကိုလည်းတွေ့ရှိရပါတယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း လိုက်နာကိုင်တွယ် ကျင့်သုံးခြင်းအားဖြင့် ဆန္ဒဖော်ထုတ်သူတွေကိုကာကွယ်ပေးနိုင်ခြင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးနှင့် ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးတို့ကို ထိန်းသိမ်း စောင့်ရှောက်နိုင်ခြင်း ဥပဒေနှင့်အညီဖြစ်စေပြီး မလိုလားအပ်တဲ့ပြဿနာများ ဖြစ်ပေါ်မလာစေရန် အတွက် ဟန့်တားကာကွယ်နိုင်ခြင်းစတဲ့ အားသာချက်များလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် မိုလို့ မြန်မာနိုင်ငံမှာလက်ရှိကျင့်သုံးနေတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေဟာ အခြားဒီမိုကရေစီနိုင်ငံများနည်းတူ ရေးဆွဲထားတဲ့ဥပဒေဖြစ်ပြီးတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေအရဖြစ်စေ ဆန့်ကျင်မှုမရှိကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ဒီဥပဒေပုဒ်မ ၁၈ ကိုပယ်ဖျက်ရန် မသင့်ပါကြောင်းနှင့် ပယ်ဖျက်မယ်ဆိုလို့ရှိရင်လည်း အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များမှာ အခက်အခဲများဖြစ်ပေါ်လာနိုင်တဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုပြုတင်ပြသွားတဲ့ သူရဦးအောင်ကို သို့မဟုတ်လို့ရှိရင် သက်ဆိုင်တဲ့ တစ်ဦးကနေပြီးတော့ ပြန်လည်ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ဥက္ကဋ္ဌ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)**။ ။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ မှာ နိုင်ငံသား တွေရဲ့အခွင့်အရေးကို ပြဋ္ဌာန်းထားပေးပါတယ်။ ပုဒ်မ ၃၅၄ ရဲ့အပိုဒ်ခွဲ (က)မှာ နိုင်ငံသားတိုင်းဟာ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူ့တို့ရဲ့ကိုယ်ကျင့် တရားအကျိုးငှာထုတ်ပြန်ထားတဲ့ ဥပဒေတွေကို မထိခိုက်ဘူးဆိုရင်၊ မဆန့်ကျင်ဘူးဆိုရင် အပိုဒ်ခွဲ (က)မှာ လွတ်လပ်စွာစုဝေးနိုင်ပါတယ်။ လွတ်လပ်စွာပြောဆိုနိုင်ပါတယ်။ လွတ်လပ်စွာရေးသား ထုတ်ဝေဖြန့်ဝေပေးထားပါတယ်။ ဥပဒေပုဒ်မ အပိုဒ်ခွဲ(ခ)မှာ ခုနက ပြဋ္ဌာန်းချက်တွေနဲ့မဆန့်ကျင် ဘူးဆိုရင် လွတ်လပ်စွာစုဝေးနိုင်ပါတယ်။ စီတန်းလှည့်လည်နိုင်ပါတယ်။ ဆန္ဒထုတ်ဖော်နိုင်တယ်လို့ အခွင့်အရေးပေးထားပါတယ်။ ဒါသည် ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံသားတွေကိုပေးထားတဲ့ ပေးထားချက်မူလအခွင့်အရေးဖြစ်ပါတယ်။ ဒီဥပဒေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့

အတွက်ကို ခုနက အများသိကြတဲ့ ငြိမ်း၊ စု၊ စီ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်ကို သက်ဆိုင်ရာဝန်ကြီးဌာနကနေ ပြီးမှ ရေးဆွဲပြီးမှ ပြဋ္ဌာန်းထားပါတယ်။ အဲဒါကို ငြိမ်း၊ စု၊ စီ ဥပဒေလို့ပဲ ပြည်သူတွေက အလွယ်တကူခေါ်ကြပါတယ်။ အဲဒီဥပဒေပုဒ်မ ၁၈ မှာ ခုနက ဆန္ဒထုတ်ဖော်မယ်ဆိုလို့ရှိရင် ဆန္ဒထုတ်ဖော်မယ့်အဖွဲ့ခေါင်းဆောင် အင်အားအရေအတွက်၊ နောက်စုဝေးမယ့်နေရာ၊ စုဝေးမယ့်အချိန်၊ ချီတက်မယ့် လမ်းကြောင်းတွေကို အနည်းဆုံး ၅ ရက်ကြိုတင်ပြီးတော့မှ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးထံကိုတင်ပြခွင့်ပြုချက် တောင်းရပါမယ်။ မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်းပဲ ခရိုင်နှင့် သက်ဆိုင်ရာအထက်တွေကို ဆက်တင်ပြပြီးမှ အဲဒီတောင်းဆိုတဲ့တောင်းဆိုချက်ကို ခွင့်ပြုတာလည်းရှိပါတယ်။ ခုနက ခိုင်လုံသော အကြောင်းပြချက်မရှိဘဲနဲ့ ငြင်းပယ်ပယ်ချခွင့်လည်း ရှိပါတယ်။ အဲဒီအခါမှာ အခြေခံဥပဒေက ပေးထားတဲ့ နိုင်ငံသားအခွင့်အရေးတွေဟာ ပြန်လည်ထိန်းချုပ်ခြင်းခံနေရပါတယ်။ နောက်တစ်ခါ အကယ်၍ ခွင့်မပြုဘဲနဲ့ ဆန္ဒထုတ်ဖော်မယ်ဆိုလို့ရှိရင် ခုနက ရှင်းပြသလိုပဲ ကျွန်တော်တို့ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ဒဏ်ငွေသုံးသောင်းအထိ ဖြစ်စေ၊ နှစ်ရပ် ပေါင်းဖြစ်စေ ကျခံစေရမည်ဆိုပြီးမှ ပြဋ္ဌာန်းထားလို့မို့လို့ ယနေ့ ဆန္ဒထုတ်ဖော်တဲ့ပြည်သူတွေဟာ တရားရုံးနဲ့ ထောင်တွေမှာ သံသရာလည်နေကြတာဖြစ်ပါတယ်။ ပုဒ်မ ၁၈ သည် အခြေခံဥပဒေပုဒ်မ ၃၅၄ အရပေးထားတဲ့ နိုင်ငံသားအခွင့်အရေးကို ပြန်လည်ထိန်းချုပ်တာဖြစ်ပါတယ်။ ဒါကို ကျွန်တော် တို့က ပယ်ဖျက်ဖို့မဟုတ်ပါဘူး။ ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်ချက်အရ ပြင်ဆင်ချက်တင်သွင်းခြင်းဖြစ်ပါတယ်။ ခွင့်ပြုချက်တောင်းခံခြင်းအစား အသိပေးတင်ပြခြင်း၊ နောက်ပြစ်ဒဏ်ကို ပယ်ဖျက်ခြင်းနှင့် ကျွန်တော်တို့ အကျယ်တဝင့် ရေးဆွဲတင်ပြထားပါတယ်။ အဲဒီတော့ ဒီလိုပြင်ဆင်လိုက်ခြင်းအားဖြင့် နိုင်ငံတစ်ဝန်းမှာ ပြည်သူတွေက ခုနက စည်းမဲ့ကမ်းမဲ့ ဆန္ဒထုတ်ဖော်မှုတွေဖြစ်လာနိုင်တယ်လို့ ယူဆ စရာရှိပါတယ်။ ဒါကျွန်တော်တို့ မခိုင်လုံပါဘူး။ မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လွတ်လပ်စွာ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်တဲ့အခါမှာ ခုနက ကျွန်တော် တင်ပြခဲ့တဲ့ ပုဒ်မ ၃၅၄ မှာ ဒီဆန္ဒ ထုတ်ဖော်မှုတွေဟာ နိုင်ငံတော်လုံခြုံရေးကိုထိပါးမယ်ဆိုရင်၊ တရားဥပဒေစိုးမိုးရေးကို ထိပါးမယ်ဆိုရင်၊ ပြည်သူတို့ရဲ့ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေကိုထိပါးမယ်ဆိုရင် အဲဒီဥပဒေတွေအရ အရေးယူခံရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု ငြိမ်း၊ စု၊ စီ ဥပဒေပုဒ်မ ၁၈ ကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လွှတ်တော်ကနေပြီးတော့မှ လက်ခံအတည်ပြုနိုင်ဖို့အတွက်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆုံးဖြတ်ပေးဖို့အတွက်ကို ကျွန်တော်တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ လွှတ်တော်ရဲ့အဓိကတာဝန်က ဥပဒေပြုရေးတာဝန်ဖြစ်ပါတယ်။ ဒီဥပဒေပြုရေးတာဝန်သည် နိုင်ငံသားများရဲ့ အခွင့်အရေးအပါအဝင် နိုင်ငံသားနဲ့အကျိုးစီးပွားကို အဓိကဦးတည်ပြီးတော့ ပြဋ္ဌာန်းမယ့် ဥပဒေဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်း နိုင်ငံတော်အတွက်အရေးကြီးတဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက်ကိုပဲ ပြန်လည်သုံးသပ်ဆောင်ရွက်မှာဖြစ်ပါတယ်။ တစ်ဖန် ဒီနေ့အဆိုတင်သွင်းတာက ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်ကိုသာ အဆိုပြုတင်ပြခြင်းဖြစ်ပါတယ်။ ဒီနေ့ ထောက်ခံဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်နဲ့ အဆိုရှင်တင်ပြသလို လွှတ်တော်ကို လွှတ်တော်ဥက္ကဋ္ဌထံ ဒီဥပဒေရဲ့ ပုဒ်မ ၁၈ ကိုပယ်ဖျက်ဖို့ တင်ပြလာတဲ့အချိန်မှာ တစ်ခါတည်းပယ်ဖျက်ဖို့ဆိုလို့ရှိရင် မျှတမှုနှင့် ပြည့်စုံလုံလောက်မှုမရှိနိုင်တဲ့ အတွက် ဒါကို ပြန်လည်ဆွေးနွေးပေးတဲ့အခါမှာ ပြင်ဆင်စရာရှိရင် ပြင်ဆင်ဖို့ဆိုတဲ့ ဆင်ခြင်တုံတရားဖြင့် ကျွန်တော် ဒီလိုအဆိုကိုခေတ္တဆိုင်းပြီးတဲ့အခါမှာ အခုလိုတင်ပြတဲ့အခါမှာ လွှတ်တော် အနေနဲ့ လက်ခံဆွေးနွေးပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဘက်ကိုကြည့် သလို တစ်ဖက်ကလည်း နိုင်ငံသားများရဲ့မူလအခွင့်အရေးတွေလည်း ကြည့်ဖို့လိုပါတယ်။ ဒါကြောင့် မို့လို့ လွှတ်တော်သည် နိုင်ငံနှင့်နိုင်ငံသားများအကျိုးစီးပွားများကိုဖြစ်ထွန်းစေတဲ့ ဥပဒေများကို အဓိက ပြဋ္ဌာန်းပေးရတာဖြစ်လို့ တစ်ဖက်ကလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတွေကိုဆောင်ရွက်မှာဖြစ်တဲ့အတွက် ဒီ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ပြင်ဆင်တဲ့ဥပဒေကြမ်း တင်သွင်းလာတဲ့အပေါ် လွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာတာဝန်ရှိတဲ့အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခြင်းဖြင့် ကောင်းမွန်သော မျှတသော ဥပဒေတစ်ခုဖြစ်လာမှာလို့ယူဆတဲ့အတွက် လွှတ်တော် ကိုကျွန်တော် သဘောထားမေးပါမယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ကိုလက်ခံဆွေးနွေးရန်အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာ ကော်မတီများသို့ လွှဲအပ်မည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပေးပို့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်သည့် အဆိုကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပေးပို့လာသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၁ နဲ့အညီ ၅-၈-၂၀၁၃ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ နည်းဥပဒေများကို ဖြန့်ဝေထားပြီးဖြစ်ပါ တယ်။ ယင်းနည်းဥပဒေနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်ဆိုင်ရာနည်းဥပဒေ ၂၀၂ နဲ့အညီ ဖြန့်ဝေ တင်ပြသော နေ့ရက်မှရက်ပေါင်း ၉၀ အတွင်း ဥပဒေကြမ်းကော်မတီနဲ့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတို့က အဆိုပြုပြင်ဆင်ချက်များ တင်သွင်းလာပါတယ်။ အဆိုပြုပြင်ဆင်ချက်များကိုလည်း ကိုယ်စားလှယ်များထံလေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိ ပေးတင်ပြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ များစပ်လျဉ်း၍ ဆွေးနွေးမယ့်ရက်ကို ထပ်မံကြေညာပါမယ်။ ဒီဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင် သည့်အဆိုအပေါ် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူသည် ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၅-၁၁-၂၀၁၃ ရက် သောကြာနေ့ နောက်ဆုံးထား၍ စာရင်း ပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၆ ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)နှင့် နည်းဥပဒေများကို ပြင်ဆင်သည့် ဥပဒေများ နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများကို ၁-၈-၂၀၁၃ ရက်နေ့တွင် ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါ တယ်။

ဂင်းနည်းဥပဒေနှင့်စပ်လျဉ်း၍ ရက်ပေါင်း ၉၀ အတွင်း ပြင်ဆင်ချက်အဆိုတွင်းသွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် ၁၉၅၆ ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) နည်းဥပဒေများကို ပြင်ဆင်သည့် ဥပဒေများနှင့် စပ်လျဉ်းပြီး အတည်ပြုရန်လွှတ်တော်ရဲ့ သဘောထားရယူပါမည်။ ယင်းဥပဒေကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် ၁၉၅၆ ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက်ဆွေးနွေးအတည်ပြုရန်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့က ဆွေးနွေးခဲ့တဲ့ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမှတ်စဉ် ၂၉၊ အခန်း (၄) အပိုဒ် ၁၃ အပိုဒ်ခွဲ (ဂ)အထိ ဆွေးနွေးအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ယခုကျန်ရှိတဲ့အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆက်လက်ဆွေးနွေးပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များထံ ဖြန့်ဝေထားတဲ့ကန့်လန့်ဖြတ်ဇယားကို ကြည့်ရှုဖို့ဖြစ်ပါတယ်။ အခန်း (၄) အပိုဒ် ၁၃ အပိုဒ်ခွဲ(င)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ကိုဖိတ်ခေါ်ပါတယ်။

**ဦးစိန်ထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှေးဦး ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အခန်း(၄) ပုဒ်မ ၁၃ အပိုဒ်ခွဲ (င)

မူလပြဋ္ဌာန်းချက်ဖြစ်တဲ့ မူလတန်းကြိုကျောင်းဖွင့်လှစ်မည့် အဆောက်အအုံသည် ရှေးဦးကလေးသူငယ် တစ်ဦးစီတိုင်းအတွက် အနည်းဆုံးဧရိယာပျမ်းမျှ ၁၈ စတုရန်းပေစီ အကျယ်အဝန်းရှိရမည်ဆိုတဲ့ ပြဋ္ဌာန်းချက်အစား မူလတန်းကြိုကျောင်းဖွင့်လှစ်မည့် အဆောက်အအုံသည် ရှေးဦးကလေးသူငယ် တစ်ဦးစီတိုင်းအတွက် အနည်းဆုံးဧရိယာပျမ်းမျှ ၂၀ စတုရန်းပေးစီ အကျယ်အဝန်းရှိရမည်ဟု ပြင်ဆင် ပေးပါရန် ကျွန်တော့်အနေနဲ့ တင်ပြထားခြင်းဖြစ်ပါတယ်။ ဒီလိုတင်ပြထားခြင်းဟာလည်းပဲ ကျွန်တော် တို့ ၁၉၉၈ ခုနှစ် ပညာရေးဝန်ကြီးဌာနမှ ဦးစီးတဲ့မူကြိုကျောင်းများ ဥပဒေများမှာလည်းပဲ ဒီစံချိန်စံညွှန်း များ၊ မူကြိုကျောင်းများရဲ့ ကျောင်းဖွဲ့စည်းပုံစံချိန်စံညွှန်းများကို အဲ့ဒီတုန်းထဲက အသုံးပြုလာခဲ့တာဖြစ် ပါတယ်။ အခု ၂၀၀၉-၂၀၁၀ မှာလည်းပဲ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ UNICEF တို့ပူးပေါင်းပြုလုပ်ခဲ့တဲ့ Multiple Instigator Classer Services လို့ခေါ်တဲ့ MICS စာရင်းဇယားများအရ ECCD စာရင်းဇယားအရင်းအမြစ်များကို အခြေခံ ပြီးတော့ ကျွန်တော်တို့ ယခုဥပဒေကြမ်းအားထည့်သွင်းမယ့် မူလတန်းကြိုကျောင်းများကိုတည်ဆောက် တဲ့နေရာမှာ ရှေးဦးကလေးသူငယ်တစ်ဦးစီတိုင်းအတွက် ပျမ်းမျှဧရိယာအနည်းဆုံး ၂၀ စတုရန်းပေစီ အကျယ်အဝန်းရှိဖို့ ပြင်ဆင်သင့်ပါကြောင်း အဆိုတင်ပြရင်း လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာထပ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုပြုတင်ပြမှုနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဆွေးနွေးတဲ့အခါမှာ ပျမ်းမျှစတုရန်းပေ ၁၈ ရှိကြောင်းကို UNICEF မှ ဒီလိုဖော်ပြထားတယ်ဆိုပြီးတော့ တစ်ဖက်ကပြောပါတယ်။ ကျန်တဲ့တစ်ဖက်က မဟုတ်ဘူး။ UNICEF မှာ ပျမ်းမျှစတုရန်းပေး ၂၀ လို့ပြော တဲ့အတွက် မူလဆုံးဖြတ်ထားတာကို ခေတ္တဆိုင်းငံ့ခဲ့ပါတယ်။ အခု ဦးစိန်ထွန်း တင်ပြတဲ့နေရာမှာ သီးခြား မိမိလွှတ်တော်ဥက္ကဋ္ဌဆီကို UNICEF နဲ့ သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနက ထုတ်ပြန် ထားတယ်။ ၂၀၁၃ မတ်လမှာ ထုတ်ပြန်ထားတဲ့ စာထဲမှာတော့ စာမျက်နှာ ၆ ခေါင်းစဉ်မှာ ဘက်စုံလွှမ်း ခြုံသော ပညာရေးကဏ္ဍ၊ လေ့လာသုံးသပ်ရေးလုပ်ငန်းအတွဲ (၁)အစီရင်ခံစာ အပိုဒ် ၁၈ ရှေးဦး ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်း၏ အခန်း (၃) ပုဒ်မ ၁၃ ပုဒ်မခွဲ (င) တွင် ကလေးတစ်ဦး လျှင် အနည်းဆုံးဧရိယာ ၁၈ ပေစီကျယ်ဝန်းရမည်ဟုဖော်ပြထားရာ ကလေး ၃၀ ဦးလျှင် ၅၄၀ စတုရန်းပေရှိမည်ဖြစ်၍ လူမှုဝန်ထမ်းဦးစီးဌာနအပါအဝင် အဖွဲ့အစည်းအသီးသီးမှ လက်ရှိအသုံးပြု နေသော၊ အရည်အသွေးပြည့်မီသော CEDC စိစစ်ရေးအခြေခံအညွှန်းလက္ခဏာပုံစံ ၁ (က)တွင် ကလေး ၃၀ ဦးလျှင် ၃၀ ပေ x ၂၀ ပေ ၆၀၀ စတုရန်းပေရှိရမည်ဟုသတ်မှတ်ထားသဖြင့် ၆၀ စတုရန်း

ပေကွာခြားချက်ရှိနေသဖြင့် နည်းဥပဒေရေးဆွဲရာတွင် ပြန်လည်ဆန်းစစ်သင့်ပါသည်ဆိုပြီး ဒီလိုဖော်ပြထားတာရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒီစာအုပ်ကိုတင်ပြထားတဲ့ ဦးစိန်ထွန်း ဒါကိုဘယ်လိုများ သဘောပေါက်ပါသလဲ။

**ဦးစိန်ထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ ယခု ကျွန်တော့်အနေဖြင့် ဥက္ကဋ္ဌကြီးထံတင်ပြထားသော ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအတွက် (၁)အစီရင်ခံစာမှာ အဲ့ဒီ အခု ဥက္ကဋ္ဌကြီးဖတ်ပြတဲ့အပိုဒ်မှာ ကျွန်တော်တို့ သဘောပေါက်ထားတာကတော့ ကလေးဦး ၃၀ x တစ်ဦးလျှင် အနည်းဆုံး ၂၀ စတုရန်းပေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်တဲ့ကလေးဦး ၃၀ ထည့်ထားတဲ့စာသင်ခန်းတစ်ခုမှာ လိုအပ်တဲ့ဧရိယာအကျယ်အဝန်းက စတုရန်းပေ ၆၀၀ ဖြစ်ရပါမယ်။ ၆၀၀ ကို ဘာကြောင့်လိုတာလဲဆိုလို့ရှိရင် ကျွန်တော်တို့က ဒီကလေးတွေရဲ့ စိတ်ပိုင်းဆိုင် ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွေကို သင်ကြားလေ့ကျင့်တဲ့အခါမှာ ကျွန်တော်တို့က ကလေးထိန်းသက်သက်၊ နောက်တစ်ခါ Lecture ပုံစံ၊ စာပေသင်ကြားတဲ့ပုံစံမျိုးမဟုတ်တော့ဘဲနဲ့ ကလေးတွေများရဲ့ Group လိုက်၊ အုပ်စုလိုက်ဖွဲ့ပြီးတော့ ပြဿနာရှာဖွေရေး၊ လေ့လာရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်ဆိုပြီးတော့ ကျွန်တော်တို့ ဒါ ၁၉၉၈ တုန်းထဲက ပညာရေးဝန်ကြီးဌာနမှာ ဒါကို စီစဉ်ထားတဲ့ စံချိန်စံညွှန်းများဖြစ်ပြီးတော့ UNICEF များ၊ **ယူနက်စကို** အဖွဲ့များ အဲ့ဒီနောက်ပိုင်း အခု ဥက္ကဋ္ဌကြီးဆီတင်ပြထားသော အစီရင်ခံစာနောက်ပိုင်းမှာ အရင်းအမြစ်ကျမ်းကိုးစာရင်းမှာပါတဲ့ဌာနများ၊ အဖွဲ့အစည်းများ အားလုံးမှ လက်ခံထားပြီးသော စံချိန်စံညွှန်းများဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ စာပိုဒ် ၁၈ မှာ ရေးထားတာက ကျွန်တော် ဖြေးဖြေးဖတ်ပြပါမယ်။ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း၏ အခန်း(၃) ပုဒ်မ ၁၃ ပုဒ်မခွဲ(င)တွင် ကလေးတစ်ဦးလျှင် အနည်းဆုံး ဧရိယာပျမ်းမျှ ၁၈ စတုရန်းပေစီ အကျယ်အဝန်းရှိရမည်ဟု ဖော်ပြထားရာ အခန်း (၃) ပုဒ်မ ၁၃ ပုဒ်မခွဲ (င) အဲ့ဒီထဲမှာ ကလေးတစ်ဦးလျှင် အနည်းဆုံးဧရိယာ ၁၈ စတုရန်းပေစီ ကျယ်ဝန်းရမည်ဟု ဖော်ပြထားခဲ့တယ်။ ကလေး ၃၀ ဦးလျှင် ၅၄၀ စတုရန်းပေ ရှိမည်ဖြစ်၍ ဒါကြောင့်မို့လို့ ကလေး ၃၀ ဦးဆိုတဲ့အတွက် ၅၄၀ ဖြစ်နေရင် သူက ၅၄၀ ကို ၃၀ နဲ့စားရမယ်။ ဒါကြောင့်မို့လို့ ၁၈ ပေပဲဖြစ်ရမယ်။ လူမှုဝန်ထမ်းအပါအဝင် အဖွဲ့အစည်းအသီးသီးမှ လက်ရှိအသုံးပြုနေသော အရည်အသွေးပြည့်မီသော CEDC အခြေခံ အညွှန်းလက္ခဏာပုံစံ ၁ (က)တွင် ကလေး ၃၀ ဦးလျှင် ၃၀ ပေ x ၂၀၊ ၆၀၀ စတုရန်းပေရှိရမည်ဟု သတ်မှတ်ထားသဖြင့် ၆၀ စတုရန်းပေ ကွာခြားလျက်ရှိနေသဖြင့် နည်းဥပဒေဆွဲရာတွင် ပြန်လည်ဆန်းစစ်သင့်ပါသည်ဆိုပြီး ဒီလိုဖော်ပြပါတယ်။ ဒါကြောင့်မို့လို့ စတုရန်း

ပေ ၁၈ ပေဆိုလို့ရှိရင် ကလေး ၃၀ ရှိရင် ၅၄၀ ပဲရှိရမယ်။ ဒါပေမယ့် ပုံစံ ၁ (က)မှာကျတော့ ကလေး ၃၀ ဦးလျှင် ၃၀ ပေ x ၂၀၊ ၆၀၀ စတုရန်းပေ လို့ဖြစ်နေပါတယ်။ ဒီလိုဆိုရင် ကလေးတစ်ယောက်အတွက် ၁၈ စတုရန်းပေမဟုတ်ဘဲနဲ့ ၂၀ စတုရန်းပေဖြစ်မယ့်သဘော ဖြစ်နေပါတယ်။ ဒီမှာကွဲလွဲချက်ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကို စပြီးရေးဆွဲတဲ့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရှင်းလင်းတင်ပြနိုင်ပါတယ်။

**ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျာ။ ဒီ spacing နဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ မနေ့တုန်းက ဦးစိန်ထွန်း မရှိတဲ့အတွက် ဦးစိန်ထွန်းကိုယ်စားအဆိုတင်သွင်းခဲ့တဲ့ပြင်ဆင်ချက် အဆိုတင်သွင်းခဲ့တဲ့ ပုဂ္ဂိုလ်များအပါအဝင် အစည်းအဝေးပြုလုပ်ကြပါတယ်။ အခုကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ဟာက CESR သူက **တန်ပိုရက်စစ်** Education **စက်ကတယ်** Review ပါ ပြန်လည် သုံးသပ်တဲ့ဥစ္စာဖြစ်ပါတယ်။ ဥပဒေမထွက်သေးပါဘူး။ ဒါဆိုကျွန်တော်တို့က ဒီကလေးသူငယ်အရွယ်မှာ ပြုစုပျိုးထောင်ရေးနဲ့ပတ်သက်ပြီးလို့ရှိရင်တော့ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဝန်ထမ်းတို့က ဒါပေါင်းစပ်ပြီးတော့မှ ဆောင်ရွက်ရတာဖြစ်ပါတယ်။ မူလတန်းကနေ အထက်တန်းအဆင့်မြင့်အထိအောင်ကတော့ ပညာရေးကတာဝန်ယူရတာဖြစ်ပြီးတော့မှ မူကြိုလေးတွေကတော့ လူမှုဝန်ထမ်းက တာဝန်ယူရတာဖြစ်ပါတယ်။ မနေ့ကအစည်းအဝေးမှာ ဆွေးနွေးကြတဲ့အခါမှာ နိုင်ငံတကာရဲ့စံနှုန်းအရ သတ်မှတ်ထားတာကတော့ ၂၀ လည်းမဟုတ်ပါဘူးခင်ဗျာ။ ၃၅ အထိဖြစ်ပါတယ်။ သို့သော် ကိုယ့်နိုင်ငံကိုယ့်အခြေအနေနဲ့ကိုယ်ဆောင်ရွက်ကြတဲ့အခါမှာ ကျွန်တော်တို့နည်းတူပဲ ကျွန်တော်တို့သတ်မှတ်ခဲ့တဲ့ စင်ကာပူဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်မှာတောင်မှ ၁၉ Square Feet ယူထားတာတွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ လူမှုဝန်ထမ်းကလည်းပဲ ဒီလို Review လုပ်ခဲ့တာလေးရှိပါတယ်။ အဲ့ဒီလို Review လုပ်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ရဲ့ မူလတန်းကျောင်းများဟာ ၁၈ ပေအောက်ကြီးပဲ ၁၈ Square Feet အောက်မှာကြီးပဲရှိတဲ့အနေအထားဖြစ်ပါတယ်။ အကယ်၍ ၂၀ သာ သတ်မှတ်မယ်ဆိုရင် ဒီဥပဒေအရ ကျောင်းကလေးတွေဟာ ဖွင့်နိုင်မယ့်အနေအထားမရှိတာကိုသွားတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ တချို့နိုင်ငံကလည်း ၁၅ ပေလောက်ပဲ ၁၅ Square Feet နဲ့ပဲလုပ်ပါတယ်။ တချို့က လည်း ၁၂ Square Feet နဲ့လုပ်ပါတယ်။ အခု မူလတန်းကျောင်းဆိုလို့ရှိရင် ၃၀ x ၂၀ အခန်းမှာ လူ ၅၀ နဲ့ဆောင်ရွက်တဲ့အခါမှာ သူက စားလိုက်လို့ရှိရင်ကတော့ တစ်ယောက်ကို ၁၂ Square Feet ပဲ ရတဲ့အနေအထားဖြစ်ပါတယ်။ သို့သော် ကလေးသူငယ်များပြုစုပျိုးထောင်တဲ့နေရာမှာတော့ သူကပညာသင်ကြားရုံနဲ့မကဘူး။ ကာယ၊ ဉာဏ၊ စာရိတ္တဆိုတဲ့ ၃ ရပ်စလုံးတင်တာဖြစ်

တဲ့အတွက် ကာယအတွက်ကို သူ့ Spacing ထပ်ပြီးတော့ တိုးပေးရပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့က ကျွန်တော်တို့နိုင်ငံနဲ့အသင့်တော်ဆုံးဖြစ်အောင် ၁၈ ကို ဒါရွေးပြီးတော့မှ ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ဖြစ်နိုင်ခြေရှိတဲ့ အနေအထားဖြစ်ကြောင်းလည်းပဲ အကုန်လုံးရဲ့ သဘောတူညီချက်လည်း ရရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲ ဒါ့ကြောင့် ဦးစိန်ထွန်းက ၁၈ စတုရန်းပေမဟုတ်ဘူး။ ၂၀ ဖြစ်ရမယ်။ အဲလို ၂၀ ဖြစ်တဲ့အခါမှာ ဘာတွေအကျိုးထူးမလဲ။ ဘယ်သူ့အတွက်အကျိုးထူးမလဲ။ ဒါကို ဘယ်လိုများသုံးသပ်ပါသလဲ။

**ဦးစိန်ထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ Learning Process လို့ခေါ်တဲ့ သင်ကြား၊ သင်ယူမှုဖြစ်စဉ်ကြီးမှာ ကျွန်တော်တို့ရဲ့ စာသင်ခန်းအခြေအနေဟာ အင်မတန်အရေးပါပါတယ်။ အခု ကျွန်တော်တို့ အငြင်းပွားနေရတဲ့ ၂ ပေ၊ တစ်ဦးလျှင် ၂ ပေ ကျောင်းသား ၃၀ ထည့်ရင် ပေ ၆၀ ပဲကွာတာ။ ဒါနိုင်ငံတော်အခြေအနေနဲ့ကိုက်ညီအောင် လုပ်တာလို့ လူမှုဝန်ထမ်းဦးစီးဌာနဘက်မှ တင်ပြသွားပါတယ်။ အဲ့ဒါက ကျွန်တော်တို့ သင်ကြား၊ သင်ယူမှုဖြစ်စဉ်ကို သေသေချာချာ လေ့လာကြည့်မယ်ဆိုရင် ဒီအငြင်းပွားမှုဖြစ်မှာမဟုတ်ပါဘူး။ သင်ကြား၊ သင်ယူမှုမှာ ယနေ့ ကျွန်တော်တို့ ပညာသင်ကြားရေးကို အစဉ်တစိုက်ပြောင်းလဲနေကြပါတယ်။ အဲ့ဒီမှာ သင်ကြားနည်းများလည်း အဓိကထားပြောင်းလဲနေကြပါတယ်။ ကျွန်တော်တို့ အရင်တုန်းကတော့ ကျွန်တော်တို့နိုင်ငံ စတင်တည်ထောင်စကတည်းက ဘုန်းကြီးကျောင်းသင်ပညာရေးကစပြီးတော့ Lecture စနစ်နဲ့ ဆရာတစ်ဦးတည်းကနေပြီးတော့ ကျောင်းသားတွေကို ဟောပြောပို့ချတဲ့စနစ်ကိုပဲ ကျင့်သုံးသွားတဲ့အခါမှာ လက်တွေ့စနစ်တွေ၊ စုပေါင်းအားနဲ့ ပြဿနာရှာဖွေတတ်တဲ့အကျင့်တွေ၊ စုပေါင်းအားနဲ့ ပြဿနာကို ဖြေရှင်းနိုင်တဲ့အကျင့်တွေ ပျောက်နေတဲ့အတွက် ယနေ့ ခေတ်မီပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲတဲ့အခါမှာ သင်ကြားနည်းပြောင်းလဲသွားတဲ့အတွက်ကြောင့် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနကလည်း Teacher ဆိုတဲ့ ဆရာအခေါ်အစား ဆရာကို အင်နီရှုက်တား လို့ပဲ ခေါ်ဝေါ်သုံးစွဲဖို့ ဆရာအတတ်သင်ကျောင်းတွေမှာ စတင်နေပါတယ်။ အဲ့ဒီတော့ စာသင်ခန်းတွေထဲမှာ Lecture စနစ်ကျင့်သုံးရတဲ့ အတန်းကြီးတွေက ပြဿနာမရှိပါဘူး။ ကျွန်တော်တို့ ဒီကလေးသူငယ်တွေကို ဖွံ့ဖြိုးအောင်ထူထောင်တဲ့နေရာမှာ၊ စောင့်ရှောက်တဲ့နေရာမှာ အုပ်စုလိုက်လေးတွေ ဒီအုပ်စုက ဒီအရုပ်လေးတွေကို လေ့လာမယ်။ ဒီအုပ်စုက ကားလေးကို လေ့လာမယ်။ ဒီအုပ်စုက အပင်လေးတွေကိုလေ့လာမယ်။ ဒီအုပ်စုက အစားအသောက်တွေကို အာဟာ

13-11-2013 (Record)

ရဖြစ်ဖို့ လေ့လာကြမယ်ဆိုလို့ရှိရင် ဆရာကလှည့်လည်သွားလာပြီးတော့ အုပ်စု Group of Pair တွေ လုပ်ရတဲ့အခါမှာ ကျွန်တော်တို့ အင်မတန်နေရာ Space က စကားပြောပါတယ်။ အဲ့လိုနဲ့ သွားမှ လည်းပဲ ကျွန်တော်တို့က လူသားအရင်းအမြစ်ဖြစ်တဲ့ ဒီမူကြို ရှေးဦးသင်ကနေပြီးတော့ မူကြို၊ မူကြို ကနေ မူလတန်း အဲလိုသွားတဲ့အခါမှာ ခေတ်မီပညာတွေကို ဆက်လက်ပြီးတော့ လက်တွေ့သင်ယူနိုင် မှာဖြစ်တဲ့အတွက် အဲ့ဒီစနစ်ကို ရှေ့ကိုသွားလို့ရအောင်လို့ ဤလွှတ်တော်ကြီးကနေပြီးတော့ တစ်ဦးလျှင် ဧရိယာ စတုရန်းပေ ၂၀ သတ်မှတ်ပေးနိုင်ဖို့ ကျွန်တော်တို့အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆုံးအဖြတ်ခံတာလွယ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော် မှန်မှန်ကန်ကန် ဖြစ်စေချင်ပါတယ်။ အခုကြားလိုက်ရတာပေါ့လေ အကယ်၍သာ ၁၈ ပေအစား ၂၀ ပေ သို့မဟုတ်ရင် အခုနက နိုင်ငံတကာ တချို့နိုင်ငံမှာလုပ်တဲ့ ၅၄ ပေလို့ သတ်မှတ်လိုက်မယ်ဆိုရင် အဲ့ဒီလို ရှေးဦး ကလေး သူငယ်များကို ဖွင့်ပေးမယ့်ကျောင်းတွေ ဖြစ်ပေါ်လာဖို့အခြေအနေရှိလား/မရှိလား။ တစ်ဖက် က လက်တွေ့နဲ့ ဆန်းစစ်ဖို့လိုပါတယ်။ လိုချင်တာတော့ ဒီလောက် အဲ့ဒီအတိုင်း စံသတ်မှတ်ထားပြီး တော့ ကျောင်းဖွင့်ဖို့လာပြီးတော့ လျှောက်တဲ့အခါမှာ ၂၀ စတုရန်းပေ ဒီလိုသတ်မှတ်ထားလိုက်မယ်ဆို ရင် တကယ်လုပ်မယ့်လူက မလုပ်နိုင်ဘူးဆိုလို့ရှိရင် အခုနက ရှေးဦးကလေးသူငယ်များ သင်တာလုပ် ပေးနိုင်ပါ့မလားဆိုတာလည်း တစ်ဖက်က စဉ်းစားရမယ့်သဘောရှိပါတယ်။ အရေးကြီးတာက ဒီစတုရန်းပေ အကျယ်ဆိုတာထက် လက်တွေ့ကိုယ့်နိုင်ငံနဲ့ ကိုယ့်အခြေအနေနဲ့ကိုက်ညီတဲ့ စဉ်းစားတာ က ပိုပြီးကောင်းမယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်လို့ စဉ်းစားပြီးပြီဆိုလို့ရှိရင်တော့ လွှတ်တော်အချိန်တွေလည်းမကုန်ရအောင် ကျွန်တော်ဆက်ပြီးတော့ လိုအပ်မယ်ဆိုလို့ရှိရင် လွှတ်တော် ရဲ့ဆန္ဒဆက်ယူပါ့မယ်။ ဒါကြောင့်မို့လို့ အဓိကစဉ်းစားတာက ကလေးသူငယ်၊ ရှေးဦးကလေးသူငယ် များ ကျောင်းဖွင့်ပေးဖို့ဖြစ်နိုင်ဖို့အတွက်စဉ်းစားတာလား။ သို့မဟုတ်လို့ရှိရင် အခုနက ဧရိယာအကျယ် အဝန်းအတွက်စဉ်းစားတာလား။ ဒီနှစ်ခုအပေါ်မူတည်ပြီးတော့ စဉ်းစားဆောင်ရွက်တာ ပိုပြီးတော့ ကောင်းပါတယ်။ ကျွန်တော်တို့ နိုင်ငံတကာ နိုင်ငံတကာစံတွေပြောပြီးတော့ ကိုယ့်နိုင်ငံနဲ့မကိုက်ညီတဲ့ ဟာကျတော့လည်း မဖြစ်သင့်ဘူး။ ဒါ ကျွန်တော်ပြောတာက တစ်ဖက်တည်းပြောတာမဟုတ်ပါဘူး။ နှစ်ဖက်လုံးကို ကျွန်တော် ပြောခြင်းဖြစ်ပါတယ်။

**ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံတကာမှာဖြစ်နေတဲ့ အနေအထားလေးကို တင်ပြပါ့မယ်ခင်ဗျား။ ဒါလေးဆိုရင် တော်တော်ရှင်းပါတယ်ခင်ဗျာ။ The Fix be a space of 20 square feet for one child but in

anyplace. There is no search space to be seen တစ်ကမ္ဘာလုံးမှာ ၂၀ ပေလို့သတ်မှတ်ထားကြသော်လည်းပဲ တကယ်တမ်းလိုက်စစ်တဲ့အခါမှာ ၂၀ ပေရှိတာကို မတွေ့ရပါဘူးဆိုတဲ့ဟာလေး ကျွန်တော်တို့ ရှိပါတယ်ဆိုတော့ ကျွန်တော်တို့ ၁၈ ပေဖြစ်စေ၊ ပေ ၂၀ square feet ပဲဖြစ်စေ အဓိက အရေးကြီးတာကတော့ ကျွန်တော်တို့ရဲ့ကလေး သူငယ်များအားလုံး ပညာရည်နို့သောက်သုံးဖို့ပဲဖြစ်ပါတယ်။ သူ့မှာပညာရည်ဆိုတဲ့အခါမှာ ကျွန်တော်တို့ ကာယရေး၊ ဉာဏရေး၊ စာရိတ္တရေး အပြည့်အစုံ ဘက်ပေါင်းစုံ ပညာရေးကိုရရှိသွားဖို့က အဓိကအရေးကြီးတာဖြစ်ပါတယ်။ Spacing ကအဓိက မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ မူလတန်းကြိုကျောင်းပေါင်း ၂၈၀၀ ကျော်ရှိပါတယ်။ အဲ့ဒီ ၂၈၀၀ ကျော်ကို ဒီလို သူ့ကိုအကျယ်အဝန်းသတ်မှတ်ပေးလိုက်မယ်ဆိုရင်တော့ တော်တော်လေးအခက်အခဲရှိပြီးတော့မှ တချို့ကျောင်းလေးတွေဟာ ဖွင့်နေရက်သားနဲ့ ပြန်ပိတ်ရမလိုတောင်ဖြစ်နေတဲ့အနေအထားမျိုးဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်သူလူထုအတွက် အင်မတန်မှနစ်နာနဲ့အနေအထားတွေဖြစ်သွားမှာဖြစ်ပါတယ်။ မိဘတွေဟာ တာဝန်ကိုယ်စီနဲ့အလုပ်လုပ်ကြတဲ့အခါမှာ မူကြိုကျောင်းလေးတွေကိုပဲ အားကိုးပြီးတော့မှ မူကြိုကျောင်းလေးတွေမှာ ကလေးအပ်ရတာဖြစ်ပါတယ်။ သူတို့ရဲ့လုပ်အားတွေပါ ကျွန်တော်တို့နိုင်ငံအတွက် ဆုံးရှုံးသွားစေနိုင်တာဖြစ်တဲ့အတွက် ၁၈ ပေကိုပဲ ပြည်သူ့လွှတ်တော်အနေနဲ့ လက်ခံပေးဖို့တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီ။ ဦးစိန်ထွန်း၊ ထန်းတပင်ရဲ့ ပြင်ဆင်အဆိုပြုချက်။

**ဒေါ်အောင်ဆန်းစုကြည်(ဥက္ကဋ္ဌ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ)** ။ ။ ကျွန်မ မေးခွန်းတစ်ခုမေးချင်ပါတယ်။ ဦးမောင်မောင်ဆွေ အခုနက ဖတ်သွားတာ 30 feet လို့ ကျွန်မကြားလိုက်ပါတယ်။ ဒါပေမယ့် 30 feet က ၃၀ ပါ။ ၂၀ မဟုတ်ပါဘူး။ အဲ့ဒါကြောင့်မို့ လို့ အဲ့ဒီဟာ အခုနကပြောသွားတာ 30 feet လို့ကျွန်မကြားလိုက်ပါတယ်။ အဲ့ဒါကြောင့် နည်းနည်းပြန်ပြီးတော့ ကျွန်မကပဲ ကြားတာမှားသွားလို့လားမသိဘူး။ 30 feet လို့ ကျွန်မကြားလိုက်လို့ပါ။ အဲ့ဒါ မသေချာလို့မေးတာပါ။

**ဥက္ကဋ္ဌ။** ။ ပြန်ဖတ်လိုက်ပါ။

**ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ ကျွန်တော် ပြန်ဖတ်ပြပါ့မယ်ခင်ဗျား။ ကျွန်တော်တို့ The Fix be a space of 20 square feet for one child but in anyplace. There is no search space to be seen အဲ့ဒီလိုပြောထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲ ဒါ့ကြောင့် ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်းရဲ့ ပြင်ဆင်ချက်အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ်ပေးပါ။ ထောက်ခံတာနည်းတဲ့အတွက် မူလတန်းကြိုကျောင်းဖွင့်လှစ်မည့် အဆောက်အအုံသည် ရှေးဦးကလေးသူငယ်ကလေးတစ်ဦးစီအတွက် အနည်းဆုံး ဧရိယာပျမ်းမျှ ၁၈ စတုရန်းပေစီ အကျယ်အဝန်းရှိရမည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၊ ပုဒ်မ ၂၉ ဥပဒေကြမ်းကော်မတီက ၂ ဦးတင်ပြထားတာရှိပါတယ်။ ဥပဒေကြမ်းကော်မတီနဲ့ ဒေါ်စုစုလွင်၊ သုံးခွတို့က တင်ပြထားတာရှိပါတယ်။ ဒါ့ကြောင့် ဒေါ်စုစုလွင်၊ သုံးခွက စတင် တင်ပြဖို့ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့်တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက်ဆွေးနွေးအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဒေါ်စုစုလွင်(သုံးခွမဲဆန္ဒနယ်)**။ ။ ကျေးဇူးတင်ပါတယ်ဥက္ကဋ္ဌကြီးရှင့်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ သက်ဆိုင်ရာဝန်ကြီးများကို မင်္ဂလာပါလို့ ကျွန်မအရင်ဆုံးနှုတ်ခွန်းဆက်ချင်ပါတယ်။ ကျွန်မနေနဲ့ ဒီကလေးသူငယ်ဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်မပထမဦးဆုံး ဒီသြဂုတ်လ ၂၁ ရက်နေ့က ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်က နေပြီးတော့ ပြန်လည်စဉ်းစားနိုင်ဖို့အတွက် ကျွန်မတင်ပြခဲ့တဲ့တင်ပြချက်ရှိပါတယ်။ အဲ့လိုတင်ပြခဲ့လို့လည်း ဒီလူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌကနေပြီးတော့ ကျွန်မကိုခေါ်ယူပြီးတော့ ကျွန်မ ဆွေးနွေးလိုတဲ့ကိစ္စတွေကို ဆွေးနွေးဖို့အစီအစဉ်လုပ်ပေးခဲ့ပါတယ်။ အဲ့ဒီ ဆွေးနွေးချက်တွေအရလည်း ကျွန်မအနေနဲ့ကတော့ ကျွန်မအဲ့ဒီတုန်းကတင်ပြခဲ့တဲ့ကိစ္စကို သဘောတူပြီးသားလို့ ယူဆခဲ့မိပါတယ်။ အခုမှာတော့ ကျွန်မတင်ပြထားတဲ့အပိုင်းနဲ့ အခုဆုံးဖြတ်ထားတဲ့အပိုင်းက ကွဲလွဲချက်ရှိကြောင်းဆိုတဲ့ဟာကို ကျွန်မအခုမှသိရပါတယ်။ အဲ့ဒါကြောင့် ကျွန်မအနေနဲ့ အဲ့ဒီတုန်းက ဆွေးနွေးမှုဖြစ်ပေါ်လာတဲ့ ကျွန်မတင်ပြချင်တဲ့ ကိစ္စရပ်လေးတွေကို ကျွန်မရေးသားထားတဲ့အပိုင်းကနေပြီးတော့ ကောက်နှုတ်ပြီးတော့ ဖတ်ကြားနိုင်ဖို့အတွက် ဥက္ကဋ္ဌထံ ကျွန်မခွင့်တောင်းပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။

**ဒေါ်စုစုလွင်(သုံးခွမဲဆန္ဒနယ်)။** ။ ဟုတ်ကဲ့။ ဤဥပဒေကြမ်းသည် မျက်မှောက်ခေတ်နိုင်ငံတကာမှ ဆောင်ရွက်လျက်ရှိသောအရေးပါသည့် ဥပဒေတစ်ရပ်ဖြစ်နေပါသည်။ ယနေ့ခေတ်ရေစီးကြောင်းတွင် အောက်ပါအတိုင်းဆောင်ရွက်နေကြသည်ကိုလည်း လေ့လာသိရှိနေရပါသည်။ (က) လူတိုင်းအတွက် ပညာရေး Education for All (EFA) ဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်၊ ဦးတည်ချက်များအတွက်မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုအခြေအနေတင်ပြချက် အစီရင်ခံစာ Mid-decade Assessment Reports အား အခန်း ၃.၁ တွင် ရှေးဦးကလေးသူငယ်ပြုစုရေးနှင့်ပညာရေးကဏ္ဍသည် သိမ်မွေ့နက်နဲသည့်အပြင်လုပ်ငန်းအောင်မြင်ရန်မှာ ဝန်ကြီးဌာနများစွာ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်း၊ ပြန်ကြားရေး၊ နယ်စပ်ရေးရာတို့ပါဝင်ပတ်သက်နေပါသည်။ ထို့အပြင် သာသနာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့လည်း ပါဝင်ရန်လိုအပ်ပါသည်။ ဤအစီရင်ခံစာအတိုင်းဆောင်ရွက်ပါက ၂၅ ရာခိုင်နှုန်းသော ကလေးများသည်သာ ၂၀၁၅ ခုနှစ်၌ မူကြိုပညာရေးအခွင့်အလမ်းများကို စနစ်တကျရရှိနိုင်မည်ဖြစ်ပါသည်။ ကျန် ၇၅ ရာခိုင်နှုန်းသောကလေးများမှာ ဤဥပဒေ၏ အကျိုးသက် ရောက်မှုကိုခံစားရနိုင်မည်မဟုတ်ပါ။ ယင်းတို့၏ ဘဝအရေးသည် နိုင်ငံ၏အနာဂတ်အရေးပင်ဖြစ်ပါသည်။ (ခ) မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှုလုပ်ငန်း Comprehensive Education Sector Review (CESR) ကို နိုင်ငံတကာအဖွဲ့အစည်းများ UNESCO, UNDP နိုင်ငံတကာအစိုးရ အကူအညီပေးရေးဆိုင်ရာဝန်ကြီးဌာနများ၊ INGO များနှင့် ပညာရေးဝန်ကြီးဌာနနှင့်ဆက်စပ်သော၊ အခြားဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ မဟာဗျူ ဟာ၊ နည်းဗျူဟာမူဝါဒများနှင့် လုပ်ငန်းဆောင်ရွက်ရန်နည်းလမ်းများကို ညှိနှိုင်းဆောင်ရွက်နေ ကြောင်းနှင့် ပြီးစီးခါနီးပြီဟုလည်းကြားသိရပါသည်။ ထို့အပြင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန် လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့် UNICEF တို့၏ပံ့ပိုးကူညီမှုတို့ဖြင့် ပြည်တွင်း/ပြည်ပကျွမ်းကျင်ပညာရှင်များက Early Child Hood Care and Policy Development (ECCE) ကို ပြုလုပ်လုပ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖြစ်နိုင်သမျှ ပြည့်စုံစွာသုံးသပ်လေ့လာအကြံပြုဆွေးနွေးနိုင်ရန် ဥက္ကဋ္ဌကြီး၏လေးနက်သောရည်ရွယ်ချက်၊ စေတနာတို့ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဆွေးနွေးရမည့်နေ့ရက်ကို သင့်လျော်သည့်အချိန်ကာလရရှိရေး အလေးထားစဥ်းစားသတ်မှတ်ပေးရန် မေတ္တာရပ်ခံအကြံပြုလျှောက်ထားအပ်ပါသည်ဆိုပြီး ကျွန်မပြောခဲ့ပါသည်။ ကျွန်မဆိုလိုချင်တာက ဘာလဲဆိုလို့ရှိရင် ဒီဥပဒေဟာ အင်မတန်လည်းအရေးကြီးပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ဆွေးနွေးဖို့လိုပါမယ်။ ပြီးတော့စောစောကပြောခဲ့တဲ့ ဒီလေ့လာချက်

တွေ ဒီမူဝါဒတွေနဲ့ပတ်သက်တဲ့ ဒီဆုံးဖြတ်ချက်ချမယ့်ကိစ္စတွေဟာမပြီးသေးခင်မှာ ဒီဥပဒေကိုပြဋ္ဌာန်းတဲ့ဟာက စောများစောနေမလားလို့ ကျွန်မတို့စဉ်းစားမိတာရှိပါတယ်။ ဒါပေမယ့် ကျွန်မနဲ့ဆွေးနွေးတဲ့အခါမှာ ဒီကော်မတီအနေနဲ့ ကျွန်မတို့အပြန်အလှန်ဆွေးနွေးပြီး ဒီဥပဒေမြန်မြန်ထွက်ဖို့ အရေးကြီးကြောင်းကိုလည်း ကျွန်မနားလည်သဘောပေါက်ပါတယ်။ အဲ့လိုသဘောပေါက်တဲ့အခါမှာ ကျွန်မတို့ဥပဒေအတည်ပြုနိုင်ရေးအတွက်ကိုလည်း ကျွန်မတို့လွှတ်တော်မှာတင်ပြဖို့ ကျွန်မက လက်ခံသဘောတူခဲ့ပါတယ်။ ဒါပေမယ့် ဒီဥပဒေမှာ အထူးသဖြင့် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးမှာ ကျွန်မတို့နိုင်ငံအနေနဲ့က ၂၀၁၅ ခုနှစ်မှာ ဒီ ၂၅ ရာခိုင်နှုန်းပြည့်မီရေးအတွက် ရည်မှန်းချက်ထားတဲ့ ကိစ္စကတကယ်တော့တော်တော် လေးနည်းပါတယ်။ ဒါပေမယ့်လက်တွေ့မှာ ဒီလောက်ဖြစ်နိုင်မယ်လို့ရည်မှန်းပြီးလုပ်တာဖြစ်ပါတယ်။ အဲ့ဒီတော့ အဲ့ဒီလိုလုပ်တဲ့အခါမှာလည်း လက်ရှိအခြေအနေကိုကျွန်မတို့အနေနဲ့ ပြန်စဉ်းစားမယ်ဆိုလို့ ရှိရင် စောစောက ဦးစိန်ထွန်းပြောတဲ့ Multiple Indicator Cluster Survey (MICS) မှာကိုပဲ ပြန်ကြည့်မယ်ဆိုလိုရှိရင် လောလောဆယ်မှာ ကျွန်မတို့ကဒီ ၃ နှစ်နဲ့ ၅ နှစ်အတွင်းကလေးတွေအတွက် ကျွန်မတို့ရရှိနေတဲ့ ဒီမူကြိုပညာရေးဟာ ၂၂.၉၊ ၂၃ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ ဒါပေမယ့် ၂၅ ရာခိုင်နှုန်းသော ဒီကလေးတွေအတွက် ကျွန်မတို့ ဒီရှေးဦးကလေးသူငယ်ပြုစုစောက်ရှောက်ရေးလုပ်ငန်းကို စနစ်တကျဖြစ်ဖို့ဆိုတဲ့ဟာက ကျွန်မတို့ ၂၅ ရာခိုင်နှုန်းလို့သတ်မှတ်တဲ့ဟာ ဒီမွေးကင်းစကလေးကနေ ၅ နှစ် အရွယ်ကလေးဖြစ်ပါတယ်။ အဲ့လိုကြည့်မယ်ဆိုလို့ရှိရင် ကျွန်မတို့ဟာ ဒီကလေးတစ်သန်းကျော် ၁.၂၅ သန်းလောက်ကို ကျွန်မတို့ဒီ ၂၀၁၅ မှာဒီလုပ်ငန်း ကိုထိထိရောက်ရောက်လုပ် နိုင်ဖို့ ရည်းမှန်းထားတာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီကနေ့ ၀ ကနေ ၅ နှစ်အရွယ် ဒီကလေးတွေကို ကျွန်မ တို့ ၂၃ ရာခိုင်နှုန်းလောက်ရောက်ရှိတယ်ဆိုတဲ့ဟာကိုပြန်ကြည့်မယ်ဆိုလို့ရှိရင် ကလေး ၂၀၀၀၀၀ ကျော်လောက်ကိုပဲ ကျွန်မတို့က ဒီလုပ်ငန်းက အကျိုးသက်ရောက်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကလေး ၁၀၀၀၀၀၀ ကျော် ၂၅ ရာခိုင်နှုန်းရရှိဖို့ဆိုတဲ့ဟာက ဒီနိုင်ငံတော်က ပညာရေးဌာနနဲ့လူမှု ဝန်ထမ်းဌာနတို့ကပဲဖြစ်ဖြစ် ဒီနိုင်ငံတကာကအထောက်အပံ့ပေးတဲ့အဖွဲ့အစည်းတွေကပဲ ဒီထောက်ပံ့ပေးလို့ ရပ်/ကျေးကနေပြီးတော့ ဒီရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်တဲ့လုပ်ငန်းလေးတွေကို လုပ်မယ်ဆိုရင် တော်တော်လေးလုပ်ရတာခက်ခက်ခဲခဲနဲ့တော်တော်လေးကြိုးစားပြီး လုပ်ရမှာဖြစ်ပါတယ်။ အဲ့လိုကျွန်မတို့အနေနဲ့ ဒီလုပ်ငန်းကိုလည်းကျွမ်းကျင်မှုဟာ အပြည့်အဝလည်းမရသေးဘူး။ ပြီးတော့ ဒီလုပ်ငန်းကိုလုပ်ဖို့ဆိုတာကလည်းရပ်/ကျေးဟာ အများကြီးအဓိကကျတယ်လို့ ကျွန်မအနေနဲ့ကတော့ ယူဆမိပါတယ်။ အဲ့ဒီတော့

ရပ်/ကျေးကနေပြီးတော့ ဒီလုပ်ငန်းကို စလုပ်ဖို့ဆိုတာ ကျွန်မတို့က ဒီလူတိုင်းအတွက် ပညာရေး ရည်မှန်းချက်တွေမှာလည်း အလေးအနက်ထားပြီးပြောထားတဲ့ကိစ္စတွေဖြစ်ပါတယ်။ အဲ့ဒီတော့ အဲ့ဒီ ဟာကိုပေါက်မြောက်ဖို့ရာအတွက် ဒီရပ်ကျေးကိုကျွန်မတို့က အားပေးမယ်ဆိုလို့ရှိရင် ရပ်/ကျေးက မိမိဘာသာမိမိဒီလုပ်ကိုင်ဆောင်ရွက်လာတဲ့ ကလေးသူငယ်ပြုစု စောင့်ရှောက်ရေးလုပ်ငန်းပဲဖြစ်ဖြစ်၊ အထောက်အပံ့ရပြီးတော့လုပ်တဲ့လုပ်ငန်းပဲဖြစ်ဖြစ်၊ ဒီသတ်မှတ်ထားတဲ့စံချိန်စံနှုန်းတွေ မပြည့်မီခဲ့လို့ ရှိရင် အပြည့်ရယ်လို့ဖြစ်မယ်ဆိုလို့ရှိရင် စောစောကဥက္ကဋ္ဌကြီးရော ဒီဦးမောင်မောင်ဆွေတို့ ပြောသွား တဲ့ဆီမှာရောပဲ ဒီဟာကျွန်မတို့က ဒါကျယ်ကျယ်ပြန့်ပြန့်နဲ့ ဒီလုပ်ငန်းကိုလုပ်ဖို့ ဒါရည်ရွယ်တယ်။ ဒီဟာလုပ်ဖို့ အားပေးလိုတယ်ဆိုတဲ့ဟာကို ကျွန်မအနေနဲ့ဒီလိုပဲ နားလည်ပါတယ်။ အဲ့ဒီလိုလုပ်မယ်ဆို ရင် ဒီကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ဖို့ရာအတွက် အဟန့်အတားမဖြစ်စေမဲ့ကိစ္စတွေ၊ ကျွန်မတို့ အဟန့် အတားမဖြစ်ဖို့ရာအတွက် ကျွန်မတို့လွှတ်တော်အနေနဲ့တာဝန်ရှိတယ်လို့ ယူဆမိပါတယ်။ ဒါကြောင့်မို့ လို့ မှားယွင်းခဲ့သည်ရှိရင်တောင်မှ အပြစ်ဒဏ်ဆိုတာ စောစောကထောင်ဒဏ်ရှိပါတယ်။ ထောင်ဒဏ် ကိုအခုမရှိတော့ပါဘူး။ ဒီဥပဒေကြမ်းမှာပယ်ပြီးပါပြီ။ သို့သော် ဒဏ်ငွေ ၁၀ သိန်းဆိုတာကတော့ ရပ်/ကျေးအဆင့်ကလေး ၁၀ ယောက်လောက်က ဒီလုပ်ငန်းကိုလုပ်တဲ့အဖွဲ့တွေအတွက်ကတော့ ပြစ်ဒဏ်ကြီးမားလွန်းတယ်လို့ ကျွန်မအနေနဲ့ယူဆမိပါတယ်။ ပြီးတော့ ဒီလိုအပြစ်ဒဏ်မျိုးဟာ အခုမှ စပြီးတော့ ဒီလုပ်ငန်းကို လုပ်ဖို့အားပေးနေရတဲ့အခြေအနေမျိုးမှာ လုံးဝတောင်မှမရှိသင့်ဘူးလို့ ကျွန်မ အနေနဲ့တော့ပြောချင်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်အနေနဲ့ ဒီအပြစ်ဒဏ်ကိုပယ်ဖျက်ပေးဖို့ ကျွန်မအနေနဲ့ အနူးအညွတ်မေတ္တာရပ်ခံအပ်ပါတယ်။ (သြဘာသံများ)

**ဦးညဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီးတော့ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက် ရေးကော်မတီ ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့သော ရှေးဦး ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းအားကျွန်တော်တို့ လူမှုဖွံ့ဖြိုးတိုး တက်ရေးကော်မတီနဲ့ သက်ဆိုင်တဲ့အတွက်ကော်မတီရဲ့ကိုယ်စား ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့သော ရှေးဦးကလေးသူငယ်ပြုစုပျိုး ထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းရဲ့ မူလပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)နဲ့ (ဃ) တို့အား ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ပုဒ်မ ၃၄ ပုဒ်မခွဲ(က)နဲ့ (ခ)တို့အား ပယ်ဖျက်ရန်

ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်နဲ့ ကျွန်တော်တို့လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌနှင့်ကော်မတီဝင်များဟာ လွှတ်တော်ကော်မတီဆောင် I-4 မှာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပြီးတော့မှ အဲ့ဒီဆွေးနွေးပွဲမှာ မူလဥပဒေကြမ်းပါ ပြစ်မှုနှင့်ပြစ်ဒဏ်များအခန်းမှာပါရှိတဲ့ ခွင့်ပြုချက်မရှိဘဲ ရပ်ရွာအခြေပြုလုပ်ငန်းသို့မဟုတ် အိမ်အခြေပြုလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ခွင့်ပြုချက်ကိုကာလအကန့်အသတ်ဖြင့် ရပ်သိမ်းထားသည့်ကာလအတွင်းလည်းကောင်း၊ ပယ်ဖျက်ပြီး နောက်တွင်သော်လည်းကောင်း၊ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းဆောင်ရွက်လျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟူသော ပြဋ္ဌာန်းချက်ပါထောင်ဒဏ်အပြစ်ပေးမှုဟာ မဖြစ်သင့်တဲ့ကိစ္စဖြစ်တယ်ဆိုပြီးတော့ ကိုယ်စားလှယ် ဒေါ်စုစုလွင်မှ ဆွေးနွေးပြောကြားခဲ့တဲ့အတွက် ထောင်ဒဏ်ကို ကျွန်တော်တို့ကော်မတီက ပယ်ဖျက်ပြီးတော့မှငွေဒဏ်သက်သက်သာ သတ်မှတ်ပြဋ္ဌာန်းရန် ညှိနှိုင်းဆွေးနွေးသဘောတူညီခဲ့ကြပါတယ်။ ငွေဒဏ်ပမာဏ နည်းပါးလွန်းလျှင်လည်း ဖောက်ဖျက်ကျူးလွန်သူက ဒါကိုအလေးမထားဘဲနဲ့ နည်းပါးတဲ့ငွေဒဏ်ကိုပေးဆောင်ပြီး ဖောက်ဖျက်ကျူးလွန်မည့်အရေးကို ကျွန်တော်တို့က ဟန့်တားကာကွယ်လိုတဲ့အနေနဲ့ ကျပ် ၁ဝ သိန်းထက်မပိုသော ငွေဒဏ်ကိုချမှတ်ရမည်ဟု သတ်မှတ်ခဲ့ကြခြင်းဖြစ်ပါတယ်။ ဒါကလည်းတရားသူကြီးမှအများဆုံး ချမှတ်ရမယ့်ငွေဒဏ်ပမာဏဖြစ်ပြီးတော့ အဲ့ဒီထက်လည်းလျော့ပေါ့ပြီးတော့ ချမှတ်နိုင်တဲ့ပြစ်ဒဏ်ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဆိုတာဟာ နိုင်ငံသားတွေဆောင်ရန်၊ ရှောင်ရန်တွေကိုသတ်မှတ်ထားရှိပြီးမလိုက်နာဘဲ ဖောက်ဖျက်ကျူးလွန်ပါက မည်ကဲ့သို့အရေးယူရမည်ကို ပြဋ္ဌာန်းထားရှိခြင်းဖြစ်ပါတယ်။ ပြဋ္ဌာန်းထားရှိပြီးတဲ့ဥပဒေတိုင်းမှာလည်း ပြစ်မှုနှင့်ပြစ်ဒဏ်များအခန်းကို ထည့်သွင်းဖော်ပြသတ်မှတ်ထားရှိပါတယ်။ ဥပဒေသာပြဋ္ဌာန်းထားရှိပြီး ယင်းဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူကို မည်ကဲ့သို့အရေးယူမည်ကို ပြစ်မှုပြစ်ဒဏ်များ ပြဋ္ဌာန်းထားခြင်းမရှိဘူးဆိုလို့ရှိရင် ဖောက်ဖျက်လိုသူများက မလိုက်နာဘဲ၊ အလေးမထားဘဲ ဖောက်ဖျက်ကျူးလွန်နိုင်ပြီးတော့ ပြဋ္ဌာန်းထားတဲ့ဥပဒေဟာလည်း အသုံးမဝင်အရာမရောက်ဘဲ အဓိပ္ပါယ်မဲ့ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်မို့ လူအများစုကို ကာကွယ်ပေးနိုင်ဖို့အတွက် လူအနည်းစုက ဥပဒေပါပြဋ္ဌာန်းချက်ကို ချိုးဖောက်ခဲ့မယ်ဆိုရင် မည်ကဲ့သို့အရေးယူမည်ကို ပြစ်မှု၊ ပြစ်ဒဏ်သတ်မှတ်ပြဋ္ဌာန်းသင့်ပါတယ်ခင်ဗျား။ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းများကို ခွင့်ပြုချက်ရယူရန်မှာ ပြည်တွင်းပြည်ပရှိပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုခု၏ထောက်ပံ့မှု သို့မဟုတ် စီမံ

ခန့်ခွဲမှုဖြင့် ရပ်ကွက်ကျေးရွာအတွင်းဆောင်ရွက်သည့် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်စေတနာ့ဝန်ထမ်းမိခင်တစ်ဦး သို့မဟုတ် မိခင်အများက အိမ်တစ်အိမ်တွင် စုစည်း ဆောင်ရွက်သည့် ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာလုပ်ငန်းကို ထောက်ပံ့မှုရယူမှသာ ခွင့်ပြု ချက်ရယူရန်လိုအပ်ပြီးတော့မှ ထောက်ပံ့မှုမရယူဘူးဆိုလို့ရှိရင် ဤပုဒ်မနဲ့အကျုံးဝင်မည်မဟုတ်ပါ ဘူးခင်ဗျား။ ၁၂-၁၁-၂၀၁၃ ဖြစ်တဲ့မနေ့ကကျွန်တော်တို့ အဲ့ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ ဥပဒေကြမ်း ကော်မတီ I-2 မှာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ၊ ဥပဒေကြမ်းကော်မတီမှတာဝန်ရှိသူများ၊ ကျွန်တော်တို့လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဒေါ်စုစုလွင်ရဲ့ကိုယ်စား ကိုယ်စားလှယ်ဦးဝင်းမြင့်နဲ့ ဒေါက်တာ ဇော်မြင့်မောင်တို့ ကျွန်တော်တို့ညှိနှိုင်းဆွေးနွေးခဲ့ရာမှာ ဝန်ကြီးဌာနမှ အဲ့ဒီပြစ်မှုနှင့်ပြစ်ဒဏ်တွေကို သတ်မှတ်ထားသင့်ကြောင်း အကျယ်တဝင့်ရှင်းလင်းတင်ပြခဲ့ပြီးတော့ ကျွန်တော်တို့ကော်မတီမှလည်း သတ်မှတ်ထားရှိသင့်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြသော်လည်း ကာယကံရှင် သုံးခွမဲဆန္ဒ နယ်မှ ကိုယ်စားလှယ် ဒေါ်စုစုလွင်က လွှတ်တော်၏အဆုံးအဖြတ်ကိုသာ ခံယူမည်ဖြစ်ကြောင်းကိုဖုန်း ဖြင့် သဘောထားပေးခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ မှာနိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှသာ ရယူပိုင်ခွင့်ပေးရမည်ဟုလည်းကောင်း ပုဒ်မ ၃၅၁ တွင်မိခင်များ၊ ကလေးသူငယ်များ နှင့်ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသောသက်ဆိုင်ရာအခွင့်အရေးများ ကိုလည်း အညီအမျှခံစားခွင့်ရှိစေရမည်ဟုလည်းကောင်း၊ ၁၉၉၃ ခုနှစ်ကလေးသူငယ်ဥပဒေပုဒ်မ ၁၄ မှာ ကလေးသူငယ်တိုင်းသည် လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဇာတိ၊ လိင်မခွဲခြားဘဲ (က) ဥပဒေအရာတွင် အညီအမျှဖြစ်စေရမည်။ (ခ) ညီမျှသောအခွင့်အလမ်းများရရှိစေ ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါတယ်။ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြု လုပ်ငန်းကို ခွင့်ပြုချက်ရယူခြင်းမရှိဘဲဆောင်ရွက်ခွင့်ပြုပါက ကိုလိုနီနယ်ချဲ့ခေတ် တောင်ပေါ်မြေပြန့် ခွဲခြားမှုအုပ်ချုပ်သကဲ့သို့ နုနယ်ငယ်ရွယ်သည့်ကလေးများအား လူမျိုးရေးပိုင်း၊ ဘာသာရေးပိုင်းများ သွင်းပြီးတော့ ကလေးသူငယ်များနှင့်မဆီလျော်သည့် ခွဲခြားသင်ကြားမှုများပြုလုပ်ဆောင်ရွက်မှုများရှိ လာနိုင်ပြီး ကလေးသူငယ်များအမှ ဥပဒေအရာတွင် တန်းတူညီမျှမှုအခွင့်အလမ်းများ ဆုံးရှုံးမှုများဖြစ် ပေါ်လာနိုင်သကဲ့သို့ နိုင်ငံတော်အနေနဲ့လည်း ကြီးမားတဲ့ဆုံးရှုံးနစ်နာမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းဟာ ရဲအရေးပိုင်တဲ့ပြစ်မှုမဟုတ်ပါဘူး။ ခွင့်ပြု

ချက်ရယူခြင်းမရှိဘဲ ဆောင်ရွက်သည့်လူကိုလည်း အခြားမလိုလားသူ တစ်စုံတစ်ယောက်ကနေပြီး တော့မှ သက်ဆိုင်ရာရဲစခန်းမှာ အမှုဖွင့်တရားစွဲဆိုနိုင်ခြင်းလည်းမရှိပါဘူး။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်း ဦးစီးမှူးရဲ့ကြိုတင်ခွင့်ပြုချက်ဖြင့်သာ သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်တဲ့ပြစ်မှုဖြစ်ပါတယ်။ သို့ပါ၍ ကျွန်တော်၏တင်ပြချက်များအရ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်း၏ မူလပုဒ်မ ၂၉ ပုဒ်မခွဲ (ခ)နှင့်(ဃ)တို့အား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ချက်ဖြစ်သည့် ပုဒ်မ ၃၄ ပုဒ်မခွဲ(က)နှင့်(ခ) ပါအတိုင်း ပယ်ဖျက်ခြင်းမပြုဘဲ မူလအတိုင်းပြဋ္ဌာန်းထားရှိ သင့်ပါကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒေါက်တာတင်မောင်ကြိုင်(ကြံခင်းမဲဆန္ဒနယ်)**။ ။မင်္ဂလာပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကြံခင်းမဲဆန္ဒနယ်က ဒေါက်တာတင်မောင်ကြိုင်ဖြစ်ပါတယ်။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်လည်းဖြစ်ပါတယ်။ ခုနက သုံးခွမြို့က ကိုယ်စားလှယ်တော်ကြီးဒေါ်စုစုလွင် ပြောတာက ကျွန်တော်တို့က ခွင့်ပြုချက်ပြစ်မှုနှင့် ပြစ်ဒဏ်မှာက ပုဒ်မ ၃၃၊၃၄က ခွင့်ပြုမိန့်မရဘဲနဲ့လုပ်ရင်သာ ကျွန်တော်တို့က ဒီလိုဒဏ်ငွေဆောင်ရမှာဖြစ်ပါတယ်။ ဒေါ်စုစုလွင် စိုးရိမ်တာက မူလပြဋ္ဌာန်းတဲ့ဥပဒေပုဒ်မ ၂၉ AD-၂၉ မှာ စီမံခန့်ခွဲနည်းအရအရေးယူခြင်းဆိုတာကို သူကဖြစ်စေချင်တဲ့သဘောရှိပါတယ်။ စီမံခန့်ခွဲမှုအရ အရေးယူတဲ့ နည်းကဘာလဲဆိုတော့ ပုဒ်မ ၂၈ ပါပြဋ္ဌာန်းချက် ၂၈ ကတော့ ကျွန်တော်တို့ ရပ်ရွာအခြေပြုလုပ်ငန်းနဲ့ အိမ်အခြေပြုလုပ်ငန်းများဆောင်ရွက်ရာမှာ အချက် ၅ ချက်ရှိပါတယ်။ ဒီ ၅ချက်နဲ့မပြည့်စုံလို့ရှိရင် ကျွန်တော်တို့က တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ရရှိပြီးသည့်နောက် ဆိုတော့ ခွင့်ပြုချက်ကိုသူကရပြီးဖြစ်ပါတယ်။ အဲ့လိုဖြစ်ပြီးတဲ့ နောက်မှာ ခုနက အချက် ၅ ချက်ကိုဖောက်ဖျက်ကျူးလွန်ရင် သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကိုပေးဆောင်ရမည်။ (ခ) တည်ထောင်ခွင့်ပြုမိန့်(သို့မဟုတ်) ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းရမည်။ (ဂ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ရမယ်ဆိုတဲ့ဟာကို ဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အခုဆွေးနွေးတာက ပြစ်မှုနဲ့ ပြစ်ဒဏ်ပါ။ ခွင့်ပြုချက်မယူဘဲနဲ့ လုပ်ရင်ဆိုတာကို ပြောတာပါ။ အဲ့ဒီတော့ အခုနက ပုဒ်မ ၂၂ မူလစီမံခန့်ခွဲမှုအရ အခန်း (၈) စီမံခန့်ခွဲမှု နှင့်အရေးယူတဲ့ဟာကို လက်ခံထားပြီးရင်တော့ဖြစ်ရင် ခွင့်ပြုမိန့်တောင်းရတော့မယ်ဆိုတဲ့ဟာက လက်ခံပြီးဖြစ်တယ်လို့ ယူဆ

ပါတယ်။ သို့ရာတွင် ဒီဥပဒေကို ဒီအတိုင်းပဲဆက်လက်ပြဋ္ဌာန်းပေးပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်စုစုလွင် ဆွေးနွေးသွားတဲ့အထဲမှာ ကျွန်တော့်အနေနဲ့ ပြောကြားရမယ့်ကိစ္စရပ်ကလေးရှိတဲ့အတွက် ကြောင့်မို့လို့ ဆက်လက်ပြီးတော့မှ ဆွေးနွေးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ပထမအချက်ကတော့ ဒေါ်စုစုလွင်က ကျွန်တော်တို့စာရေးသားပြီးတော့မှ ဥက္ကဋ္ဌကြီးဆီကို တင်ပြလိုက်တဲ့အခါမှာ ကျွန်တော် တို့ ဒီဥပဒေကိုပြင်ဆင်ပေးဖို့ဆိုတဲ့ဟာ ပါမသွားပါဘူး။ ပါမသွားတဲ့အတွက်ကြောင့်မို့လို့ ပြင်ဆင်ချက် အဆိုပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်ထဲမှာလည်း ဒေါ်စုစုလွင်ရဲ့အမည်ဟာ ပါမသွားခဲ့ပါဘူး။ လွှတ်တော်ရုံးမှာလည်း Record မရှိဘဲနဲ့ ဥပဒေကြမ်းမှာလည်း Record မရှိခဲ့ပါဘူး။ သို့သော် ကျွန်တော်တို့နဲ့ ခေါ်ယူဆွေးနွေးခဲ့တဲ့အခါမှာ အဲ့ဒီအကြောင်းအချက်တွေပါလာတဲ့အတွက် ကျွန်တော် တို့က ဆက်လက်ဆွေးနွေးပြီးတော့မှ ဥပဒေကြမ်းကလည်းထပ်ပြီးတော့မှ ဒေါ်စုစုလွင်ရဲ့ ပြင်ဆင်အဆို ပြုချက်ဆိုပြီးတော့မှ ဒီလိုထည့်သွင်းရတဲ့အနေအထားလေး ဖြစ်သွားတာဖြစ်ပါတယ်။ ဆိုတော့ ကြားထဲမှာ ကျွန်တော်တို့ဆွေးနွေးကြတဲ့အခါမှာ ပထမတော့ ကျွန်တော်တို့က အိမ်ရာအခြေပြုနဲ့ရပ်ရွာ အခြေပြုလေးတွေ သူတို့ဟာသူတို့လုပ်တဲ့ဟာလေးတွေကို ဒါအရေးယူဖို့မသင့်ဘူးဆိုပြီးတော့ ဒီလို သဘောတူကြပါတယ်။ သို့သော် သေချာရှေ့က အဓိပ္ပာယ်နဲ့ဖွင့်ဆိုချက်မှာ ကြည့်လိုက်တဲ့အခါကြတော့ သူက အထောက်အပံ့တွေရယူပြီးတော့ လုပ်တဲ့ကိစ္စရပ်တွေပါလာတဲ့အတွက်ကြောင့်မို့လို့ ဒါလေးက တော့ ပိုင်သေအထိန်းအကွပ်လေးရှိရမယ်ဆိုပြီးတော့မှ ဥပဒေကြမ်းကရော၊ ဝန်ကြီးဌာနကရော ဒီဟာ နဲ့ပတ်သက်ပြီးတော့ ပယ်ဖျက်ရန်ကန့်ကွက်တဲ့အတွက် ဒီဟာပြန်ပါတာဖြစ်ပါတယ်။ ဒါ ပထမအချက် ပါ။ ဒုတိယအချက်ကတော့ ကျွန်တော်တို့ ကော်မတီအနေနဲ့က စောစောက ဒေါ်စုစုလွင်ရှင်းလင်းခဲ့တဲ့ Education for All ရော၊ CESR ရော ဒါ ကျွန်တော်တို့ ကော်မတီအနေနဲ့အစည်းအဝေးတွေ တက် ရောက်ပြီးတော့မှ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ကျွန်တော်တို့ မနေ့တစ်နေ့ကပဲ သင်္ဂဟဟိုတယ်မှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန National Plan UNICEF ရယ် ကျွန်တော်တို့ ကျန်းမာရေးရယ်၊ ပညာရေးရယ် ပူးပေါင်းပြီးတော့မှ Child Production, Child Investments အတွက်ကို ၆ လ တာ ကာလအတွက် ဘတ်ဂျက်သုံးစွဲမှုကို ကျွန်တော်တို့ လေ့လာဆန်းစစ်သုံးသပ်ပြီးတော့မှ ဆောင်ရွက်ခဲ့တဲ့ Work-shop လေး တက်ခဲ့ပါတယ်။ ဒီမှာလည်းပဲ ကျွန်တော်တို့ Education for All အတွက်ရော၊ CESR အတွက်ပါ ကျွန်တော်တို့ စုပေါင်းပြီးတော့မှ

UNICEF နဲ့ ဒါ National Plan တွေကို ကျွန်တော်တို့ လာမယ့်ကာလမှာ ဘယ်လိုဆွဲမလဲဆိုတာလေးကို ဆက်ပြီးတော့မှ ကျွန်တော်တို့ဆွေးနွေးညှိနှိုင်းမှုတွေရှိခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့က ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်ပတ်သက်ပြီးတော့ Data တွေဟာ ကျွန်တော်တို့ Census သန်းခေါင်စာရင်းက ကျွန်တော်တို့ မကောက်တာကြာပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ Data တွေက ကျွန်တော်တို့ အမှန်အကန်မရရှိခဲ့ပါဘူး။ မရရှိတဲ့အပေါ်မှာ Planning ဆွဲတဲ့အခါမှာလည်း ဒုက္ခအများကြီးရောက်တဲ့ အခက်အခဲအများကြီးရောက်တဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၄ မှာကျွန်တော်တို့ General Census ကောက်ပြီးတဲ့အခါမှာ Data တွေအများကြီးရလာတဲ့အခါမှာ ဆက်လက်ပြီးတော့မှ ကျွန်တော်တို့က ဒီ ၂၀၁၅ နောက်ပိုင်းမှာ ၂၀၁၅ မှာတော့ ကျွန်တော်တို့ Million Gold ဟာမမီနိုင်တော့ပါဘူး။ ဒေါ်စုစုလွင်ဆွေးနွေးသလိုပဲ ကျွန်တော်တို့ အခက်အခဲအများကြီးရှိပါတယ်။ ၂၀၁၅ နောက်ပိုင်းမှာ ကျွန်တော်တို့ဆက်လက်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလို့ရှိရင်တော့ National Plan တွေကို အသေအချာဆွဲပြီးတော့မှ နိုင်ငံတော်အနေနဲ့ Child Investments ကို ပညာရေး၊ ကျန်းမာရေး ဘတ်ဂျက်တွေမြှင့်သွားသလိုပဲ လူမှုရေးကဏ္ဍမှာလည်း ဘတ်ဂျက်တွေ မြှင့်သွားဖို့အတွက်ကို ကျွန်တော်တို့ ဆွေးနွေးတိုင်ပင်ညှိနှိုင်းကြပြီးဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီတတိယအချက်ကတော့ စောစောက ဒေါ်စုစုလွင်က ဒီဟာကိုပယ်ဖျက်ချင်တယ်ဆိုတဲ့ အခါမှာ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ကြီးများဆွေးနွေးသလိုပဲ ဒီဟာက အကုန်လုံးလွှတ်ပေးလိုက်ရင်လည်း ဗရမ်းဗဒါနဲ့ သူတစ်လူငါတစ်မင်းနဲ့ ဖွင့်ချင်တိုင်းဖွင့်ပြီးတော့မှ ဆောင်ရွက်ကြလို့ရှိရင် နိုင်ငံအတွက် အင်မတန်နစ်နာမှာဖြစ်ပါတယ်။ ကလေးတွေအပေါ် Investments လုပ်တာဟာ ကျွန်တော်တို့နိုင်ငံတော်မှာ စီးပွားရေးရင်းနှီးမြှုပ်နှံမှုထက် အများကြီးပဲတန်ဖိုးရှိတဲ့ Child Investments က ပိုပြီးတော့မှ လုပ်ရမှာဖြစ်ပါတယ်။ အဲ့ဒီတော့ Child Investments လုပ်တဲ့အခါမှာ စောစောကလို မမှန်ကန်သောနည်းလမ်းနဲ့ Investments လုပ်မယ်ဆိုလို့ရှိရင် နိုင်ငံအတွက် အများကြီးပဲ နစ်နာဆုံးရှုံးနိုင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ဒီပုဒ်မကို ထည့်ထားပြီးတော့မှ ပြစ်ဒဏ်ကိုလည်း ထည့်ထားရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလပြဋ္ဌာန်းချက်အတိုင်းပဲ အတည်ပြုပေးနိုင် ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။ ထပ်ဆွေးနွေးစရာမလိုတော့ပါဘူး။ ဥပဒေကြမ်းကော်မတီကတော့ မူလအဆိုပြုအတိုင်းထားရှိဖို့နဲ့ ဒေါ်စုစုလွင်ကတော့ မူလပုဒ်မ ၂၉ ပုဒ်မခွဲ (ခ)နဲ့ (ဃ)၊ ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက် ပုဒ်မ ၃၄ ပုဒ်မခွဲ (က)နဲ့(ခ)တို့အား ပယ်ဖျက်ရန် အဆိုပြုထားပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်စုစုလွင်၊ သုံးခွရဲ့ အဆိုပြုချက်အား ထောက်ခံတဲ့လွှတ်တော်ကိုယ်စားလှယ်များ

မတ်တပ်ရပ်ပေးပါ။ ထောက်ခံသူနည်းပြီး ကန့်ကွက်သူများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်ကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ပေးပို့လာတဲ့ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရေးကြီးအဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒါ့ကြောင့် ဒီအရေးကြီးအဆိုကို လွှတ်တော်ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ကိုယ်စား အရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းမှာဖြစ်ပါတယ်။

၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့်နည်းဥပဒေများ၊ ၂၀၁၃ ခုနှစ် အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေနှင့်နည်းဥပဒေများနှင့် ချိတ်ဆက်ပြီး အသုံးပြုနိုင်ရန်အတွက် ပြည်ထောင်စု လွှတ်တော်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အလျင်အမြန်ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါတယ်။ ၎င်းအပြင် ၂၀၁၃ ခုနှစ် ခွင့်ပြုဘဏ္ဍာငွေစာရင်းမှာ အတည်ပြုခဲ့ပြီးဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ် များရဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးကိစ္စဟာလည်း ဒီမဲဆန္ဒရှင်ပြည်သူများအတွက် အဓိကလိုအပ် နေခြင်းတို့ကြောင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ အတည်ပြု ပြဋ္ဌာန်းနိုင်ဖို့အတွက် အမျိုးသားလွှတ်တော်မှာ ပေးပို့လာတဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃ အရ အရေးကြီးအဆိုတစ်ရပ်အဖြစ် တင်သွင်းအပ်ပါတယ်ခင်ဗျား။ တစ်ဆက် တစ်စပ်တည်းအနေနဲ့ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၉၀(ဃ)အရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ယနေ့အစည်းအဝေးမှာ အတည်ပြုရယူနိုင်ရန် အရေး ကြီးပါသဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရလည်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆက်လက်အတည်ပြုပေးနိုင်ရန်လည်း အဆိုတင်သွင်းအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင် တင်သွင်းသွား သော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ယနေ့အစည်းအဝေးမှ အတည်ပြုချက်ရယူဆောင်ရွက်ပေးပါရန်နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀(ဃ)အရ လွှတ်တော်မှအတည်ပြုပေးပါရန် အရေးကြီးအဆိုအား ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူး မဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေမှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုပြုတဲ့ ဥပဒေကြမ်းဟာ အမှန်တကယ်ပင် ပြည်ထောင်စုလွှတ်တော် ကျင်းပစဉ်ကာလအတွင်းမှာ ပြည်သူ့လွှတ်တော်အနေနဲ့ ဆုံးဖြတ်ပေးရမယ့်ကိစ္စဖြစ်တဲ့အတွက် ဒီဥပဒေ ကြမ်းကို ဆက်လက်ပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လွှတ်တော် ကကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် အရေးကြီးအဆိုစတင်တင်သွင်းဖို့ ဥပဒေကြမ်းကော်မတီ အားဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကိုပြင်ဆင်တဲ့ဥပဒေကြမ်းမှာ ပြင်ဆင်ချက် ၂၄ ချက်ရှိတဲ့အနက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင် ချက်အတိုင်း အတည်ပြုပေးဖို့ ဥပဒေကြမ်းကော်မတီက သဘောတူသည့် အချက် ၆ ချက်ရှိပါသည်။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်နှင့် ဥပဒေကြမ်းကော်မတီကပြင်ဆင်သည့်အချက် ၁၇ ချက်ရှိပါ သည်။ ၎င်းစုစုပေါင်း ၂၃ ချက်တို့အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တင်ပြချက်ဇယားမှာ စာမျက်နှာ (၂)၊ စာပိုဒ် ၅ အောက်မှာ ဖော်ပြထားတဲ့ ၂၃ ချက် က ၁၇ ချက်ကို ဦးဘရှိန်က အဆိုပြုတင်ပြထားတာမှန်ပါသလား။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ မှန်ပါတယ်ဥက္ကဋ္ဌကြီး။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့်မို့လို့ ပြင်ဆင်အဆိုပြုချက်ကို ဦးဘရှိန်အနေနဲ့ ဇယားပါအတိုင်းပဲ သီးခြားဖော်ပြစရာမလိုဘဲနဲ့ ဦးဘရှိန်က တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်မှာဆွေးနွေးဖို့ ပြင်ဆင်ချက်တင်သွင်းဖို့အတွက် ဖိတ်ခေါ်တဲ့အခါ ကျွန်တော် တို့ ဒီဥပဒေကြမ်းမှာ ပြန်လည် ပြင်ဆင်ဖို့အတွက် လိုအပ်တာတွေကို ကျွန်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌကို တင်ပြခဲ့ပါတယ်။ ဥက္ကဋ္ဌနဲ့ ဥပဒေကြမ်းကော်မတီဝင် တွေလည်း တိုင်ပင်ဆွေးနွေးခဲ့ပါတယ်။ တိုင်ပင်ဆွေးနွေးပြီးတော့ ဥပဒေပညာရှင်တွေနဲ့လည်း ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးတဲ့အခါမှာ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ (၁) အမှတ်စဉ် (၁)၊ စာမျက်နှာ (၁) အမှတ်စဉ် (၂)၊ စာမျက်နှာ (၂) အမှတ်စဉ် (၅)၊ စာမျက်နှာ (၃) အမှတ်စဉ် (၆)၊ စာမျက်နှာ (၃) အမှတ်စဉ် (၇)၊ စာမျက်နှာ (၃) အမှတ်စဉ် (၈)၊ စာမျက်နှာ (၄) အမှတ်စဉ် (၁၀)၊ စာမျက်နှာ (၅) အမှတ်စဉ် (၁၂)၊ စာမျက်နှာ (၆)

အမှတ်စဉ် (၁၄)၊ စာမျက်နှာ (၆) အမှတ်စဉ် (၁၅)၊ စာမျက်နှာ (၈) အမှတ်စဉ် (၁၉)၊ စာမျက်နှာ (၁၄) အမှတ်စဉ် (၂၄) ပါပြင်ဆင်ချက်တွေဟာ ကျွန်တော်တင်ပြမှုတွေ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်တို့နဲ့ တိုင်ပင်ဆွေးနွေးပြီးတော့ တင်ပြ ထားတဲ့ ပြင်ဆင်ချက်တွေဖြစ်ပါတယ်။ ဥပဒေပြင်ဆင်ချက်တွေကို ကန့်လန့်ဖြတ်ဇယားမှာလည်း ပြည့်စုံစွာဖော်ပြထားပြီးဖြစ်တဲ့အတွက်ကြောင့် ဒီပြင်ဆင်ချက်အတိုင်း အတည်ပြုပေးနိုင်ပါရန်အတွက် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဘရှိန်တင်ပြတဲ့အဆိုပြုချက်ကို လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဘရှိန်တင်ပြတဲ့ ပြင်ဆင်အဆိုပြုချက်များ အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီနဲ့ ဒေါ်ခင်စန်းလှိုင်တို့ရဲ့ သဘောကွဲလွဲချက်တစ်ချက်ရှိကြောင်းတင်ပြထားပါတယ်။ ဒါ့ကြောင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မနေနဲ့ စာမျက်နှာ (၇) အပိုဒ် (၁၇) အသစ်ဖြည့်စွက်ချက်ကို ကျွန်မအနေနဲ့ ပယ်ဖျက်ဖို့ရန်အတွက် တင်ပြထားတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ(၇) အပိုဒ် (၁၇)။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ စာမျက်နှာ (၇) အမှတ်စဉ် (၁၇) ရဲ့ အသစ်ဖြည့်စွက်ချက်ကို ပယ်ဖျက်ရန်တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်မပယ်ဖျက်ချင်ရတဲ့ ကြောင်းကျိုးဖော်ပြချက်အနေနဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ အခန်း (၃)၊ အပိုဒ် ၈(တ) မှာ ပြည်ထောင်စုလွှတ်တော် နာယကနဲ့ ဒုတိယနာယကတို့ရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်အဖြစ် ဒီအပိုဒ်ကိုအတိအလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီအပိုဒ်ကို ဖတ်ကြားပြပါရစေ။ အပိုဒ်ခွဲ(တ)မှာဆိုရင် လွှတ်တော်တွင် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ အောက်ပါနည်းလမ်းများနဲ့ မည်သည့်နည်းလမ်းဖြင့် ဆန္ဒပြုရမည်ကို ဆုံးဖြတ်သတ်မှတ်ခြင်း။ (၁) စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့်နည်းလမ်း၊ (၂) ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒမဲပေးသည့်နည်းလမ်း၊ (၃) မတ်တပ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဆိုပြီး ကျွန်မတို့နည်းဥပဒေမှာ အတိအလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့်နည်းဥပဒေမှာပါဝင်ပြီးဖြစ်လို့ ယခုဥပဒေပြင်ဆင်ချက်မှာ ထည့်သွင်းဖို့မလိုတော့ပါဘူး။ ဥပဒေကြမ်းကော်မတီမှ အသစ်တင်သွင်းတဲ့ ဒီတင်ပြချက်ကို ပယ်ဖျက်သင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတစ်စပ်တည်းပြောပါရစေ။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မတ်တပ်ရပ်ပြီးတော့ဆန္ဒပြုတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအား အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒမပြုနိုင်တဲ့ကိုယ်စားလှယ်တွေနဲ့ ကြားနေချင်တဲ့ ဆန္ဒပြုလိုတဲ့ ကိုယ်စားလှယ်တွေအတွက်လည်း အခွင့်အရေးက ဆုံးရှုံးသလိုဖြစ်နေရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၉(ဂ)နဲ့ ပုဒ်မ ၂၅ တို့မှာလည်း လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လွတ်လပ်စွာဆန္ဒမဲပေးတဲ့အခွင့်အရေးကို ပေးထားပြီးလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ပုဒ်မ ၂၂ ပုဒ်မခွဲ (ဃ)အဖြစ် အသစ်ထပ်မံဖြည့်စွက်ခြင်းကို ပယ်ဖျက်ပေးရန် တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဒေါ်ခင်စန်းလှိုင်တင်ပြသွားတဲ့ ပြည်ထောင်စုလွှတ်တော်နည်းဥပဒေအခန်း(၃)၊ နည်းဥပဒေ ၈ အပိုဒ်ခွဲ(တ)မှာ နာယကရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဖော်ပြထားတယ်ဆိုတဲ့အချက်က မှန်ကန်ပါတယ်။ အခုတင်သွင်းတဲ့ဥပဒေဟာ ပြည်ထောင်စုလွှတ်တော်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းဖြစ်ပါတယ်။ ဒီဥပဒေကြမ်းအတည်ပြုပြီးတဲ့အချိန်မှာ တည်ရှိပြီးသားဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်နည်းဥပဒေတွေကလည်း လိုက်လျောညီထွေဖြစ်အောင် လိုက်လံပြင်ဆင်ရမှာ ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်းပဲ ပြည်သူ့လွှတ်တော်မှာ လက်ခံပေးဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သိပ်မရှင်းပါဘူး။ ပြန်ပြီးတော့ ဖြေးဖြေးပြောပြပေးပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးဒေါ်ခင်စန်းလှိုင်တင်ပြတဲ့ ပြည်ထောင်စုလွှတ်တော် နည်းဥပဒေအခန်း(၃)၊ နည်းဥပဒေ ၈ ရဲ့ အပိုဒ်ခွဲ(တ)မှာပါတဲ့ နာယကရဲ့လုပ်ပိုင်ခွင့်ဆိုတာမှာ ဖော်ပြထားတာ မှန်ပါတယ်။ အခု ကျွန်တော်တို့ တင်ပြတဲ့ ပြင်ဆင်ချက်ဥပဒေကြမ်းဟာ ပြည်ထောင်စုလွှတ်တော်ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းအသစ်အတည်ပြုခဲ့ပြီးလို့ရှိရင် တည်ရှိပြီးသားဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်နည်းဥပဒေဟာလည်း ဒီပြင်ဆင်ပြီးတဲ့ဥပဒေအသစ်နဲ့ လိုက်လျောညီထွေဖြစ်

အောင် နည်းဥပဒေကိုလိုက်လံပြင်ဆင်ရမှာဖြစ်တဲ့အတွက် ကျွန်တော် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်အတိုင်းပဲ အတည်ပြုပေးဖို့ အဆိုတင်သွင်းပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ရှင်းပါပြီ။ ကဲဒါ့ကြောင့် မူလအသစ်ပြဋ္ဌာန်းထားတဲ့ အသစ်ဖြည့်စွက်ချက်ကို ဒေါ်ခင်စန်းလှိုင် ပုလဲမဲဆန္ဒနယ်မှ ပယ်ဖျက်သည်ဆိုတဲ့ အဆိုပြုချက်ကို ထောက်ခံတဲ့လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ်ပေးပါ။ ဒါ့ကြောင့် ထောက်ခံမှုထက် မထောက်ခံမှုက ပိုမိုများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ခြင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက်

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ နံပါတ် (၂) အောက်ဆုံးမှာ တာဝန်ခံဖြေကြားနိုင်သည့်ပုဂ္ဂိုလ်များအားလည်းကောင်း၊

**ဥက္ကဋ္ဌ**။ ။ ခဏပါ။ ကန့်လန့်ဖြတ်ဇယားလား။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ခင်ဗျ။ ကန့်လန့်ဖြတ်ဇယားပါ။ အမှတ်စဉ် (၅) မှာ နောက်ဆုံးစာပိုဒ်လေးပါဗျ။ အောက်ဆုံးစာပိုဒ်လေးပါ။ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟုယူဆသူများအားဆိုတာ သိရှိနားလည်သည်ဟုယူဆရသည့်သူများအားလို့ ဖြစ်ရလိမ့်မယ်လို့ထင်ပါတယ်။ ယူဆသူများအားဆိုတာ အဲဒီစာလုံးမှာရဆိုတဲ့စာလုံးပါရလိမ့်မယ် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ (၅)

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ စာမျက်နှာ (၂)၊ အမှတ်စဉ် (၅) ဖြစ်ပါတယ်ခင်ဗျ။ အဆိုပြုပြဋ္ဌာန်းချက်မှာလည်း ဒီသဘောဖြစ်ပါတယ်။ အစကဖတ်ပြရမယ်ဆိုရင် အမှတ်စဉ် (၅)၊ ပုဒ်မ ၅ ပုဒ်မ ၇(ဃ) ဖြစ်ပါတယ်။ အောက်ဆုံးအပိုဒ်မှာ နားလည်သည်ဟုယူဆသူများအားဆိုတဲ့ဥစ္စာမှာ ယူဆသူဆိုတာ မိမိကိုယ်မိမိ ဖြစ်နေပါတယ်။ ယူဆရသည့်သူများဖြစ်ပါလိမ့်မယ်။ ဒီစာလုံးလေးကို စာလုံးကျန်နေလို့ ကျွန်တော်တင်ပြတာပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဦးဘရှိန်

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအခါကတော့ စာလုံးစိစစ်တဲ့အခါ ကျွန်တော်တို့ ကျန်နေတာ ဖြစ်ပါတယ်။ ယူဆရသူများ ကျွန်တော်တို့ ပြန်ပြီးတော့ စိစစ်တဲ့အခါ ဒါတွေ အမှန်အတိုင်း စာလုံး သတ်ပုံကတော့ ကျွန်တော်တို့ ပြန်လုပ်ပေးရမှာ ဟုတ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့်မို့လို့ ယူဆရ ဆိုတဲ့စကားလုံးထည့်ဖို့

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ နောက်ပြီးတော့ တစ်ချက်ဒီမှာ ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယားဝေထားတဲ့ အထဲမှာ စာမျက်နှာ (၂) မှာယူဆရသူများဆိုတာ အဲ့မှာအားဆိုတာ အဲ့မှာဆုံးနေပါတယ်။ အဲ့ဒါလည်း စာကျန်နေခဲ့ပါတယ်။ ထပ်ပြီးတော့ ပြင်လိုက်ပါပြီ။ ရပါပြီ။

**ဥက္ကဋ္ဌ**။ ။ ကဲစာလုံးပေါင်းတို့၊ သတ်ပုံတို့ ပြင်စရာများကျန်ပါသေးလား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင် ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုတဲ့အတိုင်း အတည်ပြုသွားရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အတိုင်းအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ သဘောမတူသူတစ်ယောက်ရှိပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူတစ်ယောက်ရှိပါတယ်။ သဘောမတူသော်လည်း အများစုကသဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရှင်းလင်းချက်ပေါ့။ ဒီနေ့လွှတ်တော်မှာ မူလလျာထားတဲ့အချိန်ထက်ပိုပြီးတော့ သုံးခဲ့ရပါတယ်။ အကြောင်းနှစ်ခုပါ။ တစ်ခုကတော့ မှန်မှန်ကန်ကန်မျှတစေချင်တဲ့အတွက် အချိန်ပေးဆွေးနွေးခိုင်းခြင်းကြောင့်လည်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အရေးကြီးအဆိုတင်ပြလာတဲ့အတွက်ဖြစ်ပါတယ်။ အရေးကြီးအဆိုကတော့ အချိန်မကြာပါဘူး။ မိနစ် ၂၀ လောက်နဲ့ပြီးသွားတာဖြစ်ပါတယ်။ အရေးကြီးအဆိုနဲ့ပတ်သက်ပြီးတော့ ဘာ့ကြောင့်အရေးကြီးအဆိုဖြစ်ရသလဲဆိုရင် ဒီနေ့မူလအစီအစဉ်ထဲမှာ ဒီဥပဒေကြမ်းထည့်သွင်းရေးဆွဲထားခြင်း မရှိပါဘူး။ သို့ရာတွင် ဒီနေ့လွှတ်တော်ကျင်းပတဲ့ရက်၊ ပြီးဆုံးမယ့်ရက်ပေါ်မူတည်ပြီးတော့ ဒီနေ့ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းဆွေးနွေးမှသာလျှင် ဒီတစ်ပတ်ပြီးမြောက်မယ့် လွှတ်တော်ရက်အတွင်းမှာ ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ဒီလိုဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်အောင် ကြိုးစားပမ်းစားဆောင်ရွက်ပေးတယ့် ဥပဒေကြမ်းကော်မတီကိုလည်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒီနေ့ဥပဒေကြမ်းကော်မတီအနေနဲ့ တင်ပြလာတဲ့ဥပဒေကြမ်းများအပေါ် မည်မျှအထိအချိန်ယူ၍ ဆောင်ရွက်ပေးခဲ့ရတယ်။ ဆောင်ရွက်ပေးနေတယ်ဆိုတာလည်း ဥပဒေကြမ်းကော်မတီမှာ ပါဝင်တဲ့ကိုယ်စားလှယ်များအားလုံးအသိဖြစ်မှာဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တို့ လွှတ်တော်မှာ တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အစားထိုးရန်ကိစ္စများ များစွာရှိသလို အသစ်ပြဋ္ဌာန်းရန် ဥပဒေများလည်း များစွာရှိနေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပိုမိုလျင်မြန်ပြီး ပိုမိုစနစ်ကျဖို့အတွက်လည်း လွှတ်တော်ကော်မတီအသီးသီးနှင့် ဆွေးနွေးညှိနှိုင်းမှုများလည်း ပြုလုပ်ထားတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလိုဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့ရဲ့အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးကိစ္စမှာ စိတ်ပါဝင်စားစွာနဲ့တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ဖို့လိုပါတယ်။ ဒီလိုမှကျွန်တော်တို့ မဆောင်ရွက်ဘူးဆိုလို့ရှိရင် တည်ဆဲဥပဒေများဟာ ဒီနေ့ခေတ်၊ ဒီနေ့စနစ်နဲ့ လိုက်လျောညီထွေမရှိဘူးဆိုလို့ရှိရင် ကျွန်တော်တို့လိုချင်တဲ့ တရားဥပဒေစိုးမိုးရေး အပါအဝင် နိုင်ငံသားများရဲ့အကျိုးစီးပွားကိုဘယ်လိုမှ တိတိကျကျလျင်လျင်မြန်မြန်ဖော်ဆောင်ရွက်နိုင်မှာမဟုတ်တဲ့အတွက် မိမိ

တို့သက်ဆိုင်တဲ့ မေးခွန်းများကိစ္စ၊ အဆိုများကိစ္စအပြင် ဥပဒေများကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့၊ အသစ်ပြဋ္ဌာန်းဖို့ကိစ္စများမှာလည်း ယခုလိုပဲ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ကြောင်းတင်ပြလိုပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်နေ့မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(၂၂) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၁၄ ရက် (ကြာသပတေးနေ့) ၁၀၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ၁၅း၂၅ နာရီအချိန်တွင် ပြီးဆုံးပါသည်။]